# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါဠိဝင်(ဓမ္မပဒ - ၁၁၆)**


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၆)၊ အမှတ် (၀၆၁)


# ရာသီဥတုပြောင်းလဲမှုများကိုတုံ့ပြန်နိုင်ရန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီး ယင်းစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန် အမျိုးသားစွမ်းဆောင်ရည်များ မြှင့်တင်တည်ဆောက်သွားရမည်ဖြစ်




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပဥ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်မိန့်ခွန်း ပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပဥ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒေါက်တာ အောင်သူ၊ ဦးဖေဇင်ထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှသံအမတ်ကြီးများ၊ အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအသင်း(မြန်မာ)မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ ပထမအကြိမ်စည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးသို့ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း အမှုဆောင်ဒါရိုက်တာ ဦးမင်းရဲပိုင်ဟိန်း၊ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ရရှိနေသည့် နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီများကို ပြည်သူများအတွက် အကျိုးအရှိဆုံးဖြစ်စေရန် ဖွံ့ဖြိုးမှုမိတ်ဖက်များ (Partners in Development) အားလုံးနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအတွက် ဖွံ့ဖြိုးမှုအကူအညီများ

*စာမျက်နှာ ၄ ကော်လံ ၁* ◆




မြန်မာ့အလင်း

# နိုင်ငံသူ နိုင်ငံသားတို့၏တာဝန်

ငြိမ်းချမ်းသာယာဖွံ့ဖြိုးသော နိုင်ငံဟူသော ဂုဏ်သတင်းသည် နိုင်ငံတိုင်းက လိုလားသော ဂုဏ်သတင်းဖြစ်ပါသည်။ အဘယ်ကြောင့် လိုလားကြပါသနည်း။ ဤဂုဏ်သတင်းသည် သက်ဆိုင်ရာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သောကြောင့် ဖြစ်ပါသည်။ တစ်ဖန် ဖွံ့ဖြိုးတိုးတက်မှုကလည်း တည်ငြိမ်သာယာမှုကို ထပ်ဆင့်ဖန်တီးပေးနိုင်သောကြောင့် ဖြစ်ပါသည်။ ငြိမ်းချမ်းသာယာသောနိုင်ငံသို့ ကမ္ဘာ့ပြည်သူတို့ လာရောက်လည်ပတ်ကြပါသည်။ ဤအချက်က တိုင်းပြည်စီးပွားရေးကို မြှင့်တင်ပေးပါသည်။ ငြိမ်းချမ်းသာယာသောနိုင်ငံသို့ နိုင်ငံတကာကုမ္ပဏီများက လာရောက်ရင်းနှီးမြှုပ်နှံကြပါသည်။ ဤအချက်က တိုင်းပြည်စီးပွားရေးကို မြှင့်တင်ပေးပါသည်။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းသာယာဖွံ့ဖြိုးသောနိုင်ငံဟူသော ဂုဏ်သတင်းရရှိရေးသည် နိုင်ငံသူ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။

စီးပွားရေးဆုတ်ယုတ်၍ လုံခြုံတည်ငြိမ်မှုပျက်ပြားနေသောနိုင်ငံဟူသော မကောင်းသတင်းသည် နိုင်ငံတိုင်းကမလိုလားသော သတင်းဖြစ်ပါသည်။ ဤသို့သော သတင်းမဆိုထားဘိ၊ ကောလာဟလသည်ပင် သက်ဆိုင်ရာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပါသည်။ ထိုကဲ့သို့ ဂုဏ်သိက္ခာကိုထိခိုက်ပါက သက်ဆိုင်ရာနိုင်ငံသို့ ကမ္ဘာ့ပြည်သူများ လာရောက်လည်ပတ်ကြမည် မဟုတ်ပါ။ ထိုသို့သာ ဖြစ်ပွားပါက အဆိုပါနိုင်ငံ၏ စီးပွားရေးကို ထိခိုက်စေမည်ဖြစ်ပါသည်။ ဤမျှသာမက အဆိုပါနိုင်ငံသို့ နိုင်ငံတကာ၏ ရင်းနှီးမြှုပ်နှံမှုတို့ ဝင်ရောက်မှုသည် နှေးကွေးသွားမည်(သို့မဟုတ်) ရပ်ဆိုင်းသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စီးပွားရေးဆုတ်ယုတ်၍ လုံခြုံတည်ငြိမ်မှုပျက်ပြားနေသော နိုင်ငံဟူသော သတင်းဆိုးမထွက်ရေးသည် နိုင်ငံသူ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။

သို့သော် နိုင်ငံ၏ နိုင်ငံရေး၌ဖြစ်စေ၊ စီးပွားရေး၌ဖြစ်စေ၊ လူမှုရေး၌ဖြစ်စေ ပြဿနာတို့တည်ရှိနေပါက၊ အဆိုပါပြဿနာတို့ကို ဖုံးအုပ်၍ ဂုဏ်သတင်းကောင်းရရှိရန် ကြိုးပမ်းခြင်းဖြစ်ပါက အောင်မြင်မည် မဟုတ်ပါ။ ဤနေရာ၌ သတိပြုရမည်မှာ နိုင်ငံတိုင်း နိုင်ငံတိုင်း၌ ပြဿနာတို့ကို မရှောင်လွှဲနိုင်သော ပကတိအခြေအနေတို့ ရှိနေတတ်သည့် သဘာဝဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မည်ကဲ့သို့သော ပြဿနာမျိုးသည် မည်ကဲ့သို့သော အဆင့်၌ ငြိမ်းချမ်းသာယာဖွံ့ဖြိုးမှုကို ထိခိုက်စေသည်ဟူသော အချက်အပေါ် အသေအချာ စိစစ်သုံးသပ်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ နယ်စပ်ဒေသ၌ တိုက်ပွဲအချို့ဖြစ်ပွားနေသည် ဆိုပါစို့၊ ထိုမျှဖြင့် အိန္ဒိယနိုင်ငံ၏ တည်ငြိမ်မှုကို ထိခိုက်နေသည် (သို့မဟုတ်) ပါကစ္စတန်နိုင်ငံ၏ တည်ငြိမ်မှုကို ထိခိုက်နေသည်ဟု အဆောတလျင် ကောက်ချက်ချရန် မဖြစ်နိုင်သည်မှာ ထင်ရှားသောအချက် ဖြစ်ပါသည်။

ပို၍ စိုးရိမ်စရာကောင်းသည်မှာ ကမ္ဘာ့နိုင်ငံများစွာတို့၌ သေးငယ်သော ပြဿနာတို့ကိုအကြောင်းပြု၍ တိုင်းပြည်၏ ငြိမ်းချမ်းသာယာဖွံ့ဖြိုးမှု ပျက်ပြားနေသယောင်ယောင် နိုင်ငံရေးတိုက်ကွက်ဖော်၍ လှုံ့ဆော်တတ်ခြင်းဖြစ်ပါသည်။ တိုင်းပြည်အပေါ် အမှန်တကယ်စေတနာရှိသော နိုင်ငံသူ နိုင်ငံသားတိုင်းသည် ငြိမ်းချမ်းသာယာဖွံ့ဖြိုးသောနိုင်ငံဟူသော ဂုဏ်သတင်းကို မထိပါးစေရန် မိမိတို့တတ်နိုင်သော အခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

## မိုးညို၌ တောင်သူပညာပေးသင်တန်းဖွင့်

**မိုးညို နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ တောင်သူပညာပေးသင်တန်း ဖွင့်လှစ်သင်ကြားသည့် အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁) ဦးဝင်းကိုက အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးအောင်ဆန်းဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးရွှေအိုးနှင့် မြို့နယ်အတွင်းရှိ တောင်သူသင်တန်းသား ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းနည်းပြအဖြစ် တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒေါ်ခင်မြင့်မြင့်၊ ဒေါ်စန်းမြင့်၊ ဒေါ်တင် ဖတင်ထွေးတို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



# သာသနဝံသကျောင်းဆောင်တော်သစ် ရေစက်ချအလှူတော်မင်္ဂလာပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၉**

မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ဆာဝါဒီဟိုတယ်ပိုင်ရှင် အလှူရှင် ဦးမင်းကျော်ဇော - ဒေါ်ဖြူစင်ချမ်းမြေ့မိသားစုတို့က ငွေကျပ်သိန်း ၅၄၀ ကျော် အကုန်ကျခံ တည်ဆောက်ပြီးစီးခဲ့သည့် မွန်ပြည်နယ် တောင်ဝိုင်းဘုရားလမ်း ဗုဒ္ဓဝင်ဘုရားရှေ့ရှိ ဇေတဝန်ကျောင်းတိုက်ပရိဝုဏ်အတွင်း သာသနဝံသကျောင်းဆောင်တော်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ယင်းကျောင်းတိုက်၌ ကျင်းပသည်။

ဆက်လက်၍ သာသနဝံသ ကျောင်းဆောင်တော်သစ် မုခ်ဦးအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးဝင်း-ဒေါ်ကြင်ဝေစီနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မော်လမြိုင်မြို့သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ၊ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလက စက်ခလုတ်နှိပ်ဖွင့်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း သံတွဲသိုလှောင်ရုံဖွင့်ပွဲ ကျင်းပ

**သံတွဲ နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သံတွဲသိုလှောင်ရုံဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့တွင်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ICRC မှ Mr.Domink Ltrban၊ Ms.Leslie Leach , မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှနှင့် ဗဟိုကောင်စီဝင် ပြည်နယ်ဦးစီးပထမတန်း ဦးမြင့်ထွေးတို့က သံတွဲသိုလှောင်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက အမှာစကားပြောကြားပြီး သံတွဲသိုလှောင်ရုံနှင့် ပတ်သက်သည့် အထောက်အထားဆိုင်ရာများကို ICRC မှ Ms. Leslie Leach က မြန်မာနိုင်ငံကြက်ခြေနီ အသင်းသို့ လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက လက်ခံရယူသည်။

အဆိုပါ သံတွဲသိုလှောင်ရုံမှာ (၆၀× ၄၀×၂၄) ပေရှိ အာစီ သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ပြီး (ICRC) မှ သိန်းပေါင်း ၁၀၉၅ သိန်း အကုန်အကျခံကာ ဆောက်လုပ်ပေးခြင်းဖြစ်ပြီး သိုလှောင်ရုံတွင် အိမ်ထောင်စုပေါင်း ၂၅၀ ကျော်အတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို သိုလှောင်နိုင်ပြီး သံတွဲမြို့အတွက် သာမကသံတွဲခရိုင်အတွင်းရှိ သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသအားလုံး အကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

# စည်းကမ်းမဲ့အမှိုက်စွန့်ပစ်နေမှုများအား ထိရောက်စွာအရေးယူဆောင်ရွက်ပေးစေလို



သံတွဲမြို့ အမှတ်(၁) ရပ်ကွက် ဗိုလ်ချုပ်လမ်း အထက(၁) ကျောင်းရှေ့ရှိ နံတော်တောင်ချောင်းနံဘေးလမ်းကမ်းပါးတွင် အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်နေမှုများကြောင့် လမ်းကမ်းပါးတစ်လျှောက်လုံးပုံနေလျက်ရှိသည်။

အဆိုပါ အမှိုက်ပုံမှအနံ့ဆိုးများ ထွက်ပေါ်နေသဖြင့် လမ်းသွားလမ်းလာပြည်သူများ၊ အထက(၁)ရှိ ကျောင်းသားကျောင်းသူများနှင့်ဆရာဆရာမများ၊ အနီးပတ်ဝန်းကျင်ရှိ ပြည်သူများကျန်းမာရေးထိခိုက်စေနိုင်သဖြင့် သက်ဆိုင်ရာမှ တာဝန်ရှိသူများက ထိရောက်စွာ အရေးယူဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

အဆိုပါအမှိုက်ပုံရှေ့တွင် ယခင်ကစည်ပင်အမှိုက်ကန်ရှိ၍ အနံ့ဆိုးများ ထွက်သဖြင့် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၏ တင်ပြမှုကြောင့် အမှိုက်ကန်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်နေမှုများကြောင့် ပတ်ဝန်းကျင်သာယာလှပမှုကို ပျက်စီးစေခြင်း၊ ကျန်းမာရေးကိုထိခိုက် စေနိုင်သောကြောင့် ပြည်သူများ၏ ကျန်းမာရေးကိုထောက်ရှုသောအားဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံး ဖယ်ရှားသန့်ရှင်းမှု ပြုလုပ်ပေးစေလိုကြောင်း ပြည်သူများထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၅၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၀/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆ · ၇၉ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ · ၅၀ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၁)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

✻ *ရှေ့ဖုံးမှ*

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ကမ္ဘာနှင့်တစ်ဝန်းတွင် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု တိုးပွားလာခြင်း၏ ဆိုးကျိုးများ၊ ဂေဟစနစ်လျင်မြန်စွာ ယိုယွင်းပျက်စီးနေမှုများ၊ သစ်တောပြုန်းတီးမှုများ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်ဆုံးရှုံးမှုများ၊ လေထု၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ ရေကန်၊ မြေထု ညစ်ညမ်းမှုများနှင့် ကူးစက်ရောဂါများ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိ ပျံ့နှံ့နေမှု စသည့် ဖြေရှင်းရန်ခက်ခဲလှသည့် ပြဿနာများကို မြန်မာနိုင်ငံအနေဖြင့်လည်း ကြုံတွေ့ခံစားနေရပါကြောင်း။

မိမိတို့အားလုံးကို ထိခိုက်မှုများ ဖြစ်စေသော ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ယိုယွင်းပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲမှုများကို တုံ့ပြန်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း။

**သဘောတူညီချက်များ ချမှတ်ပြီးဖြစ်**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခံနိုင်ရည်ပြည့်ဝစေရေး၊ တန်းတူညီမျှမှုရှိစေရေးနှင့် အလုံးစုံပါဝင်သည့် အနာဂတ်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ သဃံဇာတ အရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာကိစ္စရပ်များ၏ ဖြေရှင်းရခက်သည့် ဆက်စပ်နေမှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် အရေးတကြီး လိုအပ်သည့်မူဝါဒများ၊ မဟာဗျူဟာများနှင့် လက်တွေ့ဆောင်ရွက်မှုများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေသည့် သဘောတူညီချက်များကို ကုလသမဂ္ဂညီလာခံများတွင် ချမှတ်ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုဖြစ်သည့် ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်၊ ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ၊ ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ထုတ်လုပ်မှုနှင့် သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး စသည့် လတ်တလောချမှတ်ဆောင်ရွက်ခဲ့သည့် နိုင်ငံတကာကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့အားလုံးနှင့် နောင်လာနောက်သားများ အပေါ် အမှန်တကယ် ဆိုးကျိုးဖြစ်ပေါ်စေမည့် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတွင် အလေးအနက်ထား ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ဆင်းရဲမှုလျှော့ချရန်နှင့် ငတ်မွတ်ခေါင်းပါးမှုကို တားဆီးရန်၊ ကလေးသူငယ်များ အာဟာရချို့တဲ့မှုနှင့် ဖွံ့ဖြိုးမှုနိမ့်ကျနေမှု ပပျောက်စေရန်၊ ဘေးကင်းလုံခြုံပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရန်၊ အရည်အသွေးပြည့်မီသည့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးရန်၊ သဘာဝဘေးအန္တရာယ်များနှင့်အခြားသော ဦးစားပေးကိစ္စရပ်များကို လျင်မြန်စွာတုံ့ပြန် ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ယင်းတို့ကို မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ ရင်ဆိုင်ကြုံတွေ့နေပြီး အတူတကွ ဖြေရှင်းဆောင်ရွက်ရမည့် ဦးစားပေးကိစ္စရပ်များ ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ယင်းစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန်အတွက် မိမိတို့၏ အမျိုးသား စွမ်းဆောင်ရည်များကို မြှင့်တင်တည်ဆောက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့သည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးခြားသော ပြောင်းလဲမှုကို ဦးတည်စေသည့် လမ်းကြောင်းနှင့် ပေါင်းစည်းဆောင်ရွက်သွားရမည့် အခွင့်အလမ်းများကို ဖော်ထုတ်သတ်မှတ်ပြီး ရရှိသည့် အခွင့်အလမ်းများအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့် နေရာတွင်လည်း စရိတ်ကုန်ကျမှုများပြားပြီး ရေရှည်တည်တံ့နိုင်မှု မရှိသည့်၊ ပြည့်စုံမှုမရှိသည့် မူဝါဒများနှင့် စီမံကိန်းများကို ရှောင်ရှားရမည် ဖြစ်ပါကြောင်း။

**ဆွေစဉ်မျိုးဆက်အခွင့်အလမ်းဖြစ်**

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ တွေ့ကြုံခဲ့ရသည့် သင်ခန်းစာများမှ အကျိုးကျေးဇူးများ အသေအချာရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူသားနှင့် သဘာဝ သဃံဇာတ အရင်းအမြစ်ပေါများသည့် ဖွံ့ဖြိုးစနိုင်ငံတစ်နိုင်ငံအနေဖြင့် ရေရှည်တည်တံ့သည့်၊ ခံနိုင်ရည်ရှိသည့်၊ စနစ်ကျသည့်၊ အလုံးစုံပါဝင်သည့်၊ ညီညွတ်မျှတသည့် ပြုပြင်ပြောင်းလဲမှုများအတွက် အလားအလာကောင်းများ ရှိနေပါကြောင်း၊ ထိုအချက်များသည် မိမိတို့ ရရှိနိုင်ရန် ရည်မှန်းထားသည့် ဆွေစဉ်မျိုးဆက်ဆိုင်ရာ အခွင့်အလမ်းတစ်ရပ် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ရရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် ပင်မလုပ်ငန်းစဉ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ မူဘောင်နှင့် စွန့်ပစ်ပစ္စည်းစီမံမှုဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

**ပညာရေးမြှင့်တင်**

မိမိအနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်မည့် အစိမ်းရောင်စီးပွားရေး ကူးပြောင်းဆောင်ရွက်မှု နည်းလမ်းများအနေဖြင့် စွမ်းအင်အသစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အချိန်ကာလသတ်မှတ်ချက်နှင့် အတူ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုရေးအတွက် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ခြင်း၊ စွမ်းအင်၊ ရေ၊ မြေနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှု ပုံစံဆိုင်ရာ အပြုအမူနှင့် အလေ့အကျင့်ကောင်းများ ပြောင်းလဲခြင်း၊ စွန့်ပစ်ပစ္စည်းကို အရင်းအမြစ်တစ်ခုအဖြစ် အလေးထားစဉ်းစားရမည့် အခြေခံသဘောတရားများ ပြောင်းလဲခြင်း၊ ဆန်းသစ်တီထွင်ဖန်တီးမှုများကို အထောက်အပံ့ဖြစ်စေမည့် စီးပွားရေးဆိုင်ရာမက်လုံးပေးမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများ ဖန်တီးခြင်းနှင့် အခွင့်အလမ်းများပေါ်ထွက်လာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ပညာရေးမြှင့်တင်ခြင်းတို့ကို ဖော်ညွှန်းလိုပါကြောင်း။

ဖိုရမ်အစီအစဉ်တွင် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် မူဝါဒများ၊ မဟာဗျူဟာများ၊ ဘဏ္ဍာရေးကိစ္စများ၊ နည်းပညာများ၊ အကောင်းဆုံးစီမံခန့်ခွဲမှုများ၊ ပညာရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသွားမည်ဟု သိရပါကြောင်း၊ ခေါင်းစဉ်များသည် ကဏ္ဍအလိုက် သင့်လျော်သည့် အဆိုပြုမှုများ၊ အသိပညာပိုင်းဆိုင်ရာများနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရန်အတွက် ပြည့်စုံသည့် အစီအစဉ်တစ်ရပ် အနေဖြင့် အထောက်အကူ ဖြစ်စေပါကြောင်း။

ဖိုရမ်မှ ထွက်ပေါ်လာမည့် ဆွေးနွေးညှိနှိုင်းမှုရလဒ်များသည် ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံတွင် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုကို အလေးထား ဆောင်ရွက်နိုင်ရန် အသုံးဝင်သည့် အကြံဉာဏ်များ၊ ထည့်သွင်းဆောင်ရွက်ရမည့် အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်နှစ်ခု ဖြစ်သည့် ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်မြဲစေရန်နှင့် အထောက်အကူ ဖြစ်စေရန်အတွက် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ချဉ်းကပ်မှုနှင့် အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင် ရေးဆွဲရန် ဆုံးဖြတ်ခဲ့ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

**စီမံခန့်ခွဲရန် အရေးကြီး**

မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သူမတူသည့် အခွင့်အလမ်းများ ရှိပါကြောင်း၊ အစိမ်းရောင် စီးပွားရေးလမ်းစဉ်ကို လျှောက်လှမ်းရန် စတင်ရမည့် အချိန်သည် ယခုအချိန်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားရ အလွယ်ဆုံးသော နိုင်ငံများအနက် တစ်ခု အပါအဝင်ဖြစ်သည့်အတွက် နိုင်ငံသားများ၊ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးမှုကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲရန် အလွန်ပင် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း အဖွဲ့ဝင် ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vikram Misri၊ နော်ဝေသံအမတ်ကြီး Mr. Tone Tinnes နှင့် Global Environmental Action မှ Director-General ဖြစ်သူ Madam Wakako Hironaka တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အသင်းတည်ထောင်သူ ပါမောက္ခ ဦးနေထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အထောက်အကူပြုနိုင်မည်**

နံနက် ၁၀ နာရီခွဲတွင် ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပမှဆွေးနွေးသူ ၈၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြောင်းနှင့် ယခုဖိုရမ်သည် စဉ်ဆက်မပြတ်ရှိစေမှုနှင့် ပြန်လည်ဖွံ့ဖြိုးလာစေရန် အားလုံးပူးပေါင်းပါဝင်ချဉ်းကပ်လုပ်ဆောင်မှုအတွက် လမ်းကြောင်း ဖော်ဆောင်ပေးနိုင်မည့်အပြင် စားပွဲဝိုင်းဆွေးနွေးပွဲများ၊ စုပေါင်းတင်ပြချက်များသည် မူဝါဒများ၊ မဟာဗျူဟာများ၊ ကောင်းမွန်သော စီမံခန့်ခွဲမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ သိပ္ပံနှင့် နည်းပညာများအတွက် အကျယ်တဝင့် ရေးသားချက်များကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ယခုဖိုရမ်ကို အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ **"လက်ရှိကာလ၏ အရေးတကြီးလိုအပ်မှုနဲ့ စံနမူနာပြောင်းလဲမှုအတွက် ဘယ်လိုဆောင်ရွက်မလဲ"** (Greening of Economic Growth, Challenges and opportunities-The Urgency of Now and How for Transformational Paradigm Change) ဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး လတ်တလော ဦးတည်နေသည့် အလားအလာများကို ပြောင်းလဲပြီး ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့် ဆောင်ရွက်မှုများကို ခြုံငုံမိစေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အရေးပါပြီး အချိန်ကိုက်ဖြစ်နေကြောင်းသိရသည်။

ပဉ္စမအကြိမ်အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ နိုဝင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းအား ဆွစ်ဇာလန်သံအမတ်ကြီးအဖြစ်ပူးတွဲခန့်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းအား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးအောင်ထူးအား တီမောလက်စ်တေ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ထူးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ညှိနှိုင်းရေးအဖွဲ့ Development Assistance Coordination Unit (DACU) ကိုဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

DACU အနေဖြင့် မြန်မာနိုင်ငံမှထပ်မံရရှိလာမည့် ဖွံ့ဖြိုးမှုအကူအညီများကိုပိုမို ထိရောက်မှုရှိစေရန်၊ ညှိနှိုင်းပေါင်းစပ်မှုအားကောင်းလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး DACU ၏ လုပ်ဆောင်ချက်ကို နိုင်ငံတကာမှ လက်ခံထားသည့်ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် မြန်မာနိုင်ငံသည် အိမ်ရှင်နိုင်ငံအဖြစ် ပိုင်ဆိုင်မှု (Ownership)၊ ခေါင်းဆောင်မှုနှင့် လမ်းညွှန်မှုတို့ဖြင့် ဖွံ့ဖြိုးမှုအကူအညီ ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ဒုတိယအချက်အနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးကူညီမှုကို မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှု ဦးစားပေးလုပ်ငန်းများ၊ မူဝါဒများနှင့်ကိုက်ညီစေရေးအတွက် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်စေမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် သိသာထင်ရှားသည့် ဖွံ့ဖြိုးမှုရလဒ်များရရှိရေးအတွက် မြန်မာပြည်သူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ပြည်သူလူထုများအပေါ် တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေးဟူသည့် သဘောတရားအရ DACU သည် မြန်မာနိုင်ငံတွင်ရှိသည့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအားလုံးနှင့် ပုံမှန်ထိတွေ့ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းအားလုံးဆိုရာတွင် traditional သာမက non-traditional မိတ်ဖက်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှာ အလွန်အရေးကြီးသည်ကို အသိအမှတ်ပြုထားကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ (basic infrastructure) လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အထောက်အပံ့နှင့် ချေးငွေများကိုသာ အားကိုးနေ၍ မရကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများရရှိလာစေရန် အစိုးရ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံး အတူတကွ ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် တန်ဖိုးရှိသည့် အကူအညီများကို အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများနှင့် ကိုက်ညီလာရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGO များ၊ ပြည်တွင်းပြည်ပအလှူရှင်များနှင့် ပိုမိုပေါင်းစည်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

DACU ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက ကူညီပံ့ပိုးပေးမည်ဖြစ်သည့်အပြင် မြန်မာဖွံ့ဖြိုးမှု အဖွဲ့အစည်း (Myanmar Development Institute) ၏ အကူအညီကိုလည်း ရယူသွားမည်ဖြစ်ကြောင်း၊ DACU လုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာတစ်ခုလုံးမှ မိတ်ဆွေများအားလုံး၏ ရက်ရောသည့် စိတ်စေတနာနှင့် ထောက်ပံ့ကူညီမှုများသည် မြန်မာနိုင်ငံမှ ပြည်သူလူထု၏ အနာဂတ်ဘဝတိုးတက်ရေးအတွက် အထိရောက်ဆုံး သုံးစွဲနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr.Vikram Misri အား ယနေ့ မွန်းလွဲ ၃နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ သမိုင်းအစဉ်အဆက်အရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံအနေဖြင့် ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။
**(သတင်းစဉ်)**



# ဒုတိယအကြိမ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာ-ဩစတြေးလျနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီးသည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms.JuliaBishop နှင့် ကင်ဘာရာမြို့ ပါလီမန်အဆောက်အအုံရှိ ၎င်း၏ရုံးခန်း၌ သွားရောက်တွေ့ဆုံသည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ပိုမိုခိုင်မာရေး၊ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်ရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။ ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာ-ဩစတြေးလျနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်သည်။ အဆိုပါတွေ့ဆုံမှုနှင့်ဆွေးနွေးပွဲတို့သို့ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့်လည်း တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ Deputy Secretary Mr. Gary Quilan AO တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးမူဝါဒသဘောထားနှင့်ပတ်သက်၍ လည်းကောင်း၊ နှစ်နိုင်ငံ အပြန်အလှန်သွားရောက်လည်ပတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့နှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြပြီး အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှု၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် လူကုန်ကူးမှုတားဆီးရေး ကိစ္စများအပါအဝင် ဒေသတွင်းကိစ္စရပ်များ၊ နျူကလီးယားလက်နက်မပြန့်ပွားရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့တွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ မြန်မာနိုင်ငံမှ ကျောင်းသားများ ဩစတြေးလျနိုင်ငံသို့ လာရောက်ပညာသင်ကြားရေးအပါအဝင် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စ၊ ဒေသတွင်း ကုန်သွယ်မှုဆိုင်ရာကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ဩစတြေးလျနိုင်ငံမှ အကူအညီပေးရေး ကိစ္စတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး ဒုတိယဝန်ကြီးသည် ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေအပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုတို့ကို ရှင်းလင်းပြောကြားသည်။
**(သတင်းစဉ်)**

❀ ကျောဖုံးမှ

ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သည့်စစ်တမ်းများ ကောက်ယူရေးအတွက် **“မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း”** ကောက်ယူရေး လုပ်ငန်းစဉ် အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **ခိုင်မာသည့်စာရင်းအင်းများနှင့် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများအချိန်နှင့်တစ်ပြေးညီ ကောက်ယူရရှိနိုင်ရန် အားထုတ်ကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရမည်**ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စာရင်းအင်းအချက်အလက်များ အရည်အသွေးပြည့်ဝမှန်ကန်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများ၌ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဝန်ကြီးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးဖွဲ့စည်းခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် ဌာနအဖွဲ့အစည်းများ၏ ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်းအချက်အလက်များကိုစုစည်းပြီး စိစစ်သုံးသပ်အကဲဖြတ်မှုများ ပြုလုပ်မှသာ စီးပွားရေး၊ လူမှုရေးနှင့် သက်ဆိုင်သည့် မူဝါဒများနှင့် ဆုံးဖြတ်ချက်များ မှန်ကန်စွာချမှတ်နိုင်မည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏ အမျိုးသား စာရင်းစနစ်သည် မူဝါဒဆုံးဖြတ်ချက်ချမှတ်သူများ၊ လူမှုအဖွဲ့အစည်းများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားစာရင်းအင်းသုံးစွဲသူများအတွက်သာမက နိုင်ငံတကာ၏ ယုံကြည်စိတ်ချရသည့် စာရင်းအင်းအဖြစ် အသိအမှတ်ပြုနိုင်သည့် အနေအထားတစ်ရပ်အဖြစ် ရောက်ရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်ကြရမည်**ဖြစ်ကြောင်း၊ စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း အသေးစိတ်ဆွေးနွေးကြစေလိုကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လိုအပ်သည့်မူဝါဒများ မှန်ကန်စွာချမှတ်နိုင်ရေးအတွက် အခြေခံရမည့်စာရင်းအင်းအချက်အလက် မှန်ကန်ညီညွတ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် က စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးများနှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအဖွဲ့ဝင်များက စာရင်းအင်းအချက်အလက် မှန်ကန်စွာကောက်ယူရေးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တွေ့ဆုံအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည် မိသားစုများကို သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ခွဲစိတ်ဆောင်၌ တက်ရောက်ကုသလျက်ရှိသော ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်တို့ကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ အထူးကြပ်မတ်ကုသဆောင်၌ ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသပေးမှုအခြေအနေကို ကြည့်ရှု၍ မိသားစုဝင်များအား စားသောက်ဖွယ်ရာနှင့် ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးကုသမှုခံယူနေသော စစ်သည်တစ်ဦးကို အားပေးစကားပြောကြားစဉ်

# CEDAW၊ NSPAW နှင့် GENDER လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂၉**

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) နှင့် ကျား၊ မ တန်းတူညီမျှရေး (GENDER) လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ရှင်းလင်းဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဟောပြောပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နော်သဝါးက ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှု ပုံစံအမျိုးမျိုးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) တို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ Gender Group မှ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါ်မေမီပြုံးက CEDAW သဘောတူစာချုပ်ပါ အချက်အလက်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

အထက်ပါ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောပွဲကို ဝန်ကြီးဌာန ခုနစ်ခု၌ ၁၃ ကြိမ် ရှင်းလင်းဟောပြောခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် နိုဝင်ဘာ ၂၈ ရက်က ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက အလှူငွေ ၁၁၉၁၁၈၁၄ ကျပ်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးခင်မောင်လေး (ခ)ဖိုးသောကြာ (ခေတ်+မိုး)နှင့် ကောင်စီဝင်များက လက်ခံရယူစဉ်**

အောင်သူရ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယခုအကြိမ်ကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ စုစုပေါင်း ၄၄ တွဲနှင့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၄၀၄၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချနိုင်ခဲ့သည်။

ယခု ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ၁၀ ရက်ကြာ ကျင်းပခဲ့ပြီး ပြပွဲနောက်ဆုံးနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၌ ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လွတ်လပ်စွာ လှည့်လည်ကြည့်ရှုကြပြီး မိမိတို့ ကြိုက်နှစ်သက်ရာ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် အပြိုင်ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့တွင် အခြေခံဈေး ယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် အတွဲအမှတ် ၅၉၅၈ မှ အတွဲအမှတ် ၅၉၈၈ တွဲအထိ စုစုပေါင်း ကျောက်စိမ်းအတွဲ ၃၁ တွဲကို ဈေးပြိုင်စနစ်ဖြင့် နံနက် ၉နာရီမှစတင်၍ ထပ်မံရောင်းချပေးခဲ့ပြီး ညနေ ၅နာရီခွဲတွင် ၂၀၁၆ ခုနှစ် မြန်မာ့နှစ်လယ်ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပ ပြီးစီးခဲ့သည်။

ယခုကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်တွင် ကျောက်မျက်အတွဲ ၃၀၇ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲ ၁၃၂ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း စုစုပေါင်းကျောက်မျက်အတွဲ ၄၃၉ တွဲကို ရောင်းချပေးခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ အခြေခံဈေး ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ ၅၉၂၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချပေးခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၂၈ ရက်တွင် အခြေခံဈေး ယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ ၃၅ တွဲနှင့် နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၃၁ တွဲတို့ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# စိမ်းလန်းစိုပြည်သာယာမှုများနှင့် သန့်ရှင်းသပ်ရပ်လှပစေသော ...နေပြည်တော်

**မေဓာဝင်းထွန်း**



စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသပ်ရပ်သော နေပြည်တော်အတွင်းရှိ မြို့တွင်းလမ်းတစ်နေရာကို တွေ့ရစဉ်

နေပြည်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိုးရဌာနများ ရုံးစိုက်ရာမြို့တော်ဖြစ်ပြီး လူဦးရေတိုးပွားလာခြင်း၊ ကျေးလက်နေပြည်သူများ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် မြို့သစ်များတိုးပွားလာခြင်းတို့ဖြင့် အလျင်အမြန် ဖွံ့ဖြိုးလျက်ရှိသည်။ နေပြည်တော်အား ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့ဟောင်း သုံးမြို့နယ်အပါအဝင် မြို့သစ်များဖြစ်သည့် ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိနှင့် ဇေယျာသီရိမြို့နယ် ငါးမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်ဖြင့်ဖွဲ့စည်းထားပြီး လူဦးရေ တစ်သန်းခန့် နေထိုင်လျက်ရှိသည်။

ယခုဆိုလျှင် နေပြည်တော်တည်ထောင်လာသည့်သက်တမ်းမှာ ၁၀ နှစ်ကျော်ကာလရှိခဲ့ပြီ ဖြစ်ပါသည်။ နေပြည်တော်ပတ်ဝန်းကျင်တစ်ခွင်နှင့် လမ်းလယ်ကျွန်းများတွင် သစ်တော၊ သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိပြီး ပြည်သူများ အနားယူအပန်းဖြေစရာနေရာများဖြစ်သော အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ပရဆေးဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်များအပြင် ရွှေတိဂုံစေတီတော်ပုံတူဉပ္ပါတသန္တိစေတီတော်၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီးများကိုလည်း တည်ထားပြီးဖြစ်၍ အများပြည်သူ ဖူးမြော်နိုင်ကြပြီဖြစ်သည်။ နေပြည်တော်အတွင်းရှိ လမ်းမကြီးများမှာလည်း အစဉ်သန့်ရှင်း၍ အမှိုက်များကင်းစင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

### စီမံချက်လုပ်ငန်းများချမှတ်ဆောင်ရွက်

နေပြည်တော်နယ်နိမိတ်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် အဓိကပါဝင်ဆောင်ရွက်နေသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကော်မတီသည် နေပြည်တော်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်လာစေရန် ရည်ရွယ်၍ စီမံချက်လုပ်ငန်းများချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်နယ်နိမိတ်အတွင်း အမှိုက်များကင်းစင်၍ အစဉ်အမြဲသန့်ရှင်းနေစေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် နေပြည်တော်နယ်နိမိတ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြို့နယ်ရှစ်မြို့နယ်တွင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများဖွင့်လှစ်ထားရှိပြီး အမှိုက်သိမ်းယာဉ် ၆၇ စီး၊ သန့်ရှင်းရေးလုပ်သား ၃၇၄ ဦးခန့်ဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်နယ်နိမိတ်အတွင်း ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်တစ်ခုတည်းကိုသာအသုံးပြုရာ အမှိုက်သိမ်းယာဉ်လာသည့်အချိန်တွင် နေထိုင်သူ များသိစေရန်အတွက် ခေါင်းလောင်းတီးပေးသည်။ ၎င်းခေါင်းလောင်းသံကြားသည့်အခါ ရပ်ကွက်အတွင်းနေထိုင်သူများက အမှိုက်များကို အမှိုက်သိမ်းယာဉ်ပေါ်သို့ လာရောက်စွန့်ပစ်ကြခြင်းဖြစ်သည်။ ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်စွန့်ပစ်သိမ်းဆည်းခြင်းမှာ အခြားမြို့ကြီးများကဲ့သို့ အမှိုက်ပုံကြီးများ မပေါ်ပေါက်လာစေရေးနှင့် အမှိုက်နှင့်ပတ်သက်လျှင် လူတိုင်းကိုယ်စီတာဝန်သိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် အလေ့အထကိုရရှိအောင် ဖော်ဆောင်နေခြင်းဖြစ်သည်။

### အမှိုက်စွန့်ပစ်ရန်အမှိုက်ပုံးများ ထားရှိပေးထား

နေ့စဉ်၊ တစ်ရက်ခြား စသည်ဖြင့် အမှိုက်သိမ်းဆည်းပေးမည့်နေ့ရက်နှင့် သတ်မှတ်အချိန်အား လစဉ်ရေးဆွဲ၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ကြိုတင်ပေးပို့ထားပြီး ရပ်ကွက်အလိုက် နေ့စဉ်သတ်မှတ်အချိန်များတွင် အလုံပိတ်အမှိုက်သိမ်းယာဉ် များဖြင့် သိမ်းဆည်းပေးခြင်းဖြစ်သည်။ လူစည်ကားရာနေရာများ၊ ကျောင်းများ၊ ကား မှတ်တိုင်များ၊ ရုပ်ရှင်ရုံနှင့် Super Market အစရှိသည့်နေရာများတွင် အမှိုက်စွန့်ပစ်ရန်အမှိုက်ပုံးများ ထားရှိပေးထားသည်။ ဈေးမှထွက်သည့် အမှိုက်များအားသိမ်းဆည်းရာတွင် Mobile အမှိုက်ကန်များထားရှိစွန့်ပစ်စေ၍ နေ့စဉ်သိမ်းဆည်းလျက်ရှိသည်။ Hotel များ၊ Super Market များ၊ စားသောက်ဆိုင်များ၊ Company များ၊ ရုပ်ရှင်ရုံများနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ အမှိုက်စွန့်ပစ်ရန် အမှိုက်သိမ်းယာဉ် သီးခြားခေါ်ယူလိုသည့်အခါ ဌာနမှသတ်မှတ်ထားသော အမှိုက်သိမ်းယာဉ်ငှားရမ်းခပေးသွင်းစေ၍ သိမ်းဆည်းနေခြင်းဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းများမှ စွန့်ပစ်အမှိုက်များအား သိမ်းဆည်းပေးရာတွင် ပြည်သူ့ဆေးရုံကြီးများနှင့် နေပြည်တော်စည်ပင်မှ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအား နေ့စဉ် အမှိုက်သိမ်းဆည်းပေးပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအား ဌာနမှသတ်မှတ်ထားသော အမှိုက်သိမ်းဆည်းခပေးသွင်းစေ၍ တစ်ပတ်လျှင် နှစ်ကြိမ် သိမ်းဆည်းနေသည်။ သာမန်စွန့်ပစ်အမှိုက်များကို အမှိုက်ကွင်း၌စွန့်ပစ်ပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများအား အမှိုက်ကွင်းရှိ သတ်မှတ်နေရာတွင် မြေကျင်းတူး၍ စွန့်ပစ်ခြင်း၊ ကွေ့ကြီးသုသာန်တွင် မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်အတွင်းရှိ လမ်းမကြီးများ အစဉ်အမြဲသန့်ရှင်းနေစေရန်အတွက် နိုင်ငံတကာအဆင့်မီ အမှိုက်လှဲသိမ်းယာဉ် (Road Sweeper) များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

### နေ့စဉ်တိုက်ရိုက်ပို့ဆောင်စွန့်ပစ်လျက်ရှိ

နေပြည်တော်နယ်နိမိတ်အတွင်းမှ ၁ ရက်ထွက်ရှိသည့်အမှိုက်တန်ချိန်မှာ တန် ၁၆၀ ခန့်ရှိပြီး သိမ်းဆည်းထားသည့်အမှိုက်များအား သတ်မှတ်ထားသော အမှိုက်ကွင်းသို့ နေ့စဉ်တိုက်ရိုက်ပို့ဆောင်စွန့်ပစ်လျက်ရှိသည်။ နေပြည်တော်တွင် အမှိုက်စွန့်ပစ်သည့် အမှိုက်ကွင်းနေရာသုံးခုရှိပြီး အမှိုက်ကွင်း အမှတ်(၁) မှာ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း မိုင်တိုင်အမှတ်(၀/၅)တွင်ရှိ၍ အမှိုက်ကွင်းအမှတ်(၂)မှာ လယ်ဝေးမြို့နယ်နှင့် အမှိုက်ကွင်းအမှတ်(၃)မှာ တပ်ကုန်းမြို့နယ်တို့တွင်ရှိသည်။ အမှိုက်ကွင်းအမှတ်(၁) တွင် ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိနှင့် ဇေယျာသီရိမြို့နယ်ခြောက်မြို့နယ်တို့မှ သိမ်းဆည်းထားသည့်အမှိုက်များ လာရောက်စွန့်ပစ်ကြသည်။

အမှိုက်စွန့်ပစ်မှုစနစ်အနေဖြင့် ယခင်က မြေပေါ်စုပုံစွန့်ပစ်သည့် (Open Dumping) စနစ်အသုံးပြုခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဇူလိုင်လမှစတင်၍ Open Dumping စနစ်မှ မြေထိုးစက် (Dozer)၊ မြေကော်စက် (Excavator) များ အသုံးပြု၍ နေ့စဉ်မြေသားဖုံးအုပ်စွန့်ပစ်သည့် (Landfill) စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် အမှိုက်ကွင်းတွင် ကူးစက်ရောဂါပိုးများသယ်ဆောင်ပေးသည့် ကြွက်၊ ခြင်၊ ယင်ပေါက်ပွားမှုအား ကာကွယ်ပေးသည့်အပြင် အနံ့အသက်ဆိုးများထွက်ရှိမှုနှင့် လေထုညစ်ညမ်းမှုကိုပါ လျော့ပါးစေသောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း လျော့နည်းစေသည်။ လယ်ဝေး မြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိအမှိုက်ကွင်းများကိုလည်း Landfill စနစ်ဖြင့် အမှိုက်စွန့်ပစ်နိုင်ရေး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

### အခမဲ့ဆောင်ရွက်ပေးလျက်ရှိ

နာရေးကိစ္စများဆောင်ရွက်ရန် နေပြည်တော်၌ ပုဗ္ဗသီရိ၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်များတွင် မီးသင်္ဂြိုဟ်စက် သုံးခုထားရှိသည်။ နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်အကြောင်းကြားပါက မီးသင်္ဂြိုဟ်ခ၊ နိဗ္ဗာန်ယာဉ်ငှားရမ်းခ၊ သုသာန်တွင်းပို့ဆောင်ခ စသည့် ဝန်ဆောင်ခများအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ အများပြည်သူအနေဖြင့် ငွေကြေးကုန်ကျမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ရှိ ပြည်သူများအနေဖြင့် မိမိတို့မြို့တော်ကြီးကို အစဉ်သန့်ရှင်းသပ်ရပ်၊ သာယာလှပနေစေရေးအတွက် စည်းကမ်းစနစ်တကျဖြင့် အမှိုက်စွန့်ပစ်ခြင်း၊ သစ်ပင်ပန်းမန်များနှင့် အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်အကြံဉာဏ်ကောင်းများပေးခြင်းများဖြင့် ဌာနနှင့်ပြည်သူ စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။



ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်




Road Sweeper အမှိုက်လှဲသိမ်းယာဉ်




မြေသားဖုံးအုပ်စွန့်ပစ်သည့်စနစ်

# ယစ်မျိုးဆိုင်ရာဥပဒေသည် ခေတ်ကာလကြာမြင့်နေပြီဖြစ်သည့်အတွက် ပြင်ဆင်ရေးဆွဲနိုင်ရန် လေ့လာသုံးသပ်ဆောင်ရွက်နေ

**နေပြည်တော် နိုဝင်ဘာ ၂၉**

**ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ဦးခင်မောင်လတ်၊ ဒေါက်တာ ဒေါ်အေဇင်လတ်၊ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၊ ဦးအောင်မင်း၊ ဦးဘုန်းမြင့်အောင်၊ ဦးမြင့်ဝေ၊ ဦးဉာဏ်လင်း၊ ဦးအောင်ထူးမြင့်၊ ဦးဘရှိန်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်းတို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မှတ်တမ်းအဖြစ်သာ ထားရှိသင့်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အရက်ချက်စက်ရုံများကို စံချိန်စံညွှန်းနှင့်အညီ ရေဆိုးစွန့်ပစ်ခြင်းမရှိဘဲ လည်ပတ်နေကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ရပ်ဆိုင်းသွားမည်ဖြစ်ပါကြောင်း၊ စံချိန်စံညွှန်းမမီသော အရက်ချက်စက်ရုံများကို သက်ဆိုင်ရာဌာနများက စစ်ဆေးပြီး သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီပါက ပိတ်သိမ်းရေးဆုံးဖြတ်ချက်ထား



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး

ရှိပါကြောင်း၊ လက်ရှိကျင့်သုံးနေသော ယစ်မျိုးဆိုင်ရာဥပဒေသည် ခေတ်ကာလကြာမြင့်နေပြီဖြစ်သည့်အတွက် ပြင်ဆင်ရေးဆွဲနိုင်ရန် လေ့လာသုံးသပ်ဆောင်ရွက်နေပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အရက်ချက်စက်ရုံများ နေရာပြောင်းရွှေ့ခြင်း၊ စက်ရုံအသစ်များ ထပ်မံခွင့်ပြုခြင်းတို့ကို ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ရပ်ဆိုင်းထားပါကြောင်း၊ စံချိန်စံညွှန်းများနှင့် ညီညွတ်ခြင်းမရှိသည့် အရက်ချက်စက်ရုံများကို ရပ်ဆိုင်းထားရှိခြင်း၊ ကျန်ရှိနေသည့် အရက်ချက်စက်ရုံများကိုလည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိပါက လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အဆိုရှင် ဦးအောင်ကျော်ကျော်ဦးက အဆိုကို မှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ၎င်း၏ သဘောထားကို တင်ပြခဲ့သည့်အတွက် လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်သွားရန် သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၏ **တန့်ယန်းမြို့နယ်အတွင်းရှိ မိုင်းပတ်ကျေးရွာနှင့်မိုင်းကောင်းကျေးရွာတို့အား လျှပ်စစ်မီးဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဓာတ်အားမရရှိသေးသောမြို့ ကျေးရွာများအား ဓာတ်အားရရှိသုံးစွဲနိုင်ရန် နှစ်အလိုက်စီမံကိန်းများရေးဆွဲ၍ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်၊ နိုင်ငံတကာအထောက်အပံ့နှစ်ရှည်ချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိုင်းပတ်ကျေးရွာအုပ်စုနှင့် မိုင်းကောင်းကျေးရွာအုပ်စု အပါအဝင် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ အိမ်ခြေ ၃၅၀၂ အိမ် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းအားလုံး၏ စုစုပေါင်းကုန်ကျစရိတ်ငွေကျပ် ၅၁၃၇ သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးရွာများ ဓာတ်အားရရှိရန်အတွက် လိုအပ်မည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၁၁/၀ ဒသမ ၄ ထရန်စဖော်မာများနှင့် ၄၀၀ ဗို့ ဓာတ်အား



ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်
ဒေါက်တာ ဒေါ်မေဝင်းမြင့်

လိုင်းများကိုလည်း ရှမ်းပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်၏ **မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းခတ် စသည့် မြို့ခုနစ်မြို့တို့၏ ညစဉ်မီးပေးနာရီကို ၄ နာရီသို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းခတ် စသည့် မြို့ခုနစ်မြို့အား ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ်အတွက် သန်း ၁၈၅ ဒသမ ၁၄၆ ကို ဌာနမှ အရှုံးခံ၍ ဓာတ်အားဖြန့်ဖြူးခဲ့ပါကြောင်း။

ဒီဇယ် ၁ ဂါလန်တွင် ပျမ်းမျှ ၁၀ ယူနစ်ခန့်သာ ထုတ်လုပ်နိုင်သဖြင့် ဓာတ်အား၁ တစ်ယူနစ်ဈေးနှုန်း ၃၅ ကျပ်ဖြင့် တွက်ချက်ပါက ၃၅၀ သာ ဌာနမှပြန်လည်ရရှိပြီး ဒီဇယ်တစ်ဂါလန်ဈေးနှုန်းမှာ ၂၈၀၅ ကျပ်ဝန်းကျင်ဖြစ်ပါ၍ ဒီဇယ်တစ်ဂါလန်အသုံးပြုတိုင်း ၂၄၅၅ ကျပ် အရှုံးပေါ်လျက်ရှိပါကြောင်း၊ မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်းနှင့် မိုင်းခတ်မြို့တို့အား ၄ နာရီအထိ တိုးမြှင့်ဓာတ်အားပေးနိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေတိုးမြှင့်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ လေရှီး မဲဆန္ဒနယ်မှ ဦးကျော်ဌေး၊ မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်တို့၏ မေးမြန်းချက်များကိုလည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက **ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှု၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည် ဘဝရောက်ခြင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာတည်တံ့ခိုင်မြဲမှု၊ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထိခိုက်စေခြင်းတို့ကို လွှတ်တော်က စိုးရိမ်ကြောင်း အရေးကြီးအဆိုကို တင်သွင်းရာ** လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ဒေါက်တာမောင်သင်းက အဆိုတင်သွင်းရာတွင် တိုက်ခိုက်မှုများကြောင့် တပ်မတော်နှင့် ပြည်သူ ပူးပေါင်းကာကွယ်နေသည့်ကြားမှ ပြည်သူများသေဆုံးမှုနှင့် ဒဏ်ရာရမှု ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ အပြစ်မဲ့ပြည်သူများ သေဆုံးရခြင်း၊ ဒဏ်ရာရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ဆက်ကြေးတောင်း ခံရခြင်း၊ အိုးအိမ်စွန့်ခွာ၍ စစ်ရှောင်ဘဝရောက်ရခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများပျက်စီးခြင်းတို့ကို ခံစားနေရပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အချုပ်အခြာအာဏာ တည်တံ့မှုကို ထိပါးခံနေရပြီး တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါကြောင်း။

အထူးသဖြင့် ပြည်ထောင်စုအစိုးရက အစဉ်တစိုက်ကြိုးပမ်းခဲ့သည့် အမျိုးသား ရင်ကြားစေ့ရေးကို အကောင်အထည်ဖော်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ လုပ်ငန်းစဉ်များ၏ အရှိန်ကို နှောင့်နှေးစေမှုများ ဖြစ်ပေါ်လာနိုင်မည်ကို ပြည်သူများအနေဖြင့်လည်း စိုးရိမ်မိပါကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

# စက္ကူစက်ရုံ(စစ်တောင်း)နယ်မြေရှိ ဝန်ထမ်းအိမ်ရာများသည် မွန်ပြည်နယ်အစိုးရအဖွဲ့၏စီမံပိုင်ခွင့်ရှိသော အိုးအိမ်အဆောက်အအုံများဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ရှိ စက္ကူစက်ရုံ(စစ်တောင်း)အား ၂၀၁၃ ခုနှစ်တွင် Industrial Complex အနေဖြင့် စက်မှုဇုန်(၁)(၂)(၃)အဖြစ် ထူထောင်ရန် ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ တင်ပြချက်အရ ၂၀၁၁ ခုနှစ်၌ စာချုပ်ဖြင့် ငှားရမ်းခဲ့မှုကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက္ကူစက်ရုံ(စစ်တောင်း)၏ စက်ရုံမြေဧရိယာ ၉၂၆ ကေအနက် မြေဧရိယာ ၆၉၈ ဒသမ ၄၂ ဧကကို ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်အနေဖြင့် စက်ရုံစုများဖော်ထုတ်ရန်အတွက် ၂၀၁၅ ခုနှစ် မတ် ၂၂ ရက်က စက်မှုစီးပွား မြေငှားဂရန်လျှောက်ထားခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၀၄၅ ခုနှစ် စက်တင်ဘာ ၉ ရက်အထိ တစ်နှစ်လျှင် မြေငှားရမ်းခငွေ ၄၁ သန်းကျော်ဖြင့် နိုင်ငံတော်က နှစ် ၃၀ မြေငှားစာချုပ်ခွင့်ပြုထားပါကြောင်း။

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်ရုံမြေနှင့် ကုန်ကြမ်းမြေများကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံပြီး ဌာနပိုင်အဆောက်အအုံနှင့် စက်ရုံများ၏ ပုံသေပိုင်ပစ္စည်း တန်ဖိုးငွေ ၄၇၆၅ ဒသမ ၄၄၈ သန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လိုအပ်သည့်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့မှ ပုံသေပိုင်ပစ္စည်း တန်ဖိုးငွေ ၁၀၄ ဒသမ ၇၂၀ သန်းတန်ဖိုးရှိ စက်ပစ္စည်းများနှင့် အခြားပစ္စည်းများကို စက္ကူစက်ရုံ(ရေနီ)နှင့် စက္ကူစက်ရုံ(ပလိပ်)တို့အား လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပုံသေပိုင်ပစ္စည်း တန်ဖိုးငွေကျပ် ၄၆၆၀ ဒသမ ၇၂၈ သန်းကို ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းရောင်းချခဲ့ပါကြောင်း၊ ထိုသို့စက်ရုံရှိ အဆောက်အအုံများ၊ စက်နှင့် စက်ပစ္စည်းများ ပုံသေပိုင်ပစ္စည်း လက်ကျန်တန်ဖိုးဖြင့် ရောင်းချခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် နစ်နာဆုံးရှုံးမှုမရှိပါကြောင်း။

စက္ကူစက်ရုံ(စစ်တောင်း)နယ်မြေရှိ ဝန်ထမ်းအိမ်ရာများသည် ယခုအခါ စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်မှုမရှိသည့်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံပိုင်ခွင့်ရှိသော အိုးအိမ် အဆောက်အအုံများ ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ရွှေသံလွင်ကုမ္ပဏီသို့ ပြောင်းရွှေ့သွားသည့် ဝန်ထမ်းများ ဆက်လက် နေထိုင်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ တောင်းဆိုထားသည့်



ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို

အိမ်ရာများကိုလည်း သင့်လျော်သည့် နှုန်းထားဖြင့် ဝယ်ယူခွင့်ပြုရန်(သို့မဟုတ်) အငှားစနစ်ဖြင့် နေထိုင်ခွင့်ပြုရန် ကိစ္စနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနအနေဖြင့် ဆောက်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)များ၌ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် မီးစက် တစ်ခုစီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် ချင်းအမျိုးသားတပ်ဦးမှ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၂၁ ကျောင်းအတွက် ကွန်ပျူတာအစုံ ၈၃၀ နှင့် မီးစက် ၁၅ လုံး ပေးအပ်လှူဒါန်းခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)က ချင်းပြည်နယ်အတွင်းရှိ ကျောင်း၊ ရုံးများသို့ ကွန်ပျူတာ ၁၃ လုံး၊ ပရင်တာ ၁၃ လုံး၊ လက်ပ်တော့ ခြောက်လုံး၊ ယူပီအက်စ် ၁၃ လုံး၊ လက်နှိပ်စက်နှစ်လုံးနှင့် စာကူးစက် ခုနစ်လုံးတို့ကို လိုအပ်ချက်များအရ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ခွဲဝေပေးခဲ့ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်များတွင် ထည့်သွင်းလျာထားစိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၏ **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် နမ္မဝေါရပ်ကွက်ရှိ တပ်မတော်လက်ဖက်အချိုခြောက် စက်ရုံမြေနေရာ၌ ပါဝင်သော အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း မြေနေရာကို ပညာရေးဝန်ကြီးဌာနပိုင်မြေအဖြစ် လွှဲပြောင်းသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ ၎င်းကျောင်းအား ကျောင်းပြုပြင် ထိန်းသိမ်းစရိတ်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးရန်ပုံငွေချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီး



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးလားလ်မင်းထန်

ဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းမြေ ဝ ဒသမ ၂၁ ဧကသည် တပ်မတော် လက်ဖက်အချိုခြောက် စက်ရုံပိုင်မြေ ၂၃ ဒသမ ၈၉ ဧကအတွင်း ပါဝင်လျက်ရှိပြီး စက်ရုံနှင့် ကားလမ်းခြားလျက် တည်ရှိခြင်း၊ စက်ရုံနှင့် သက်ဆိုင်သည့် အဆောက်အအုံမရှိခြင်းတို့ကြောင့် ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်စွန့်လွှတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းမြေအမည်ပေါက် ရရှိရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းလက်ခံသွားမည်ဖြစ်ပြီး ကျောင်းမြေအမည်ပေါက်ရရှိပါက ကျောင်းဆောင်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၊ ရခိုင်ပြည်နယ်... ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်တို့၏ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို** လွှတ်တော်က လက်ခံရရှိကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ ရဲလုပ်ပိုင်ခွင့် ကျင့်သုံးခြင်းအလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)တို့ ပူးပေါင်း၍ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲအရာရှိ တပ်ဖွဲ့ဝင်များဖြင့် အပြည်ပြည်ဆိုင်ရာ ရဲလုပ်ပိုင်ခွင့် ကျင့်သုံးခြင်းအတွက် ရဲလုပ်ငန်းစံနှုန်းများ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် Grand Amara Hotel တောင်ငူဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ဌာနကြီးမှူး ရဲမှူးချုပ် မြင့်ထူး၊ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ နိုင်ငံတကာဆက်ဆံရေးဌာန ဌာနမှူး ရဲမှူးကြီး မြင့်ဇေယျ၊ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ဝင်းခိုင်၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး မိုးသန်းအောင်၊ အမှတ် (၁၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး နေမျိုးထွဋ်၊ အမှတ် (၁၁/၁၇) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူးများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကိုက အပြည်ပြည်ဆိုင်ရာ ရဲလုပ်ပိုင်ခွင့်ကျင့်သုံးခြင်းအတွက် ရဲလုပ်ငန်းစံနှုန်းများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း အမှာစကား ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ ရဲနှင့် လုံခြုံရေးတပ်ဖွဲ့များဆိုင်ရာ Mr. John-Erik Jensen က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျား၊ မ အခြေပြု အကြမ်းဖက်မှုခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကျား၊ မအခြေပြု အကြမ်းဖက်မှုခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ကျင်းပရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ကျား၊ မအခြေပြု အကြမ်းဖက်မှုများနှင့်ပတ်သက်၍ Gender Equality Network (GEN) မှ ဒေါ်နီလာထွန်း၊ ဦးဘီလီကံမြတ်နှင့် ဒေါ်စုစုငယ်တို့က ဆွေးနွေးပြောကြားကြပြီး လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဇလ)

# ရှမ်းနှစ်သစ်ကူးပွဲတော် မီးပုံးပျံပြိုင်ပွဲအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက သိန်း ၂၀၀ နှင့် အနွေးထည်များလှူဒါန်း

**တောင်ကြီး နိုဝင်ဘာ ၂၉**

နိုဝင်ဘာ ၃၀ ရက်တွင် ကျရောက်မည့် ရှမ်းသက္ကရာဇ် ၂၁၁၁ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်၊ မီးပုံးပျံပြိုင်ပွဲအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် အလှူငွေကျပ် သိန်း ၂၀၀ ကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ရှမ်းစာပေနှင့် ယဉ်ကျေးမှုဝင်းအတွင်းရှိကွင်းပြင်၌ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးခင်အောင်နှင့် ဒေါ်ခင်ဝင်းရီတို့က ပေးအပ်လှူဒါန်းခဲ့ပြီး ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းထွန်းမြတ်က လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးခင်အောင်က "ဒီနှစ် ရှမ်းနှစ်သစ်ကူး ပွဲတော်ကြီးကို ရှမ်းပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ တောင်ကြီးမြို့မှာ လာရောက်ကျင်းပခြင်းဖြစ်တဲ့အတွက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းရဲ့စီစဉ်ညွှန်ကြားမှုနဲ့ လှူဒါန်းရခြင်းဖြစ်ပါတယ်။ အဓိကကတော့ ဒီရှမ်းနှစ်သစ်ကူးပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်နေကြတဲ့ မီးပုံးပျံဝါသနာရှင်တွေအတွက် ဆုချီးမြှင့်ပေးနိုင်ဖို့အတွက် ရည်ရွယ်ပြီး လှူဒါန်းတာပါ။ ဖောင်ဒေးရှင်းအနေနဲ့ အရင်နှစ်ကလည်း ရှမ်းနှစ်သစ်ကူးပွဲတော်အတွက် ပံ့ပိုးကူညီလှူဒါန်းခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက ယခု ပံ့ပိုးလှူဒါန်းသည့် အလှူငွေကျပ် သိန်း ၂၀၀ အား ရှမ်းနှစ်သစ်ကူးပွဲတော်၊ မီးပုံးပျံပြိုင်ပွဲ၏ ဆုချီးမြှင့်ငွေများအဖြစ် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ရှမ်းနှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၏ဇနီး ပြည်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့နာယက ဒေါ်နန်းရွှေမြင့်နှင့် အဖွဲ့ဝင်များ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များသည် တောင်ကြီးမြို့ ရှမ်းရိုးမဘိုးဘွားရိပ်သာရှိ ဘိုးဘွားများနှင့် တောင်ကြီးမြို့ အမျိုးသမီးဂေဟာရှိ အမျိုးသမီးများအတွက် ခေါင်းစွပ်ပါအနွေးထည်များကိုလည်း နိုဝင်ဘာ ၂၉ ရက်က သက်ဆိုင်ရာ နေရာအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဖောင်ဒေးရှင်းအနေဖြင့် မြန်မာပြည်အနှံ့အပြားရှိ အအေးဒဏ်လွန်ကဲနိုင်သော ဒေသများမှ ပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၂၀၅၀၀၀ ကို ပြည်ပမှ မှာယူလှူဒါန်းလျက်ရှိရာ အနွေးထည် စုစုပေါင်း ၁၆၀၀၀၀ ကို လှူဒါန်းထားပြီး ကျန်ရှိနေသေးသော အအေးဒဏ်လွန်ကဲသည့် ဒေသများမှ ပြည်သူများအတွက် ဆက်လက်လှူဒါန်းလျက်ရှိသည်။ **သဲနိုင်ဦး( မြန်မာစာ)**

# အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမြင့်လွင်အား တူရကီသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ်အတွင်း ကိုးတန်ကောက်နှင့် ချိန်ခါလီ ကျေးရွာအုပ်စုများသို့ WFP မှ ရိက္ခာများ ထောက်ပံ့ရန်စီစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက် ကျေးရွာအုပ်စုနှင့် ချိန်ခါလီကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၄၂၄ စုအတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၃၂၁ စု လူဦးရေ ၁၇၅၇ ဦးနှင့် ချိန်ခါလီကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၀၃ စု လူဦးရေ ၁၄၉၇ ဦး စုစုပေါင်း အိမ်ထောင်စု ၄၂၄ စု လူဦးရေ ၃၂၅၄ ဦးတို့အတွက် မောင်တောမြို့နယ် ရွှေဇားကျေးရွာရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ရိက္ခာဂိုဒေါင်မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် နိုဝင်ဘာ ၈ ရက်မှ စတင်၍ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော WFP, UNHCR, UNOCHA တို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရနှင့် စေတနာရှင် ပြည်သူများကလည်း ဘဏ္ဍာငွေ၊ စားနပ်ရိက္ခာနှင့် ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည်။

**(သတင်းစဉ်)**

# CMF Myanmar ကျောပိုးအိတ်စက်ရုံမှအလုပ်သမားများအား ညှိနှိုင်းတိုင်ပင်မှုမရှိဘဲ အလုပ်ပိတ်သည့်အတွက် မြို့နယ်လေဘာရုံးသို့ တိုင်ကြား

ရန်ကုန် နိုဝင်ဘာ ၂၉

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ CMF Myanmar ကျောပိုးအိတ်စက်ရုံ (ယခင် ပတ်ခွက်မြန်မာ)မှ အလုပ်သမား ၅၀၀ ခန့်က နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အလုပ်သမားများရရှိသော လုပ်သက်ခွင့် ၁၀ ရက်မှ လုပ်သက်ခွင့်ရက်များကိုနုတ်ယူရန် စက်ရုံ၏သဘောထားဖြင့် ပိတ်ရက်တို့ကို ရက်များသတ်မှတ်ပိတ် သည့်အတွက် တိကျသေချာသော သတင်းထုတ်ပြန်ခြင်း၊ အလုပ်သမားကိုယ်စားလှယ်တို့ဖြင့် ညှိနှိုင်းတိုင်ပင်ခြင်းမရှိသောကြောင့် အလုပ်သမားများ စက်ရုံဆင်းရာ၌ အလုပ် ဆင်းခွင့်မရ၍ မြို့နယ်အလုပ်သမား၊ အလုပ်အကိုင်ရှာဖွေရေးရုံး ဦးစီးမှူးထံ လာရောက်တင်ပြတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**

"ကျွန်မတို့ကို သောကြာနေ့ ညနေက တနင်္လာနေ့မှာ လုပ်သက်ခွင့် ၁၀ ရက် စာထဲက တစ်ရက်နုတ်တဲ့အတွက် စက်ရုံပိတ်မယ်လို့ဆိုပြီး လက်မှတ်ထိုးခိုင်းတယ်။ လက်မှတ်မထိုးကြဘူး။ လက်လည်းမခံခဲ့ဘူး။ အရင်လည်း စက်ရုံက တစ်ရက်ပိတ်လို့ လုပ်သက်ခွင့် ကိုးရက်ပဲကျန်တော့တာ။ ဒီမနက် အလုပ်ဆင်းတော့ တံခါးဖွင့်မပေးဘူး။ အဝင်မခံဘူး။ အလုပ်သမားတွေရတဲ့ လုပ်သက်ခွင့်ထဲကနေ စက်ရုံက အခုလို လုပ်ချင်သလို လုပ်တာကိုတော့ လက်မခံနိုင်ဘူး။ လက်မှတ်လည်း မထိုးထားတဲ့အတွက် ပုံမှန်အတိုင်း စက်ရုံဆင်းတာကို အထဲပေးမဝင်တာကြောင့် မြို့နယ်အလုပ်သမား၊ အလုပ်အကိုင်ရှာဖွေရေးရုံးက ဦးစီးမှူးဆီ လာရောက်တင်ပြတိုင်ကြားတာပါ"ဟု ကော့မှူးမြို့နယ် ဇာတိဖြစ်သော စက်ရုံအလုပ်သမ မအိမွန်က ပြောသည်။

### အခက်အခဲများရှိ

အဆိုပါ စက်ရုံတွင် စတင်အလုပ်ဝင်ရောက်သော အလုပ်သမား၏ တစ်နေ့လုပ်အားခမှာ ငွေကျပ် ၂၇၀၀ဖြစ်ပြီး ပုံမှန်လုပ်အားခမှာ ငွေကျပ် ၃၆၀၀ နှင့် နှစ်အလိုက်ဖြင့် ၄၀၅၀ အထိ အဆင့်လိုက် လစာ သတ်မှတ်ပေးထားကြောင်းနှင့် လုပ်ငန်းခွင်အတွင်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခက်အခဲများလည်းရှိကြောင်း သိရသည်။

### ဆန္ဒထုတ်ဖော်

စက်ရုံတွင် အိုတီပေးခြင်းမရှိဘဲ ပုံမှန်အလုပ်ချိန်တိုင်းသာ အလုပ်ခွင်ဝင်ရောက်လျက်ရှိ၍ ယနေ့တွင် လာရောက် အကြောင်းကြားတင်ပြခြင်းသာဖြစ်ပြီး လစာနည်း၍ လာရောက်ခြင်း မဟုတ်ကြောင်း၊ ဆန္ဒထုတ်ဖော်ခြင်း မဟုတ်ကြောင်း သိရသည်။

အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်တွေရှိပေမယ့် ပွင့်လင်းမြင်သာမှုမရှိဘူး။ ညှိနှိုင်းဆွေးနွေးခြင်းမရှိဘူး။သူတို့ဆန္ဒနဲ့ အလုပ်ကိုပိတ်တယ်။ မန်နေဂျာက ၂၆ ရက်ကနေ ၂၈ ရက်အထိ အလုပ်ပိတ်တယ်လို့ ကြေညာတယ်။ ပိတ်ရက်ကို အလုပ်သမားတွေရဲ့ လုပ်သက်ခွင့်ထဲက နုတ်ယူမယ်လို့ ကြေညာတယ်။ နှစ်ပြည့်အလုပ်သမားတွေ သဘောမတူတာက တစ်နှစ်လုံးချုပ်တည်းလာတဲ့ လုပ်သက်ခွင့် ၁၀ ရက်ကို အပြတ်မခံနိုင်တဲ့အတွက်ပါ။ ပြီးတော့ အလုပ်ကြီးကြပ်သူနဲ့လည်း ဆွေးနွေးတိုင်ပင်ခြင်းမရှိဘူး။ မှုမှုတတ စဉ်းစားဆုံးဖြတ်ပြီးမှ ကြေညာသင့်တယ်။ ၂၆ ရက် နံနက်မှာ မန်နေဂျာက ၃၀ ရက်အထိ ပိတ်တယ်လို့ ကြေညာပြန်တဲ့အတွက် အလုပ်သမားတွေ ဝေဝါးကုန်တယ်။ နောက်ခိုင်းပြီး ပြန်တဲ့အချိန်မှာ ၂၉ ရက် အလုပ်ဆင်းရမယ်လို့ စာပြန်ကပ်ပြန်တယ်။ မြန်မာပြည်က အလုပ်သမားတွေကို အလုပ်ရှင်က သူတို့လုပ်ချင်တိုင်း လုပ်လို့ရတယ်ဆိုတဲ့အမြင် ဖြစ်လာတယ်။ ဒါကြောင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးကိုလာပြီး တင်ပြတိုင်ကြားတာပါ"ဟု ကျောပိုးအိတ်စက်ရုံမှ အလုပ်ကြီးကြပ်သူဖြစ်သော အလုပ်သမားကိုယ်စားလှယ် မမာလာဆန်းက ပြောသည်။

### ဖြေရှင်းဆောင်ရွက်ပေးမည်

လှိုင်သာယာစက်မှုဇုန်တွင် ယမန်နှစ်ထက် နယ်မှအလုပ်အကိုင် လာရောက်လုပ်ကိုင်သူများ တိုးလာလျက်ရှိပြီး လေဘာရုံးတွင် အလုပ်လျှောက်ထားသူများဖြင့် စည်ကားလျက်ရှိရာ စက်ရုံအချို့တွင် ဖြစ်ပွားနေသော အလုပ်ရှင် အလုပ်သမားပြဿနာများလည်း ယနေ့တိုင် ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း၊ ယခု အလုပ်သမားများ မပြေလည်မှုအား အလုပ်သမားများ ပြန်လည်ညှိနှိုင်းပြီး မြို့နယ်ရှိတာဝန်ရှိသူများထံ အဆင့်ဆင့် တင်ပြခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားတို့အား မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးက တွေ့ဆုံပြီး ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်အလုပ်သမား၊ အလုပ်အကိုင်ရှာဖွေရေးရုံးမှ ဦးစီးမှူးက ပြောကြားသည့်အတွက် အလုပ်သမား ၅၀၀ ကျော် မှာ စက်ရုံသို့ပြန်သွားကြောင်း သိရသည်။ (၁၆၄)

# ရခိုင်ပြည်နယ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



စစ်တွေ နိုဝင်ဘာ ၂၉

**ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**

အဆိုပါအစည်းအဝေးတွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်မောင်က ရခိုင်ပြည်နယ်၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် အမ်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် တစ်နေရာသာရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းများကောက်ယူထားပြီး မဲစာရင်းများမှန်ကန်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းကိုလည်း လက်ခံလျက်ရှိပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကလည်း ကြားဖြတ် ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်လျက် ရှိပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆွေးနွေးစေလိုကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲ အရာရှိက ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ညွှန်ကြားချက်များကို ဆွေးနွေးတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက ယခင်ရွေးကောက်ပွဲများမှ အားသာချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်မောင်၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မောင်တောခရိုင်၌ မိုးစပါးများ ရိတ်သိမ်း၊ ဆောင်းသီးနှံစိုက်ပျိုးရန်ပြင်ဆင်

**သတင်းနှင့် ဓာတ်ပုံ - အေဝမ်းစိုး**

**မောင်တော နိုဝင်ဘာ ၂၉**

မောင်တောခရိုင်၌ မိုးစပါးများ ရိတ်သိမ်းလျက်ရှိပြီး ဆောင်းသီးနှံများ စတင်စိုက်ပျိုးရန် ပြင်ဆင်နေပြီဖြစ်ကြောင်း မောင်တောခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသာကျော်က ပြောကြားသည်။

မောင်တောခရိုင်၌ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် နှစ်မြို့နယ်ပေါင်း စပါးစိုက်ဧက ၁၅၁၉၅၃ ဧက ရှိသည့်အနက် ၆၆၆၇၉ ဧက ရိတ်သိမ်းခဲ့ပြီး စပါး ၄၅၂၁၄၉၅ တင်း ထွက်ရှိကြောင်း၊ စပါးရိတ်ပြီး လယ်ကွက်များ၌ ဆောင်းသီးနှံများဖြစ်သော အာလူး၊ ဆီမုန်ညင်း၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးသာကျော်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"နွေစပါးကတော့ ဒီဇင်ဘာလမှာ ပျိုးထောင်ပြီး ဇန်နဝါရီလလောက်မှာ စတင်စိုက်ပျိုးကြမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရွှေဇားကျေးရွာအုပ်စု ကညင်ချောင်းကျေးရွာမှ စပါးစိုက်တောင်သူ တစ်ဦးဖြစ်သည့် ဦးသောင်းထွန်းက "ကျွန်တော်ကတော့ လယ် ၁၅ ဧကလောက် ပိုင်ပါတယ်။ ရေငန်ပိုင်းဆိုတော့ တစ်ဧကတင်း ၄၀ လောက်ပဲထွက်ပါတယ်။ စပါးရိတ်ဖို့အတွက် အလုပ်သမားတစ်ယောက်ကို တစ်နေ့ထမင်း သုံးနပ်ကျွေး ကျပ် ၇၀၀၀ ပေးခေါ်ရပါတယ်။ ကွမ်း၊ ဆေးလိပ်ပါ ပါရင် တစ်ယောက်ကို ကျပ် ၉၅၀၀ လောက်ကျပါတယ်။ လယ်တော်တော်များများကတော့ ရိတ်ပြီးပါပြီ။ တစ်နှစ်ကိုစပါးတင်း စုစုပေါင်း ၁၅၀၀ ၊ ၂၀၀၀ နီးပါးလောက် ရပါတယ်"ဟု ပြောကြားသည်။ မောင်တောခရိုင်၌ စိုက်ပျိုးသည့် ထွက်နှုန်းကောင်းသော စပါးမျိုးများမှာ ရတနာအောင်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မနော်ဟရီ၊ မနောသုခ၊ ပုလဲသွယ်၊ ရတနာတိုးတို့ဖြစ်ပြီး ဒေသမျိုးမှာ ငစိန်၊ မြီးတုံး၊ ကောက်ညှင်းနှင့် တောင်ယာစပါးများဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။



မောင်တောခရိုင် လယ်ယာလုပ်ငန်းခွင်၌ စပါးများ စုပေါင်းရိတ်သိမ်းကြစဉ်

# မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း အမြန်ဆုံးဖွင့်လှစ်ရန် ပို့ကုန်လုပ်ငန်းရှင်များမျှော်လင့်

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ - အေဝမ်းစိုး**

**မောင်တော နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ခေတ္တရပ်နားထားရသော မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပို့ကုန်များ အမြန်တင်ပို့သွားနိုင်ရန် မျှော်လင့်ထားကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောကြားသည်။

"အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက် မောင်တောနယ်စပ်ကုန်သွယ်ရေးကို ရပ်နားထားခဲ့ရပါတယ်။ မဖြစ်မနေတင်ပို့ရမယ့် ရေထွက်ပစ္စည်းတွေကိုတော့ တစ်ဖက်နိုင်ငံနဲ့ ချိတ်ဆက်ပြီး အောက်တိုဘာ ၁၄ ရက်ကနေ ၁၈ ရက်အထိ ပြန်လည်တင်ပို့ခဲ့ပြီး အခြေအနေအရ ရပ်နားထားရပါတယ်။ ဒီလို ရပ်နားထားရတဲ့အတွက် အလယ်အလတ်ကုန်သည်တွေ ထိခိုက်မှုမရှိပေမယ့် ရွှေ့လို့ပြောင်းလို့ မလွယ်တဲ့ ဝါးလုံးလို ပို့ကုန်တွေ မပို့နိုင်တဲ့အတွက်



မောင်တောဒေသဖြစ်စဉ်ကြောင့် ရပ်နားထားရသည့် မောင်တောနယ်စပ်ကုန်သွယ်ရေးမှပို့မည့် ဝါးများကို တွေ့ရစဉ်

ရေရှည်မှာ ထိခိုက်မှုရှိနိုင်ပါတယ်။ ဝါးလုံးပို့ကုန်တွေ မပို့နိုင်တဲ့အတွက် တန်ဖိုးအားဖြင့် သိန်းထောင်ချီ ထိခိုက်မှု ရှိလာနိုင်ပါတယ်။ ကုန်သည်တွေရဲ့ ပြောဆိုချက်အရ ဝါးတွေက အိကျလာပြီလို့ ဆိုပါတယ်။ ကြာကြာထားမယ်ဆိုရင် ပို့ကုန်တွေဟာ အဆင်ပြေမှာ မဟုတ်တော့ပါဘူး။ ရေရှည်မှာဆိုရင်တော့ ပုစွန်ပို့ကုန်ရာသီဖြစ်တဲ့အတွက် အချိန်မီပြန်ပို့နိုင်ခြင်း မရှိဘူးဆိုရင် အစာစရိတ်တွေ၊ ထိန်းသိမ်းစရိတ်တွေ ကုန်ကျမှာဖြစ်တဲ့အတွက် ထိခိုက်မှုရှိနိုင်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဆက်လက်တည်ငြိမ်မှုရှိနေမယ်ဆိုရင် နယ်စပ်ဂိတ်ကို ပြန်ဖွင့်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် စစ်တွေနှင့် မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုရှိပြီး မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကို နယ်မြေလုံခြုံရေးအခြေအနေအရ ပိတ်ထားရဆဲဖြစ်သည်။ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုရေငန်ပုစွန်နှင့် ငါးခြောက်များ၊ ဝါးလုံးများ အဓိကတင်ပို့ရာ နယ်စပ်စခန်းတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ခြောက်သန်းဖိုးတင်ပို့ရန် လျာထားရာမှ နိုဝင်ဘာလလယ်အထိ စာရင်းများအရ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၀ သန်း အထိ တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လကုန်အထိ ပို့ကုန်လျာထားချက်ကို ပြည့်မီအောင် တင်ပို့သွားနိုင်ရန် မျှော်လင့်ထားကြောင်း၊ မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းသည် တစ်နိုင်ငံလုံးရှိ နယ်စပ်ကုန်သွယ်ရေးစခန်း ကိုးခုရှိသည့်အနက် ပို့ကုန် အသာစီးအရဆုံး နယ်စပ်ကုန်သွယ်ရေး စခန်းဖြစ်ကြောင်း သိရသည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခိုးထွက်ရန် ကြိုးစားသူ ၁၀ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မောင်တောမြို့နယ်ရှိ နယ်စပ်ခြံစည်းရိုးအနီးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခိုးထွက်ရန် ကြိုးစားသူ ၁၀ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ ညပိုင်း၌ ဖမ်းဆီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ည ၁၂ နာရီခန့်က မောင်တောမြို့နယ် ရေတွင်းကျွန်းကျေးရွာအနောက်ဘက်ရှိ နယ်စပ်ခြံစည်းရိုးအနီးတွင် မသင်္ကာဖွယ်ရာ ခတ်မီးရောင်များတွေ့ရှိ၍ သွားရောက်ရှင်းလင်းခဲ့ရာ ရေတွင်းကျွန်းကျေးရွာမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ ခိုးထွက်ရန် ကြိုးစားနေသူ ၁၀ ဦးအား ဖမ်းဆီးရမိသဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘရာဇီးထိပ်တန်းဘောလုံးကလပ်လိုက်ပါလာသောလေယာဉ် ကိုလံဘီယာတွင်ပျက်ကျ လေယာဉ်ပေါ်ပါသူများအနက် ၇၆ ဦးသေဆုံးပြီး အသက်ရှင်ကျန်သူများရှိ



**ဘိုကိုတာ နိုဝင်ဘာ ၂၉**
ဘရာဇီး ဘောလုံးအသင်းနှင့်အတူ အားကစားသတင်းများရယူရန် မီဒီယာသမားများအပါအဝင် စုစုပေါင်း လူ ၈၁ ဦးခန့်လိုက်ပါလာသော လေယာဉ်တစ်စင်းသည် ကိုလံဘီယာအလယ်ပိုင်းတွင် ပျက်ကျခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များနှင့် မီဒီယာများက သတင်းဖော်ပြခဲ့ကြသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လတ်တလောတွင် ကယ်ဆယ်ရေးလုပ်ငန်းများ မလုပ်နိုင်သေးကြောင်း သိရသည်။ တနင်္လာနေ့နှောင်းပိုင်း လေယာဉ်ပျက်ကျမှုတွင် အနည်းဆုံး ၂၅ဦး သေဆုံးခဲ့ပြီး ၁၀ ဦးခန့်အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ အနီးအနားမြို့ဖြစ်သော လစီဂျာမြို့တော်ဝန်က မီးသတ်သမားများ၏ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းရေဒီယိုက ထုတ်ပြန်ထားသည်။ သို့သော်လည်း သေဆုံးသူစာရင်းအတိအကျကို တရားဝင်မသိရသေးချေ။

နောက်ဆုံးရ သတင်းများအရ လေယာဉ်ပေါ်ပါသူ ၈၁ ဦးအနက် ၇၆ ဦးသေဆုံးခဲ့ကြောင်း ရဲအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။ ဘရာဇီးထိပ်တန်းအသင်းတစ်သင်းဖြစ်သော Chapecoense အသင်းသည် ဗုဒ္ဓဟူးနေ့ Sudamericana ဖိုင်နယ်ပွဲစဉ်ပထမဆုံးပွဲတွင် Atletico Nacional of Medellin နှင့် ယှဉ်ပြိုင်ကစားရန် ပျံသန်း ထွက်ခွာလာခဲ့ကြောင်း သိရသည်။

တောင်အမေရိက၏ Sudamericana ပွဲစဉ်သည် Europa League နှင့် အဆင့်တူ၊ တန်းတူပွဲတစ်ပွဲဖြစ်ကြောင်း သိရသည်။ လူခြောက်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်သော်လည်း ကံမကောင်းစွာဖြင့် တစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။ သေဆုံးသူအရေအတွက်မှာ ယခုအခါ ၇၆ ဦးအထိရှိလာပြီဖြစ်ကြောင်း ပြည်နယ် ရဲအရာရှိကြီး ဂျိုဇ်ဂီရာဒို စီဗီဒိုက သတင်းထောက်များကို ပြောခဲ့သည်။

ဘရာဇီးမီဒီယာများက အသက်ရှင်ကျန်ရစ်သူများတွင် ကစားသမားသုံးဦးပါဝင်ကြောင်း ဖော်ပြခဲ့သည်။ Air 2933 မှ နောက်ဆုံးခြေရာခံစနစ်ဖော် ပြခြင်းကို မြေပြင်အထက် ပေ ၁၅၅၀၀ အရောက် စထွက်ခွာရာမှ ၃၀ ကီလိုမီတာခန့် အရောက်တွင် နောက်ဆုံးရရှိခဲ့ကြောင်း လေယာဉ်ခြေရာခံအဖွဲ့ဖြစ်သော Flightradar 24 က တွစ်တာစာမျက်နှာတွင် ပြောခဲ့သည်။

စင်းလုံးငှားလေယာဉ်သည် ခရီးသည် ၇၂ ဦးနှင့် အမှုထမ်း ကိုးဦးကို သယ်ဆောင်ခဲ့ပြီး တနင်္လာနေ့ ည ၁၀ နာရီ ၁၅ မိနစ်တွင်ပျက်ကျခဲ့ခြင်းဖြစ်သည်။ ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းမဆောင်ရွက်နိုင်ခဲ့ပေ။ အင်္ဂါနေ့နေထွက်ချိန်မှသာ သေဆုံးသူ၏ ရုပ်အလောင်းများကို ရွှေ့ပြောင်းမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက သတင်းထောက်များကို ပြောကြားခဲ့သည်။

လေယာဉ်ပေါ်တွင် အားကစားသတင်းရယူရန် လိုက်ပါလာသော သတင်းထောက် ၂၁ ဦးပါရှိကြောင်း သိရသည်။ အသက်ရှင်ကျန်ရစ်သော အားကစားသမားများမှာ နောက်တန်းကစားသမား အလန်ရုစ်ချယ်၊ ဂိုးသမား ဒယ်နီလိုနှင့် အရန်ဂိုးသမား ဖိုးမန်းတို့ဖြစ်ကြသည်။

အသက်ရှင် ကျန်ရစ်သူများ၏ သတင်းအချက်အလက်အသေး စိတ်ကို ရုတ်တရက်အတည်မပြုနိုင်သေး ကြောင်း သိရသည်။
(ရိုက်တာ)

# တောင်ကိုရီးယားသမ္မတ နုတ်ထွက်လိုကြောင်း ပြောကြား



**ဆိုးလ် နိုဝင်ဘာ ၂၉**
တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးသည် ရာထူးမှနုတ်ထွက်လိုကြောင်းနှင့် နုတ်ထွက်ရာတွင် အကူအညီပေးကြရန် ပါလီမန်လွှတ်တော်သို့ တောင်းဆိုထားကြောင်း သိရသည်။

ပတ်ဂွန်ဟေးသည် ၄င်း၏နှစ်ရှည်ကြာခင်မင်ရင်းနှီးလာခဲ့သည့် မိတ်ဆွေအား ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေးကိစ္စများဆုံးဖြတ်ရာတွင် ဝင်ရောက်စွက်ဖက်လွှမ်းမိုးစေခဲ့ခြင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးနေစဉ်အတွင်း ၎င်းအား နုတ်ထွက်ရန် တောင်းဆိုမှုအများအပြားနှင့် ရင်ဆိုင်နေရသည်။

ပတ်အနေဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှု ကျူးလွန်ခဲ့ခြင်း ဟုတ်မဟုတ်ကို လာမည့်သောကြာနေ့တွင် ပါလီမန်လွှတ်တော်က ဆွေးနွေးသွားမည်ဖြစ်သည်ဟု ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အာဏာရပါတီဝင်အချို့က ပတ်သည် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကျူးလွန်သည်ဟူသော အခြေအနေသို့မရောက်မီ ဂုဏ်သိက္ခာရှိစွာ ရာထူးမှဆင်းသွားသင့်သည်ဟု ပြောဆိုခဲ့ကြသည်။ အတိုက်အခံပါတီဝင်များကမူ ပတ်သည် အကျဉ်းအကျပ်ထဲကျရောက်မှုမှလွတ်မြောက်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။ မစ္စပတ်သည် မူလက ၎င်းအားဝိုင်းရံနေသည့် နိုင်ငံရေးအကျပ်အတည်းများကြောင့် ကြေကွဲဝမ်းနည်းရကြောင်းပြောဆိုခဲ့ပြီး နှစ်ကြိမ်တိုင်တိုင် ဝန်ချတောင်းပန်မှုများပြုလုပ်ခဲ့သော်လည်း ရာထူးမှနုတ်ထွက်ရန် ငြင်းဆန်ခဲ့သည်။ အင်္ဂါနေ့တွင် ရုပ်မြင်သံကြားမှထုတ်လွှင့်ခဲ့သည့် အစီအစဉ်၌မူ ပတ်က ဥပဒေပြုအဖွဲ့သည် အာဏာလစ်လပ်မှုအချိန်ကာလကို သေးငယ်စေနိုင်မည့် အာဏာလွှဲပြောင်း ဆောင်ရွက်မှုများပြုလုပ်လာသည့်အချိန်တွင် ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
(ဘီဘီစီ)

# အိုဟိုင်းယိုးတက္ကသိုလ်အတွင်း ဓားကိုင်တိုက်ခိုက်မှု လူ ၁၁ ဦး ဒဏ်ရာရ

**အိုဟိုင်းယိုး နိုဝင်ဘာ ၂၉**
အိုဟိုင်းယိုးပြည်နယ်တွင် တက္ကသိုလ်ကျောင်းသားတစ်ဦး တနင်္လာနေ့က ဓားတစ်လက်ကိုင်ဆောင်ကာ ကားတစ်စီးဖြင့် လိုက်လံတိုက်ခိုက်မှုကြောင့် လူ ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အကြမ်းဖက်လုပ်ရပ်ဟု ယူဆသည့်အတွက် ရဲများက လိုက်လံတိုက်ခိုက်သူကို သေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း အမေရိကန်လွှတ်တော်အမတ်နှင့် အခြားအစိုးရသတင်းအရင်းမြစ်က ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုပြုလုပ်သူမှာ အဗ္ဗဒူရာ ဇတ်အာတန်ဆိုသူဖြစ်ကြောင်းသိရပြီး ၄င်းသည် ကိုလံဘတ် တက္ကသိုလ်ဝင်းတွင် လူအုပ်ကြားထဲသို့ကားကို မောင်းဝင်သွားကာ ကားထဲမှ ခုန်ထွက်လိုက်ပြီး အသားလှီးဓားဖြင့် အနားရှိလူများကို ထိုးခဲ့ကြောင်း အိုဟိုင်းယိုး ပြည်နယ်တက္ကသိုလ် အများပြည်သူလုံခြုံရေးဆိုင်ရာ ညွှန်ကြားရေးမှူး မော်နီကာမိုးလ်က ပြောခဲ့သည်။ တိုက်ခိုက်သူမှာ အသက် ၁၈ နှစ် ရှိပြီး ဆိုမာလီယာမှ ရွှေ့ပြောင်း အခြေချသူ ဖြစ်ကြောင်းသိရကာ အမေရိကန်ပြည်ထောင်စုတွင် အမြဲတမ်းနေထိုင်သူဖြစ်ကြောင်း သိရ သည်။
(ရိုက်တာ)




တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာနေရာတွင် စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ်

## ဖိလစ်ပိုင်သမ္မတ၏ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရ

**မနီလာ နိုဝင်ဘာ ၂၉**
ဖိလစ်ပိုင်သမ္မတ လုံခြုံရေးအဖွဲ့မှ အဖွဲ့ဝင်ခုနစ်ဦးနှင့် စစ်သားနှစ်ဦး အင်္ဂါနေ့က မာရဝီမြို့တွင် ချုံခိုတိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖိလစ်ပိုင် သမ္မတဒူတက်တေးအနေဖြင့် ယင်းနေရာသို့ ဗုဒ္ဓဟူးနေ့တွင် သွားရောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သမ္မတလုံခြုံရေးအဖွဲ့မှ အဖွဲ့ဝင်များသည် ဒေသတွင်း အစောင့်တပ်သားများလိုက်ပါလျက် တပ်မတော်ယာဉ်တန်းဖြင့် သွားလာနေစဉ် ဘာရန်ဂေး မက်တမ်ပေးတွင် နံနက် ၁၀ နာရီ ၄၅ မိနစ်၌ ဖောက်ခွဲရေးပစ္စည်း(အိုင်အီးဒီ)ဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်ပြည်သူ့ဆက်ဆံရေးအရာရှိ ဗိုလ်မှူးကြီး အက်ဒ် ဂက်ဒ်အာရီဗလိုက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် သမ္မတကို ဦးတည်တိုက်ခိုက်ခြင်း သို့မဟုတ် မူတီအကြမ်းဖက်အဖွဲ့များကို ချေမှုန်းရေးစစ်ဆင်မှုများ ဆင်နွှဲနေသောကြောင့် ၄င်းတို့က တန်ပြန်တိုက်ခိုက်ခြင်းဟုတ်မဟုတ် ပြောရန်စောသေးကြောင်း သမ္မတကိုယ်ရံတော်တပ်ဖွဲ့ ဒုတိယဗိုလ်မှူးကြီး မိုက်ကယ်အကွီနိုက ပြောခဲ့သည်။

မူတီအကြမ်းဖက်အဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်နေသော တပ်ဖွဲ့ဝင်များ နှင့်တွေ့ဆုံရန် မာရဝီသို့အလည်အပတ်သွားမည်ဖြစ်ကြောင်း ဒူတက်တေးက တနင်္လာနေ့က ကြေညာခဲ့သည်။ သမ္မတ ဒူတက်တေးအနေဖြင့် မာရဝီသို့ နိုဝင်ဘာ ၃၀ ရက်တွင် သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။
(ဆင်ဟွာ)



ကွတ်ခိုင်မြို့နှင့် သိန်းနီမြို့အကြား မိုင်တိုင်အမှတ် (၂၁၇/၇)အနီးရှိ ရေပြွန်အတွင်းမှ လက်လုပ်မိုင်းလေးလုံး တွေ့ရစဉ်

## လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၁၇/၇)အနီး လမ်းအောက်ရှိ ရေပြွန်အတွင်းမှ ဒေသန္တရလက်လုပ်မိုင်း လေးလုံးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှ ကွတ်ခိုင်မြို့နှင့် သိန်းနီမြို့အကြား ကတ္တရာလမ်းအောက်ရှိ ရေပြွန်အတွင်းမှ ယနေ့နံနက်ပိုင်းက ဒေသန္တရလက်လုပ်မိုင်းလေးလုံးတွေ့ရှိသဖြင့် ရှင်းလင်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နှင့် သိန်းနီမြို့အကြား မိုင်တိုင်အမှတ် (၂၁၇/၇)အနီး ကတ္တရာလမ်းအောက်ရှိ ရေပြွန်အတွင်းမှ အမြင့် ခြောက်လက်မ၊ အချင်းလေးလက်မရှိ သံထည်ဖြင့် ပြုလုပ်ထားပြီး ဖြူးစ်ခုနစ်ချောင်းနှင့်တွဲဖက်၍ ၁၂ ဗို့ ဘက်ထရီလေးလုံးနှင့် ဝိုင်ယာကြိုး ချိတ်ဆက်ထားသော ဒေသန္တရလက်လုပ်မိုင်းလေးလုံးအား တပ်မတော်စစ်ကြောင်းက လမ်းလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်က တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

တပ်မတော်စစ်ကြောင်းသည် လမ်းလုံခြုံရေးတာဝန် ဆက်လက်ဆောင်ရွက်စဉ် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မိုင်တိုင်အမှတ်(၂၁၆/၅)၌ TNLA လက်နက်ကိုင်အဖွဲ့အင်အား ၁၀ ဦးခန့်က မိုင်းနှစ်လုံးခွဲပြီး လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ပြန်လည်ပစ်ခတ်မှုကြောင့် ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ ဖြစ်စဉ်တွင် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦး လမ်းခရီး၌ ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသည် ကွတ်ခိုင်မြို့မှ ၎င်းတို့ရဲကင်းစခန်းသို့ ပြန်လည်ထွက်ခွာလာစဉ် နိုဝင်ဘာ ၂၈ ရက် ညပိုင်းက လမ်းခရီး၌ပျောက်ဆုံးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ် နမ့်ဖလွန်းကျေးရွာတစ်ဝိုက်တွင် စိစစ်ဆဲလက်နက်ကိုင်အဖွဲ့များက မော်တော်ယာဉ်များဖြင့် လမ်းကြောင်းပိတ်ဆို့ထားမှုသတင်းအရ တပ်မတော်စစ်ကြောင်းက နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီခန့်က သွားရောက်ရှင်းလင်းရာ ကွတ်ခိုင်-မူဆယ်လမ်းမကြီး မိုင်တိုင်အမှတ် ၂၃၃ နှင့် ၂၃၇ အကြား၌ ဟွန်ဒါဖစ်အမျိုးအစားယာဉ်အမှတ်၊ YGN-4G/---- ကို တွေ့ရှိသဖြင့် စုံစမ်းခဲ့ရာ ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရဲကင်းစခန်းမှ ဒုတိယရဲအုပ် မြင့်ဋ္ဌေးနှင့် ရဲတပ်ကြပ် လင်းထက်တို့ နှစ်ဦးမှာ ကွတ်ခိုင်မြို့မရဲစခန်းမှ တရားခံနှစ်ဦးအား မြို့နယ်တရားရုံးသို့ တရားစွဲဆိုနိုင်ရန် ပို့ဆောင်ခဲ့ပြီး နမ့်ဖတ်ကာရဲကင်းစခန်းသို့ ၎င်းယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် ယာဉ်ရပ်တန့်ထားရှိကာ ပျောက်ဆုံးနေခြင်းဖြစ်ကြောင်းနှင့် လက်နက်များ မပါရှိကြောင်း သိရှိရသည်။

အဆိုပါ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ပြန်လည်တွေ့ရှိရေး၊ အဖြစ်မှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများက ၎င်းနေရာတစ်ဝိုက်အား နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## KIA/ TNLA လက်နက်ကိုင်အဖွဲ့က မူဆယ်မြို့အား လက်နက်ကြီးဖြင့် ပစ်ခတ်၊ မိုင်းများဖောက်ခွဲ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မူဆယ်မြို့ ဟိုမွန်နှင့် ကောင်းမှုတုံရပ်ကွက်တို့တွင် KIA/ TNLA လက်နက်ကိုင်အဖွဲ့မှ ပစ်ခတ်သည့် လက်နက်ကြီး ဗုံးသီးကျရောက်ပေါက်ကွဲခြင်း၊ မိုင်းများပေါက်ကွဲခြင်းနှင့် အလုပ်ရုံအချို့မှ ဆက်ကြေးကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သစ်တောလမ်းရှိ ထမင်းဆိုင်အနီး လျှိုအတွင်းသို့ နိုဝင်ဘာ ၂၈ ရက် ည ၆ နာရီ မိနစ် ၄၀ ခန့်က KIA/ TNLA လက်နက်ကိုင်အဖွဲ့မှပစ်ခတ်ခဲ့သည့် လက်နက်ကြီးဗုံးသီး ကျရောက်ပေါက်ကွဲခဲ့ပြီး ယင်းနေရာအနီးတစ်ဝိုက်တွင် လက်လုပ်မိုင်းနှစ်လုံးလည်း ဖောက်ခွဲထားကြောင်း၊ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၊ ဟိုနားရပ်နှင့် စက်မှုကွက်သစ်ကြားတွင် ည ၉နာရီ မိနစ် ၄၀ ခန့်နှင့် စက်မှုလမ်းနှင့် မန့်မိုင်ရွာအနီးတွင် ည ၁၀ နာရီ မိနစ် ၅၀ ခန့်ကလည်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။



KIA/ TNLA လက်နက်ကိုင်အဖွဲ့မှပစ်ခတ်သည့်နေရာအနီးတစ်ဝိုက်မှ တွေ့ရှိရသော လက်လုပ်မိုင်းတစ်လုံး

KIA/TNLA လက်နက်ကိုင်အဖွဲ့များသည် မူဆယ်မြို့ကောင်းမှုတုံရပ်ကွက် ဟိုနားရပ်နှင့် စက်မှုကွက်သစ်အတွင်းသို့လည်း ဝင်ရောက်ခဲ့ပြီး အလုပ်ရုံအချို့မှ ဆက်ကြေးများကောက်ခံကာ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KIA/ TNLA/ MNDAA လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် မုံးကိုးနယ်မြေမှ ပြည်သူများထွက်ပြေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

KIA/TNLA/MNDAA လက်နက်ကိုင်အဖွဲ့များသည် မုံးကိုးနယ်မြေအား တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ ၁၀၀၀ ကျော်သည် တရုတ်နိုင်ငံ မန်စီမြို့နယ်အတွင်း တိမ်းရှောင်ထွက်ပြေးခဲ့ရာ လူမှုကူညီရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်း ထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ပွဲရှောင်ဒေသခံပြည်သူ ၁၀၀၀ ကျော်သည် တရုတ်နိုင်ငံ မန်စီမြို့နယ် မန်ဟိုင်မြို့ရှိ အသုံးမပြုသည့် စာသင်ကျောင်း၊ စက်ရုံဟောင်းနှင့် ဈေးအနီးကွင်းပြင်များတွင် ယာယီတဲငါးလုံး ဖြင့် နိုဝင်ဘာ ၂၈ ရက်အထိ နေထိုင်လျက်ရှိရာ ကိုးကန့်ဒေသမှ လူမှုရေးအသင်း တစ်ခုသည် ရွှေလီမှတစ်ဆင့် ဝင်ရောက်ပြီး မန်ဟိုင်မြို့သို့သွားရောက်ကာ လူမှုကူညီရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




## KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၊ ပြည်သူနှစ်ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ဒေသခံပြည်သူနှစ်ဦးမှာ KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့်မိုင်းအား နင်းမိပေါက်ကွဲပြီး ဒဏ်ရာများစွာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မှတ်တိုင်ကျေးရွာနေ ဦးမောင်မျိုးနှင့် ဟိုပင်မြို့နေ ဦးဇင်မောင်စိုးတို့နှစ်ဦးသည် ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ကြိမ်ခုတ်ရန်သွားစဉ် နန့်လန်ချောင်းအနီး မွန်းလွဲ ၁ နာရီခန့်တွင် KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့်မိုင်းအား ဦးမောင်မျိုးက နင်းမိပေါက်ကွဲခဲ့ပြီး ခြေနှစ်ဖက် ပြတ်တောက်ဒဏ်ရာရရှိသကဲ့သို့ ဦးဇင်မောင်စိုးမှာလည်း ရင်ဘတ်နှင့် လည်ပင်းတို့တွင် မိုင်းစများထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ကသာမြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မီးဘေးအန္တရာယ်ကာကွယ်ရေး သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင်ထွက်မပြေးပါနှင့်။
ပတ်ဝန်းကျင်ကိုအကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်း၌ D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# နယ်မြေအခြေအနေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မူဆယ် (၁၀၅) မိုင်၌ ကုန်တင်ယာဉ်များ ပုံမှန်ဝင်ရောက်လာ

**မူဆယ် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်း၌ နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလာပြီဖြစ်သောကြောင့် ကုန်သွယ်ရေးဇုန်အတွင်းသို့ ကုန်တင်ယာဉ်များ ပုံမှန်ဝင်ရောက်လာကြပြီး ဒေသအတွင်း၌ ပြန်လည်စည်ကားစပြုလာကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အနီးတစ်ဝိုက်၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက တိုက်ပွဲများစွာ ဖြစ်ပွားမှုကြောင့် မူဆယ်-ကွတ်ခိုင် ပြည်ထောင်စုလမ်းမကြီးပေါ်၌ မော်တော်ယာဉ်များ ပြေးဆွဲမှုရပ်တန့်သွားပြီး ဒေသခံတချို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

အဆိုပါဒေသခံများ၊ ယာဉ်မောင်းများ ထွက်ပြေးသွားခဲ့စဉ် မူဆယ်ဒေသအတွင်းရှိ ဆိုင်များလည်း ဖွင့်လှစ်ရောင်းချခြင်း မရှိတော့သဖြင့် မူဆယ်ခရိုင်အတွင်း၌ ခြောက်ကပ်သွားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၅ ရက်မှစ၍ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီး ပြန်လည်ဖွင့်လှစ်ခဲ့ပြီး သက်ဆိုင်ရာဝန်ထမ်းများမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မှုကြောင့် ကုန်သွယ်ရေးဇုန်အတွင်းသို့ ကုန်တင်ယာဉ်များ ပုံမှန်ပြန်လည် ဝင်ရောက်ခဲ့ရာ ပို့ကုန်အဖြစ် ဆန်၊ ပဲအမျိုးမျိုး၊ ပြောင်း၊ သကြားနှင့် ဖရဲ၊ သခွားယာဉ်များဝင်ရောက်မှုရှိပြီး နေ့စဉ် တစ်ရက်ကို ကုန်တင်ယာဉ်အစီးရေ ဂျူတီဆောင်ပြီး ယာဉ် ၁၅၆ စီးမှ အစီး ၂၀၀ ခန့် ဝင်ရောက်မှုရှိခြင်း၊ သွင်းကုန် (Import) အဖြစ် ဓာတ်မြေသြဇာ၊ စက်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်းအမျိုးမျိုးတင်သွင်းမှုရှိပြီး နေ့စဉ်ကုန်တင်ယာဉ်အစီးရေ ဂျူတီဆောင်ပြီး ယာဉ် ၂၁၄ စီးမှ ၃၀၀ အထိ ဝင်ရောက်ခဲ့သည်။

ယခုရက်ပိုင်းအတွင်း ပို့ကုန်(Export) ကုန်တင်ယာဉ်အစီးရေနှင့် သွင်းကုန် (Import) ကုန်တင်ယာဉ်ကွင်းနှစ်ခုပေါင်း စီးရေ ၅၀၀ ကျော်အထိ ဝင်ရောက်မှုရှိပြီး ဝင်ရောက်လာသည့်



ယာဉ်များအနက် ဖရဲသီးယာဉ်များက ပို၍များကြောင်း သိရသည်။

၁၀၅ မိုင်အတွင်း နယ်မြေအခြေအနေ အနည်းငယ်တည်ငြိမ်အေးချမ်းသွားသော်လည်း တရုတ်ပြည်ဘက်မှ ဝယ်လက်များ မလာသေးခြင်းကြောင့် လောလောဆယ် ဖရဲနှင့်သခွား အရောင်းအဝယ်ကို နှစ်နိုင်ငံနယ်စပ် တရုတ်နိုင်ငံ ဝမ်တိန်မြို့ထဲတွင် ပြုလုပ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖရဲသီးယာဉ်တွေ လောလောဆယ် အနေအထားအရတော့ ကုန်စစ်ကွင်းထဲမှာ ဂျူတီဆောင်ရပ်ထားခဲ့ပြီး တရုတ်၊ မြန်မာနယ်စပ်ရှိ ရွှေနန်းတော်ဂိတ်၊ ဆင်ဖြူဂိတ်တွေမှာ စာအုပ်နှင့် တစ်ခါသုံးကတ်သွားလုပ်ရတယ်။ လုပ်တဲ့အခါမှာ ဆိုင်ကယ်ကယ်ရီခ အသွားအပြန်၊ ကားခ အသွားအပြန်ဆိုရင်တော့ ငွေကျပ် ၈၀၀၀ နှင့် ၁၀၀၀၀ ဝန်းကျင်လောက် ကုန်တယ်။ အရင်တုန်းကတော့ ကျင်ဆန်းကျော့မှာ လဝက ထိုင်တာတွေ့ရတယ်။ အခုတော့ လာထိုင်တာမရှိဘူး။ ဒါကြောင့် ဝမ်တိန်ထဲကိုဝင်ပြီး ရောင်းကြတယ်။ လောလောဆယ် အနေအထားအရ ဖရဲဈေးကွက် ၁ ကီလိုဂရမ်ကို သုံးကျပ်မှ သုံးကျပ်ခွဲထိ ရရှိပါတယ်" ဟု ဖရဲရောင်းဝယ်သူတစ်ဦးက ပြောသည်။

၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးအတွင်းသို့ ဝင်ရောက်လာကြသော ကုန်တင်ယာဉ်များ၏ ကားခဈေးနှုန်းများမှာ နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ အတက်ယာဉ် ကုန်ချိန် ၁ ပိဿာ ကို ငွေကျပ် ၉၀ မှ ၁၀၀ အထိရရှိပြီး အဆင်းယာဉ်ခ ကုန်ချိန် ၁ ပိဿာကို ငွေကျပ် ၅၈ ကျပ်မှ ၆၀ အထိ ရရှိခဲ့ခြင်း၊ ကုန်သွယ်ရေးဇုန်ကြီးအတွင်း၌ ပြည်နယ်အစိုးရအဖွဲ့ ့မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားများ ၈၀၀ ကျော်ရှိခဲ့ပြီး လက်ရှိအခြေအနေအရ ၆၀၀ ကျော် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ၎င်းတို့၏ တစ်နေ့တာလုပ်အားခမှာ ငွေကျပ် ၉၀၀၀ ကျော် ၁၀၀၀၀ ဝန်းကျင်ခန့် ရရှိနေပြီဖြစ်သည့်အတွက် ကုန်တင်ကုန်ချအလုပ်သမားမိသားစုဝင်များ၏ စားဝတ်နေရေး အထိုက်အလျောက် အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် လောလောဆယ်အနေအထားအရ လုပ်ငန်းခွင်ကို နံနက် ၈ နာရီခန့်တွင် ဝင်ရောက်လုပ်ကိုင်ကြပြီး ညနေ ၃ နာရီခွဲခန့်တွင် လုပ်ငန်းသိမ်းကြရပြီး ယခုရက်ပိုင်း နယ်မြေအခြေအနေ အနည်းငယ် ပြန်လည်ကောင်းမွန်လာသောကြောင့် ကုန်တင်ယာဉ်များ တဖြည်းဖြည်း တစ်ရက်နဲ့တစ်ရက် ပိုမိုဝင်ရောက်လာသည့်အတွက် ဒေသခံများလည်း ရောင်းဝယ်ရေးအတန်အသင့် အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်အတွင်းရှိ ကုမ္ပဏီများ၊ ပွဲရုံများမှာမူ သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်များအား တိုင်ပင်ညှိနှိုင်းပြီး မကြာခင်ရက်ပိုင်းအတွင်း ပြန်လည်ဖွင့်လှစ်လုပ်ကိုင် ဆောင်ရွက်သွားမည်ဟု သိရသည်။ ၁၀၅ မိုင် ယာဉ်ငယ်စစ်ဆေးရေးဂိတ်များက တာဝန်ကျဝန်ထမ်းများ၏ လုံခြုံရေးအတွက် အုတ်အကာအကွယ်များပြုလုပ်ပြီး ယာဉ်ငယ်စစ်ဆေးရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ကုန်သွယ်ရေးဇုန်၏ အတွင်းအပြင် လုံခြုံရေးကို တပ်မတော်စစ်ကြောင်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးအပြည့်ချထားပေးသည့်အတွက် ဒေသအတွင်း ပြန်လည်စည်ကားမှုရှိလာကြောင်း သိရသည်။

**သတင်း-သန့်ဇင် (မူဆယ်)၊ ဓာတ်ပုံ-ရိုးသျှား**

---

# သက်ငယ်မုဒိမ်းမှုများ၊ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်၊ အမြတ်ထုတ်မှုများဆိုင်ရာ အသိပေးချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များအား ကာကွယ် စောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏အခွင့်အရေးများအား မြှင့်တင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂။ များမကြာမီကာလများမှစတင်၍ လူမှုမီဒီယာများမှတစ်ဆင့် လည်းကောင်း၊ အခြားသောမီဒီယာများမှတစ်ဆင့် လည်းကောင်း ကလေးသူငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်အမြတ်ထုတ်မှုဆိုင်ရာဖြစ်စဉ်များ၊ သက်ငယ်မုဒိမ်းမှုများအား ကြားသိလာရသဖြင့် ပြည်သူလူထု စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ ဖြစ်လာရသည်။ ထိုဖြစ်စဉ်များကြောင့် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစရာဖြစ်လာပြီး နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ လူမှုရေးဘဝများ လုံခြုံရေးအတွက် ထိပါးလာသည့် အခြေအနေများ ဖြစ်ပေါ်လာသည်။

၃။ သက်ငယ်မုဒိမ်းမှုများသည် တည်ဆဲဥပဒေအရ ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်နိုင်သောပြစ်မှုဖြစ်သည်။ ထိုရာဇဝတ်မှုမြောက်သော ဖြစ်စဉ်များအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အလားတူ ဖြစ်စဉ်များ လျော့နည်းသွားစေရေး၊ ဖြစ်ပေါ်လာပါက အလျင်အမြန် သိရှိသတင်းပို့ တိုင်ကြားနိုင်ရေး၊ ထိခိုက်ခံစားရသော ကလေးသူငယ်များ လိုအပ်မည့်အကူအညီများအား အလျင်အမြန်ပေးနိုင်ရေးနှင့် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရေးတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၄။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ပြည်သူလူထုအနေဖြင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုများဖြစ်ပေါ် သည်ကို သိရှိပါက သို့မဟုတ် ဖြစ်ပေါ်နေကြောင်း သံသယရှိပါက လူမှုဝန်ထမ်းဦးစီးဌာန၏ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်အကြောင်းကြားနိုင်သည်-

၁။ ၀၆၇- ၄၀၄၉၉၉

၂။ ၀၆၇- ၄၀၄၂၂၂

**လူမှုဝန်ထမ်းဦးစီးဌာန**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

---


**ရှမ်းပြည်နယ်(လားရှိုး)ကျောက်မဲခရိုင်၊ သစ်တောဦးစီးဌာန**
**ကျွန်း/ထင်းရှူးပင်ကျပ်(သစ်/တိုင်/မျော)(၇၉၁၄)လုံးအား**
**လေလံတင်ရောင်းချရန်**
**လေလံကြော်ငြာအမှတ်(၂/၂၀၁၆)**

## ကြေညာခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်အတွင်းရှိ ကျွန်း/ထင်းရှူးပင်ကျပ်(သစ်/တိုင်/မျော)(၇၉၁၄)လုံးအား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျောက် မဲမြို့တွင် ၁၀-၁၂-၂၀၁၆ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် ၁-၁၂-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး လေလံလျှောက်လွှာတင်ခြင်းနှင့်စပေါ်ငွေပေးသွင်းခြင်းအား ၇-၁၂-၂၀၁၆ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျောက်မဲမြို့ ဖုန်း-၀၈၂-၄၀၀၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/6533,Daihatsu Hijet S 201P, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်မွန် ၁၂/သကတ(နိုင်)၁၄၃၉၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5190 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၁-၂၀၁၆ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ(၂၂)တွင် ၂၀၁၆ ခုနှစ်၊ တရားမ အယူခံမှုအမှတ်-၄၉၊ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၊ တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄၊ အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြား စာကြော်ငြာတွင် ပဲခူးမြို့နယ်အစား ဗဟန်းမြို့နယ် တရားရုံးတော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းလွင်ဦး ၈/ခမန(နိုင်)၁၃၈၂၇၆၏သဘော်သားလုပ်သက်မှတ်တမ်းစာအုပ် ရန်-၅၄၃၀/၁၂ ပျောက်ဆုံးသွားပါကြောင်း တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၀၉-၇၇၈၅၆၄၃၄၅**

## The Global New Light of Myanmar သတင်းစာတိုက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၆)

၁။ The Global New Light of Myanmarသတင်းစာတိုက်တွင် အသုံးပြုရန်လိုအပ်လျက် ရှိသည့်သတင်းစာစက္ကူအား အမေရိကန်ဒေါ်လာ+မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| စဉ် | ကုန်ကြမ်းအမည် | ဝယ်ယူမည့်ပမာဏ | | ကုန်ကြမ်းအမျိုးအစား |
|---|---|---|---|---|
| (က) | ၆၄ လက်မစက္ကူ (1626mm) | (၁၆၀၀) | တန် | Jeonju(Standard newsprint Paper)45gsm,Core 76mm, Diameter 1016mm. |
| (ခ) | ၃၂ လက်မစက္ကူ (813mm) | (၂၅၀) | တန် | Jeonju(Standard newsprint Paper)45gsm,Core 76mm, Diameter 1016mm. |
| (ဂ) | မင်အနက် | (၆၂၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (ဃ) | မင်အဝါ | (၆၄၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (င) | မင်အပြာ | (၅၀၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (စ) | မင်အနီ | (၅၈၀၀) | Kg | WEB Coldest Newspaper Printing Ink(Web Star Eco) |
| (ဆ) | အယ်ကာလိုင်း | (၈၀၀) | လီတာ | Makoto Mc Mt-96 |
| (ဇ) | CTP Plate | (၆၆၀၀) | ချပ် | UV-CTP Positive PS-Plate Size:1098x806x0.3mm Brand: VPC-H |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၁၁-၂၀၁၆ရက်မှ ၈-၁၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၁၂-၂၀၁၆ရက် နံနက် ၉နာရီမှ ၁၆း၃၀နာရီအတွင်း The Global New Light of Myanmarသတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်မည့် အစီအစဉ်အား ထပ်မံအသိပေးပါမည်။

**တင်ဒါတင်သွင်းရန်လိပ်စာ**
The Global New Light of Myanmar **သတင်းစာတိုက်**
**အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၈၆၀၄၅၃၀၊ ၈၆၀၄၅၃၂**

## ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၆-၁၉၇၂) စက်မှုအင်ဂျင်နီယာကျောင်းသားကျောင်းသူဟောင်းများ ကျောင်းဝင်ခြင်းရွှေရတုအထိမ်းအမှတ် (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်ညစာစားပွဲ ဖိတ်ကြားလွှာ

တစ်အူထုံ့ တကယ်မဆင်းကြပေမဲ့ အတူဆုံသူငယ်ချင်းဘဝနဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ကို "၁၉၆၆ ခုနှစ်မှာ MECHANICALနဲ့ စတင်ရောက်ရှိခဲ့ကြတဲ့ သူငယ်ချင်းတွေ၊ ၁၉၇၂ ခုနှစ်မှာ အတူတူဘွဲ့ရကြတဲ့ သူငယ်ချင်းတွေ၊ ကျောင်းပြီးပြီး၊ မပြီးပြီး၊ ဘွဲ့ရရ၊ မရရ၊ ၁၉၆၆-၁၉၇၂ခုနှစ်အတွင်းမှာ ခဏလေးဖြစ်ဖြစ် အတူတူတက်ရောက်ခဲ့ကြတဲ့ သူငယ်ချင်းတွေ"ကိုယ်တို့ကို ပညာသင်ပေးကြတဲ့ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများကို ကျေးဇူးဆပ်ကန်တော့ရင်း "ဆရာ၊ ဆရာမတွေနဲ့ တစ်ခါကတပည့်တွေ ကံမကုန်လို့ပြန်အဆုံ ပျော်စရာချည်းပေပဲ တပည့်တွေလည်း ဆံပင်ဖြူအသွင်မတူ ဇရာဖက်အသက်တွေ အရွယ်ရပေမယ့် ငယ်ဘဝစာသင်ခန်းကို ဘာမြင်မြင်အကုန်လွမ်းရအောင်"အောက်ပါအစီအစဉ်အတိုင်း ဆက်ဆက်လာရောက်ကြဖို့ ဖိတ်ကြားအပ်ပါသည်။

၁၉၆၆-၁၉၇၂ စာသင်နှစ်အတွင်းက အခြားဘာသာရပ်အားလုံးမှ သူငယ်ချင်းများအားလုံးကိုလည်း "ငါတို့ရဲ့ အထူးဧည့်သည်တော်ကြီးများ"အဖြစ် စရိတ်ငြိမ်းတက်ရောက်ပြီး ငါတို့ရဲ့ ဆရာများဖြစ်သလို မင်းတို့ရဲ့ဆရာတွေလည်းဖြစ်တဲ့ ဆရာများကိုအတူတူကန်တော့ရင်း သံယောဇဉ်ရှိခဲ့ကြတဲ့ သူငယ်ချင်းအားလုံး ကြုံတောင့်ကြုံခဲ့ပြန်လည်ဆုံတွေ့နိုင်ဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားပါသည်။

**ကျင်းပမည့်ရက်** - ၂၇-၁၂-၂၀၁၆ရက်(အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၅နာရီ
**ကျင်းပမည့်နေရာ** - ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၊ ကြို့ကုန်း။
**ဆော်သြသူများ**
**(ဆရာများရော သူငယ်ချင်းများပါ ဖိတ်စာမရောက်ရှိခဲ့ကြလျှင် ခွင့်လွှတ်ပါရန်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မသင်္ကာဖွယ် အချိုရည် လေးပုလင်းတွေ့ရှိသဖြင့် မိုင်းရှင်းလင်းပြီးစစ်ဆေးရာ ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ ပါဝင်ခြင်းမရှိ



**နေပြည်တော် နိုဝင်ဘာ ၂၉**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ယနေ့နံနက်ပိုင်းက M-150 အချိုရည်လေးပုလင်းပါဝင်သော ကြွပ်ကြွပ်အိတ်တစ်လုံးတွေ့ရှိသဖြင့် မိုင်းရှင်းလင်းရေးဆောင်ရွက်ခဲ့ပြီး စစ်ဆေးခဲ့ရာ ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ မတွေ့ရှိရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal -1 လေယာဉ်လက်မှတ် အရောင်းကောင်တာ အနီးရှိ ခုံပေါ်၌ အဝါရောင် အရည်ပျစ်များ ထည့်ထားသော M-150 အချိုရည်လေးပုလင်းပါဝင်သည့် အစိမ်းရောင်ကြွပ်ကြွပ်အိတ်တစ်လုံးကို မသင်္ကာဖွယ်တွေ့ရှိကြောင်း သတင်းအရ ယနေ့နံနက် ၉ နာရီခွဲက နယ်မြေခံတပ်မှ အထူးမိုင်းရှင်းလင်းရေးအဖွဲ့များက ရှင်းလင်းခဲ့ပြီး အချိုရည်ပုလင်းများအတွင်း ပါဝင်မှုကို ဓာတုဗေဒဝန်ရုံးက စစ်ဆေးခဲ့ရာ M -150 အချိုရည်ပုလင်းများအတွင်း အဆီနှင့် ဖော်စပ်ထည့်ထားသော တိုင်းရင်းဆေးတစ်မျိုးဟု ယူဆရပြီး ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ မတွေ့ရှိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခေါက်ဆွဲကြော်နှင့် သခွားချဉ်စားသုံးမိရာမှ အစာအဆိပ်သင့်

**ဘားအံ နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် လုပ်သားလမ်းရှိ ခွယ်ကဘောင်ပညာဥယျာဉ် ဘုန်းတော်ကြီးကျောင်း၌ စေတနာရှင်အလှူရှင်များစုပေါင်း၍ အာဟာရဖြစ်အစားအစာများ တည်ခင်းဧည့်ခံကျွေးမွေးရာ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက ဖွဲ့ကပင် -၂ကုန်းမိသားစုများအဖွဲ့က ကျွေးမွေးသည့် ခေါက်ဆွဲကြော်နှင့် သခွားချဉ် စားသုံးမိရာမှ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၈ရက် ကျောင်းချိန်တွင် ကျောင်းသားကျောင်းသူများ ကျောင်းသို့ရောက်ရှိလာခြင်းမရှိသဖြင့် စုံစမ်းမေးမြန်းရာ ကလေးများ ဖျား၊ တုန်ချမ်း၊ အော့အန်၊ ဝမ်းသွားနေကြသဖြင့် ကျောင်းတက်နိုင်ခြင်းမရှိသည်ကို သိရှိရပြီး အမှတ်(၁၃) ကျောင်းအုပ်ဆရာမကြီးက ကျောင်းကျန်းမာရေးဌာနသို့ အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာမှ အစာအဆိပ်သင့်မှု ဖြစ်ပွားကြောင်း သိရသည်။

အစာအဆိပ်သင့်မှုကြောင့် အမက(၁၃)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၇ ဦး၊ အမက(၈)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၆ ဦး၊ အထက ခွဲ(၃)မှ နှစ်ဦး၊ အထက (၄) ကျောင်းမှ ငါးဦး၊ ပြင်ပအရပ်သားလူကြီး တစ်ဦး၊ ကလေး လေးဦး၊ ခွယ်ကဘောင်ပညာဥယျာဉ် ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်တစ်ပါး၊ ကိုရင် ၁၉ ပါး၊ ဝိုင်းဝန်းလုပ်ကိုင်သူ သုံးဦး၊ ဓမ္မစကူး ဆရာမနှစ်ဦး စုစုပေါင်း ၁၁၀ တို့ ကိုယ်ပူပြီး တုန်ချမ်းကာ အဖျားတက်ခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်းနှင့် ဗိုက်အောင့်ခြင်း စသည့် ရောဂါဝေဒနာများ ခံစားကြရကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်သူများအနက်မှ ကိုရင်နှစ်ပါးနှင့် မူလတန်းကျောင်းသား သုံးဦးတို့မှာ နိုဝင်ဘာ ၂၈ ရက်က ဘားအံပြည်သူ့ဆေးရုံ၌ အတွင်းလူနာများအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြပြီး နိုဝင်ဘာ ၂၉ ရက်တွင် အစာအဆိပ်သင့်သူများထဲမှ ငါးဦး ထပ်မံ၍ အတွင်းလူနာများအဖြစ် ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လှိုင်မြို့နယ်တွင် ပလတ်စတစ်စက်ရုံ မီးလောင်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက် စပယ်ခြံ(၂)လမ်း အမှတ်(၆၆)၌ရှိသော ပလတ်စတစ်စက်ရုံ၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ Level(3) အဆင့်ဖြင့် မီးသတ်တပ်ဖွဲ့က အချိန်မီငြိမ်းသတ်နိုင်ခဲ့၍ ထပ်မံကူးစက်လောင်ကျွမ်းမှုကို တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

ပေ(၁၀၀×၆၀) ရှိ ဦးအောင်သန်း ပိုင်ဆိုင်သော ပလတ်စတစ်စက်ရုံ၌ အဆိုပါ ပလတ်စတစ်ကြိတ်စက်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၄၃ စီး၊ ရေသယ်ယာဉ် ကိုးစီး၊အထောက်အကူပြုယာဉ် ကိုးစီး၊ အုပ်ချုပ်မှုယာဉ်ရှစ်စီးနှင့် လူနာတင်ယာဉ် ၁၅ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့၍ စက်ရုံပိုင်ရှင်၏ သားဖြစ်သူ ဦးအေးထွန်းအောင်(၄၃နှစ်)ကို လှိုင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (၂၇၅)



**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

## ဗီဇာသက်တမ်းကျော်လွန်နေထိုင်သည့် တရုတ်နိုင်ငံသားကို အရေးယူ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တရားရုံး၌ နိုဝင်ဘာ ၂၅ ရက်က ဗီဇာသက်တမ်းကျော်လွန်နေထိုင်သည့် တရုတ်နိုင်ငံသားတစ်ဦးကို အလုပ်နှင့်ထောင်ဒဏ်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီခွဲက တရုတ်နိုင်ငံသား Mr.ZHU BINGHUA (pp No G-4623442) VISA No C 498934 ကို စစ်ဆေးခဲ့ရာ ၎င်း၏ နေထိုင်ခွင့်သက်တမ်းမှာ ၁၂-၄-၂၀၁၆ မှ ၂၁-၆-၂၀၁၆ အထိရှိပြီး စစ်ဆေးချိန်တွင် နေထိုင်ခွင့် သက်တမ်းကျော်လွန်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် ဗီဇာသက်တမ်းဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ပြည်ကြီး တံခွန်မြို့နယ် တရားရုံးက နိုဝင်ဘာ ၂၅ ရက်တွင် ၎င်းကို ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ အလုပ်နှင့် ထောင်ဒဏ် ခြောက်လကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ရဲဝင်းနိုင်နှင့်ခင်စိုးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်

# ဝါဂွမ်းစက်ရုံမီးလောင်မှုဖြစ်စဉ် စစ်ဆေးရာမှ ကွမ်းစားဆေးအတုများ သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် ကနောင်(၅)လမ်း ဝါဂွမ်းစက်ရုံရှိ ဂိုဒေါင်မီးလောင်မှုဖြင့် နိုဝင်ဘာ ၂၆ ရက် ညနေ ၃ နာရီက ပိုင်ရှင်ဖြစ်သူ မောင်မောင်အေး (၄၉ နှစ်) ကို ရွှေပြည်သာမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ပြီး မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယင်းဂိုဒေါင်၌ နိုင်ငံခြားကွမ်းစားဆေးထည့်သည့် ဘူးခွံများ၊ နိုင်ငံခြား ကွမ်းစားဆေးအတုများကို တွေ့ရှိခဲ့ရပြီး မီးလောင်မှုစတင်ဖြစ်ပွားရခြင်းမှာလည်း ကွမ်းစားဆေးအတုများကို ဘူးခွံများအတွင်းသို့ထည့်သွင်းပြီး အဖုံးပိတ်စက်ဖြင့် အဖုံးပိတ်စဉ် ဝိုင်ယာရှော့ဖြစ်ကာ ဝါဂွမ်းများသိုလှောင်ထားရှိသည့်နေရာသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည့်အပြင် မီးလောင်သည့် ဂိုဒေါင်နှင့် အခြားဂိုဒေါင်များအတွင်းမှ HALCHAL တံဆိပ်ပါ အဖုံးခွံ တစ်အိတ်လျှင် ၂၅၀ ပါ ၅၅ အိတ်၊ PARIJAT(Queen) တံဆိပ်ဘူးခွံ တစ်အိတ်လျှင် ၂၅၀ ဘူးပါ နှစ်အိတ်၊ HALCHAL တံဆိပ်ပါကတ္တူစက္ကူမီးလောင်ရေစိုလျက် ငါးအိတ်၊ မီးလောင်ထားသောဘူးခွံ ၁၀၀ ဘူးပါ ဆာလာအိတ်ခြောက်အိတ်၊ နိုင်ငံခြား ကွမ်းစားဆေးဟု ယူဆရသော ၁၀ ဘူးပါ စက္ကူဖာ ခြောက်ဖာနှင့် ရေစုပ်စက်တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ထိုသို့ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူ ရဲဝင်းနိုင် (၂၃နှစ်) နှင့် ခင်စိုး (၄၁နှစ်) တို့ကို ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဆရာဌေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဒီဇင်ဘာ (၃/၇/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

သာလွန်
နိုင်ငံရေးဝေါဟာရများ
နိုင်ငံရေးလေ့လာသူများ၊ ကျောင်းသား၊ ကျောင်းသူ များအတွက်
ထွက်ပြီ
သာလွန်စာအုပ်တိုက်
၀၁-၂၉၉၂၂၈၊ ၂၄၂၄၁၈၊ ၂၄၀၁၅၃

**ဖခင် အမည်မှန်**
မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာအုပ်စု ရေချိုကျေးရွာနေ မောင်ဇော်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်း ၉/မထလ(နိုင်)၀၂၅၁၈၇ ဖြစ်ပါသည်။ **ဦးမောင်သန်း**

**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း(ဗဟို) ရန်ကုန်မြို့**
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို)၏ ၂၀၁၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။
**ကျင်းပမည့်ရက်** - ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၃ရက် (စနေနေ့)နှင့် ၄ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - ၀၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ
**ကျင်းပမည့်နေရာ** - ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်စိန်ရတုခန်းမ
**မှတ်ပုံတင်ကြေး** - ကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်)တိတိ
**အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၆-၂၀၁၈ခုနှစ်)**

**သမီးအဖြစ်မှစွန့်လွှတ်ခြင်း**
သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ ၁၉/ အရှေ့၊ အမှတ် ၅၂ နေ ဦးသီဟ၏ သမီး မဇင်မာထက် ၁၂/သကတ(နိုင်)၁၉၂၅၀၉သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၎င်းမဇင်မာထက်နှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း အသိပေးအပ်ပါသည်။ **ဦးသီဟ**
**၁၂/သကတ(နိုင်)၀၉၄၉၅၂-ဒေါ်ပြည့်ပြည့်**

BLUE DIAMOND CEMENT
BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်း ဘိလပ်မြေ
STRENGTH FOREVER
OFFICE TEL : 09-777777688
ဘလူးဒိုင်းမွန်း ဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။



# ယူနန်-အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲ ဟံသာဝတီအသင်း ကွာတားဖိုင်နယ်မှထွက်ရ

**ယူနန် နိုဝင်ဘာ ၂၉**

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ ယူနန်-အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာကလပ် ဟံသာဝတီအသင်းသည် ထိုင်းပရီမီယာလိဂ်ချန်ပီယံ မြောင်တောင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။

ဟံသာဝတီအသင်းသည် ကိုကိုနိုင်၊ ရန်အောင်ဝင်း၊ ရွှေလိုင်ဝင်း၊ ပြည့်မိုး၊ အောင်မျိုးသူရစသည့် အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး မြောင်တောင်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် မြောင်တောင်အသင်း တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး ဟံသာဝတီအသင်း ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း အရာမထင်ခဲ့ပေ။ ၈၃ မိနစ်တွင် အောင်မျိုးသူရ နှစ်ဝါ၊ တစ်နီဖြင့် အထုတ်ခံခဲ့ရသည်။ ဟံသာဝတီအသင်းသည် ယင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ နှစ်ကြိမ်ဆက်တိုက် ထွက်ခဲ့ရခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

❍ *ကျော်ဖုံးမှ*

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အုပ်စုပွဲစဉ်များတွင် ဆိုးသွမ်းပရိသတ်အချို့၏ အလွန်အကြူးအားပေးမှုများကို ထိန်းချုပ်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ဆီမီးဖိုင်နယ်ပွဲစဉ်တွင်လည်း မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ ဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးအင်အားကို အုပ်စုပွဲစဉ်များထက် ပိုမိုအသုံးပြုမည်ဖြစ်ပြီး အရက်သေစာ သောက်သုံးထားသည့် ပရိသတ်များကို ကွင်းအတွင်း ဝင်ရောက်ကြည့်ရှုခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ယင်းပွဲအတွက် ကြိုတင်လက်မှတ်များကို ဒီဇင်ဘာ ၂ရက်နှင့် ၃ ရက်တို့တွင် စတင် ရောင်းချမည်ဖြစ်ပြီး အထူးတန်း ငွေကျပ် ငါးထောင်၊ ရိုးရိုးတန်း ငွေကျပ် သုံးထောင် သတ်မှတ်ထားသည်။ ကြိုတင်လက်မှတ်များကို သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်းနှင့် မြန်မာပလာဇာတို့၌ ရောင်းချမည်ဖြစ်ပြီး ပွဲကစားမည့်နေ့တွင်လည်း ထပ်မံရောင်းချမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အတွက် လက်မှတ်များရောင်းချရာတွင် အဝေးကွင်းပရိသတ်များကိုလည်း ရောင်းချပေးရမည်ဖြစ်သည်။

နိုဝင်ဘာ ၁၉ ရက် မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပွဲစဉ်များတွင် ပရိသတ်အားပေးမှု မြင့်မားခဲ့ပြီး မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲတွင် ပရိသတ် ၃၂၀၀၀ ကျော်အထိ လာရောက်အားပေးခဲ့သည်။ မြန်မာဘောလုံးပရိသတ်များသည် ဘောလုံးအားကစားအပေါ် အရူးအမူး အားပေးသူများဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း၏ တစ်ကျော့ပြန် အောင်မြင်မှုကို စိတ်ဝင်စားမှုမြင့်တက်လျက်ရှိရာ တစ်ခဲနက် လာရောက်အားပေးဖွယ်ရှိနေသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ဆီမီးဖိုင်နယ်တွင် အာဆီယံထိပ်သီး ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း အိမ်ကွင်း၊ အဝေးကွင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သောကြောင့် ကြောက်ရွံ့နေစရာမလိုဘဲ ရဲရဲတင်းတင်း ယှဉ်ပြိုင်ကာ ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ထိုင်းအသင်းနှင့် ယှဉ်ပါက အဆင့်တစ်ခု ကွာခြားနိုင်သော်လည်း အုပ်စုပွဲစဉ်များတွင် တစ်ပွဲထက်တစ်ပွဲ ကောင်းမွန်လာသည့် ခြေစွမ်း၊ မြန်မာကစားသမားများ၏ စိတ်ဓာတ်နှင့် ကြိုးစားမှုတို့ကြောင့် ဒီဇင်ဘာ ၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အိမ်ကွင်းပွဲတွင် ရလဒ်ကောင်း ရယူနိုင်ဖွယ်ရှိနေသည်။

၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာနှင့် လက်ရှိချန်ပီယံ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။




# မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများ တတိယအကြိမ် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများ တတိယအကြိမ် ကိုယ်ပိုင်ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ နိုဝင်ဘာ ၂၇ ရက် ညနေ ၆ နာရီက ကျင်းပခဲ့သည်။

အလယ်တန်းအဆင့် ဘောလုံးပြိုင်ပွဲတွင် တတိယဆုရ ပညာစံအိမ်ကျောင်းအသင်းနှင့် ဒုတိယဆုရ UNITY ကျောင်းအသင်းတို့မှ အားကစားသမားများကို ကိုယ်ပိုင်ကျောင်းများအသင်းမှ ကျောင်းအုပ်ကြီးများက တစ်ဦးချင်း ဆုတံဆိပ်များ၊ ဆုငွေနှင့် တံခွန်စိုက်ဆုဖလားများပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ မြတ်ပါရမီ ပညာရွှေပြည်ကျောင်းအသင်းမှ အားကစားသမားများကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က ဆုတံဆိပ်များ၊ ဆုငွေနှင့် ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

အထက်တန်းအဆင့် ဘောလုံးပြိုင်ပွဲတွင် တတိယဆုရ ပညာစံအိမ်ကျောင်းအသင်းနှင့် တတိယဆုရ စံသရဖူကျောင်းအသင်းတို့မှ အားကစားသမားများကို ကိုယ်ပိုင်ကျောင်းများအသင်းမှ ကျောင်းအုပ်ကြီးများက ဆုတံဆိပ်များ၊ ဆုငွေနှင့် တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ကြပြီး ဗိုလ်စွဲသွားသည့် စံဟိန်းကျောင်းအသင်းအား မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ CAE ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းမော်က ဆုတံဆိပ်များ၊ ဆုငွေနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


## အလိုတော်ပြည့်ဘုရားအခါတော်ဥ္ဖာန်ပြုဆုတောင်းပွဲတော်

ပြည်တွင်းပြည်ပသာသနာပြုအလိုတော်ပြည့်ဆရာတော်ကြီးဒေါက်တာဘဒ္ဒန္တအရိယဝံသ ဦးစီးကျင်းပသည့်ပုဂံညောင်ဦး အလိုတော်ပြည့်ဘုရား ဆုတောင်းအခါဥ္ဖာန်ပွဲတော်ကို (၁၃၇၈ခုနှစ်၊နတ်တော်လပြည့်)နေ့ ၂၀၁၆ ခုဒီဇင်ဘာလ(၁၄)ရက်နေ့မှ (ဗုဒ္ဓဟူးနေ့)နံနက်(၉:၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ရန်ကုန်မြို့မှ လိုက်ပါလိုသော ဓမ္မမိတ်ဆွေများသွားလာမှု အဆင်ပြေစေရန်မော်တော်ယာဉ်များစီစဉ်ထားပြီးဖြစ်ပါ၍ ကြိုတင်လက်မှတ်များဝယ်ယူနိုင်ပါသည်။
ခရီးစဉ် (ပုဂံ -ညောင်ဦး -ပခုက္ကူ -မုံရွာ -စစ်ကိုင်း-မန္တလေး -ပြင်ဦးလွင်) (၅)ညအိပ် (၆)ရက် (စားတည်းငြိမ်း)၊ ထွက်မည့်ရက် (၁၂-၁၂-၂၀၁၆) ညနေ (၆:၀၀)နာရီ၊ ဆက်သွယ်ရန် - ဦးစံအောင်ကျော်-ဒေါ်မနီပြည့်လမ်း၊(၁၀)ပိုင်ကုန်း၊ လေဆိပ်ကားလေးဂိတ်အနီး၊ ဖုန်း - ၀၉ ၅၁၇၆၆၉၃၊ ၀၁ ၆၆၆၉၃၅၊ ၀၉ ၉၇၅၂၁၇၅၁၊ ၀၉ ၇၉၉၆၉၇၆၄၅၊ မီဘာဓမ္မဌာ ဘုရားဖူးပို့ဆောင်ရေး (၉၀)၊ဗိုလ်သုခလမ်း၊ကွမ်းခြံတန်းလမ်းထိပ်၊ကြည့်မြင်တိုင်၊ ဖုန်း - ၀၉ - ၅၀၃၁၀၇၀၊ ၀၉ ၂၆၂၀၂၅၅၉၅










# ပေါ်တော်မူကမ္ဘာ့ရန်အောင်၊ မာန်အောင် ဆုတောင်းပြည့်စေတီတော်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူ

**ပုသိမ်ကြီး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နမ်းကြဲကျေးရွာအုပ်စု နှစ်ကျိပ်ရှစ်ဆူ ပေါ်တော်မူရွှေမေတ္တာအောင်၊ ပေါ်တော်မူ နဂါးတွင်းတောင်ထိပ်၌ တည်ထား ကိုးကွယ်သော ကမ္ဘာ့ရန်အောင်၊ မာန်အောင် ဆုတောင်းပြည့်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို နိုဝင်ဘာလစတုတ္ထပတ်က ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားတွင် မန္တလေးမြို့နန်းတော်ရှေ့နေ ဦးလှတင်-ဒေါ်ဒေါ်ကံ (အားသစ်) မိသားစုနှင့် ရပ်ဝေးရပ်နီးမှ အလှူရှင်များက သံဃာတော်အရှင်သူမြတ်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြပြီး ရေထွက်ကျေးရွာ ဓမ္မပါလ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# စက်သုံးဆီလက်ကားဈေးနှုန်း အရင်းဈေးမပြောင်းသော်လည်း ရန်ကုန်မြို့တွင်း၌ ရောင်းဈေးမြင့်တက်

**ရန်ကုန် နိုဝင်ဘာ ၂၉**

နိုဝင်ဘာလ တတိယပတ်အတွင်း ပြည်ပမှ တင်သွင်းလာသော စက်သုံးဆီလက်ကား ရောင်းဈေးနှုန်းဆိပ်ကမ်းရောက်အရင်း ဈေးနှုန်းများ ပြောင်းလဲမှုမရှိသော်လည်း ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင် ဈေးနှုန်းများ မြင့်တက်လာကြောင်း ဝယ်ယူသုံးစွဲသူများက ပြောသည်။

ပြည်ပမှတင်သွင်းလာသော စက်သုံးဆီအရင်းဈေးနှုန်းမှာလည်း အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အတွင်း ဆိပ်ကမ်းရောက် တစ်ပတ်အတွင်းပျမ်းမျှ အောက်တိန်း ၉၂ တစ်လီတာလျှင် ၆၀၃ ကျပ်၊ ဒီဇယ်တစ်လီတာ ၆၀၈ ကျပ် ရှိခဲ့သည်။ သို့သော် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အတွင်း အောက်တိန်း ၉၂ တစ်လီတာလျှင် အရင်းဈေး ၅၇၆ ကျပ်၊ ဒီဇယ်တစ်လီတာ ၅၇၈ ကျပ်၊ နိုဝင်ဘာ ၇ ရက် မှ ၁၁ ရက်အတွင်း အောက်တိန်း ၉၂ တစ်လီတာ ၅၅၀ ကျပ်၊ ဒီဇယ်တစ်လီတာ ၅၅၉ကျပ်၊ နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်အတွင်းတွင်မူ အောက်တိန်း ၉၂ တစ်လီတာ ၅၅၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၅၆၀ ကျပ်နှုန်းသာရှိသည်ဟု အပတ်စဉ်ထုတ်ပြန် အသိပေးမှုများမှ သိရသည်။

ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်အများစုတွင် အောက်တိုဘာလကုန်ထိ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်၊ ဒီဇယ်တစ်လီတာ ၆၅၀ကျပ်ဖြင့် ဝယ်ယူရသည်။ နိုဝင်ဘာလဒုတိယပတ်တွင်မူ အောက်တိန်း ၉၂ တစ်လီတာ ၆၃၀-၆၄၀ ကျပ်၊ ဒီဇယ်တစ်လီတာ ၆၃၀-၆၄၀ ကျပ်ဖြင့် ဝယ်ယူရသည်။ အချို့သော စက်သုံးဆီဆိုင်တွင် နိုဝင်ဘာ ၁၈ ရက်တွင် အောက်တိန်း ၉၂ တစ်လီတာ ၆၁၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၆၂၀ ကျပ်နှုန်းဖြင့် ရောင်းချမှုမြင်တွေ့လာရသည်။ ဆိုင်အများစုတွင်မူ ၆၃၀ ကျပ် နှုန်းဖြင့် ရောင်းချမှုရှိခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်ဒေါ်လာလျှင် ငွေကျပ် ၁၃၅၀ ဝန်းကျင်သို့ ရောက်ရှိလာသော နိုဝင်ဘာလနောက်ဆုံးပတ်တွင် အောက်တိန်း ၉၂ နှင့် ဒီဇယ်တစ်လီတာ ရောင်းဈေး ၆၄၀ ကျပ်သို့ ဈေးမြင့်တက်လာမှု ကြုံတွေ့လာရသည်။

နိုဝင်ဘာ ၂၅ ရက် ဘုရင့်နောင်လမ်းမပေါ်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တွင် အောက်တိန်း ၉၂ တစ်လီတာ ကျပ် ၆၄၀(တစ်ဂါလန် ၂၉၁၀ကျပ်)၊ ဒီဇယ်တစ်လီတာ ၆၄၀ကျပ် (တစ်ဂါလန် ၂၉၁၀ ကျပ် )နှုန်းဖြင့် ရောင်းချသည်ကိုမြင်တွေ့ရသည်။

သို့သော် ယင်းဆိုင်အနီးရှိ စွမ်းအင်ဝန်ကြီးဌာနပိုင် စက်သုံးဆီအရောင်းဆိုင်တွင် အောက်တိန်း ၉၂ တစ်ဂါလန် ၂၈၂၀ ကျပ်နှုန်း၊ ဒီဇယ်တစ်ဂါလန် ၂၅၅၀ ကျပ်နှုန်းဖြင့် လွတ်လပ်စွာဝယ်ယူနိုင်သည်ဟု အသိပေးစာမြင်တွေ့ရသည်။

ဈေးကွက်စီးပွားရေး စနစ်အရ ဈေးကွက်အတွင်း ဈေးနှုန်းထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်း ပြုလုပ်လေ့မရှိသော်လည်း အချို့သော ကုန်စည်ရောင်းဝယ် သူများ၏ ဈေးကွက်အတွင်း လက်ဝါးကြီးအုပ် ဈေးနှုန်းမြှင့်တင်ပြောင်းလဲခြင်းများကိုမူ ပပျောက်ရန် နည်းလမ်းရှာသင့်သည်။ ကုန်စည်ပစ္စည်းများနှင့် ပတ်သက်သော ဈေးနှုန်းရောင်းလိုအား၊ ဝယ်လိုအားစသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အများပြည်သူ သိရှိရန်ထုတ်ပြန်ပေးခြင်း၊ မျိုးတူကုန်ပစ္စည်းများ ပြည်တွင်းတွင် မလိုအပ်ဘဲ ဈေးနှုန်းမြှင့်တင်မှုရှိခဲ့ပါက ဈေးနှုန်းနိမ့်နေသော ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို ပြည်ပရင်းနှီးမြှုပ်နှံသူများ ပြည်တွင်းဈေးကွက်တွင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းဝယ်ခြင်းများ ပြုလုပ်ပေးခြင်းဖြင့် ဈေးကွက်တွင် ယှဉ်ပြိုင်ဖြန့်ဖြူးရောင်းချမှုရှိစေလိုသည်။

သို့မှသာ ယခုရက်ပိုင်းထပ်မံကြုံတွေ့နေရသော စက်သုံးဆီဈေးနှုန်းများ အရင်းဈေးနှင့် လက်ကားဈေးမပြောင်းသော်လည်း မြို့တွင်းလက်လီဈေးမြှင့်တင်နေပြီး နိုင်ငံပိုင်စက်သုံးဆီဆိုင်ဈေးနှုန်းများထက်မြင့်နေခြင်းများ လျော့နည်းသွားနိုင်မည်ဟု နေ့စဉ်စက်သုံးဆီဝယ်ယူသုံးစွဲနေသူများက ပြောကြားလျက်ရှိသည်။

**ခင်ဆိုင်**

# မိတ္ထီလာမြောက်ကန်ပတ်လမ်းအား ဂန့်ဂါးလမ်းခင်းခြင်းဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

မိတ္ထီလာမြို့ရှိ မိတ္ထီလာမြောက်ကန်ပတ်လမ်းအားဂန့်ဂါးလမ်းခင်းခြင်းကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။



“မိတ္ထီလာမြောက်ကန် ကန်ပတ်လမ်း အကျယ် ၃၅ ပေ၊ အရှည် ပေ ၇၀၀၀ ကန်တောင်ဘက်ထိပ် ဓမ္မသုခရွှေစည်းခုံစေတီတော်အနီးက ကန်မြောက်ဘက်ထိပ် ကျောက်တံတားကွေ့အနီးထိ ဂန့်ဂါးလမ်းခင်းခြင်းကို ဆောင်ရွက်နေတာ မကြာမီပြီးစီးတော့မှာ ဖြစ်ပါတယ်”ဟု ယင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်ကျော်က ပြောသည်။

မိတ္ထီလာမြောက်ကန်အား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ပြန်လည်တူးဖော်ခဲ့ပြီးနောက် ကန်ပတ်လမ်းပေါ်မှတစ်ဆင့် ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း၊ ဓမ္မသုခရွှေစည်းခုံစေတီတော်အား သွားရောက်ဖူးမြော်ခြင်း၊ ညနေဆည်းဆာရှုခင်း ကြည့်ရှုခြင်းများကို ဒေသခံများ နေ့စဉ်ပြုလုပ်နေရာ ယခုကဲ့သို့ ကန်ပတ်လမ်းအား ဂန့်ဂါးလမ်းခင်းခြင်းဆောင်ရွက်ပေးသဖြင့် ယခင်ကထက် မိတ္ထီလာမြောက်ကန်ပတ်လမ်းမှာ သာယာစည်ကားလာမည်ဖြစ်ပြီး ခရီးလမ်းလည်း ပိုမိုအဆင်ပြေ ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကျိန္တလီမြို့၌ ဓာတ်မြေဩဇာပေးအပ်ပွဲကျင်းပ

**ကျိန္တလီ နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် ကျိန္တလီမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဓာတ်မြေဩဇာပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကိုင်းခုံကျေးရွာနှင့် သဲကုန်းကျေးရွာများမှ ဆောင်းသီးနှံစိုက်တောင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သံဃာတော်များအား အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးအခမဲ့ထိုးနှံပေး

**ညောင်လေးပင် နိုဝင်ဘာ ၂၉**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ညောင်လေးပင်မြို့နယ် ကျန်းမာရေးကွန်ရက်နှင့် အသည်းဖောင်ဒေးရှင်း (Liver Foundation)တို့ ပူးပေါင်းဆောင်ရွက်သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးအခမဲ့ထိုးပေးခြင်းကို နိုဝင်ဘာလ စတုတ္ထပတ်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဘုရားကြီးလမ်းရှိ တောရကြီးပရိယတ္တိစာသင်တိုက်၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အသည်းရောင်အသားဝါ (ဘီ)ပိုးကာကွယ်ဆေး အခမဲ့ထိုးပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်သိန်း ဦးဆောင်၍ ညောင်လေးပင်မြို့နယ်ဆရာဝန်အသင်းမှ ဒေါက်တာနိုင်အောင်၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် မြို့နယ်ကျန်းမာရေးကွန်ရက်အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ပြီး ညောင်လေးပင်မြို့ ဘုရားကြီးလမ်းရှိ တောရကြီးပရိယတ္တိစာသင်တိုက်၌ သံဃာတော် ၇၅ ပါးအား ပထမအကြိမ်အဖြစ် ဘီပိုးရောဂါ ရှိ မရှိ စစ်ဆေးပေး၍ အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



## သတင်းတိုထွာ

### အမ်းမြို့နယ်တွင် လျှပ်စစ်မီးရရှိရေးဆောင်ရွက်

ရခိုင်ပြည်နယ် အမ်းမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးရရှိရေးအတွက် ရခိုင်ဖွံ့ဖြိုးရေးကုမ္ပဏီမှ အမ်းမြို့နှင့် ၁၀ မိုင်အတွင်းရှိ ကျေးရွာကိုးရွာကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း 33/KV ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းနှင့် 33/11KV 5MVA ဓာတ်အားခွဲရုံအား ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး အမ်းမြို့ပေါ်ရပ်ကွက်ရှိ အိမ်သုံးမီတာများ၊ ပါဝါမီတာများကို နိုဝင်ဘာလစတုတ္ထပတ်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးစီးလိုင်နှင့်ဝန်ထမ်းများက ကွင်းဆင်း၍ မီးသုံးစွဲသူများ စနစ်တကျသုံးစွဲကြရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ပညာပေး ဟောပြောပွဲများပြုလုပ်ကာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ**

### ဇီးကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်နဖားအုပ်စု ဂုတ်ကုန်းကျေးရွာ တောင်သူ ဦးဝင်းမြင့်ပိုင် ဆောင်း၊ မိုးစပါးခင်းအား နိုဝင်ဘာလစတုတ္ထပတ်က မိုးစပါးစံကွက် ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှ ၇၂ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရ သည်။

အဆိုပါ မျိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး၊ သစ်နဖားအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

### သဘော်ဆိပ်အတက်လမ်းနှင့် မြေထိန်းနံရံပြုပြင်ဆောင်ရွက်

ပလက်ဝမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပလက်ဝမြို့၏ အဓိကလူသွားလမ်းဖြစ်သော သဘော်ဆိပ်အတက်၊ အဆင်းလမ်းကို ခရီးသွားပြည်သူများသွားလာရေးအဆင်ပြေစေရန်အတွက် ငွေကျပ်သိန်း ၂၀၀ သုံးစွဲပြီး လှေကားထစ်အဖြစ် ပြုပြင်ခြင်းနှင့် သဘော်ဆိပ်လမ်း၏ မြေထိန်းနံရံကို မြို့သာယာလှပရေးကုန်စည်သယ်ယူရာတွင် ကောင်းမွန်စေရေးအတွက် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### သက်ငယ်မုဒိမ်းလျှော့နည်းပပျောက်ရေး ဟောပြော

မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းလျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလစတုတ္ထပတ်က ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်လင်းက မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုလျှော့နည်းပပျောက်ရေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(၁၀၁)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် "ရတနာနန္ဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနန္ဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ကဆုန်ပေါက်နရီ

*ယခင်အပတ်မှအဆက်*

## ဆူးငှက်

ဒီဆရာအလှည့်မို့ ဒီလ ဘာညွှန်း၊ ဘာဇောင်းပေးမှာဆိုတာလည်း ခန့်မှန်းရတာ ပျော်စရာကောင်းလာ၏။ အတော်လည်း အပျင်းပြေလာသည်။ ထားတော့။

ရွှေဝတ်ရည်က ပထမကနဦးစာအုပ်ထွက်လာဖို့ ပြင်ဆင်နေတာ အတောင်ရင့်သန်နေပြီ။ ကဏ္ဍတွေ စုံသလောက်ရှိလာပြီ။ မကြာခင် ထွက်တော့မည်ဆိုသောသတင်းကလည်း ပင့်သက် မထားကာ မျှော်လင့်နေရသည်။ မှတ်မှတ်ရရ။ ကိုသိုက်ထွန်းသက်တို့၊ ရဲသျှမ်းတို့ရှိရာ ကိုညီပုလေးစာအုပ်ဆိုင်ရှေ့ ဗာဒံပင်ရိပ်မှာ ခဏတစ်ဖြုတ် ဝင်ရောက်နားနေပြီး ကိုသိုက်ထွန်းသက်နှင့် ပြန်အထ လမ်းမှာ ဆရာဝင်းစည်သူနှင့် အမှတ်မထင်တွေ့တော့ ဆရာက ကိုသိုက်ထွန်းသက်ကို ရွှေဝတ်ရည်က အရေးတကြီး စာပေဝေဖန်ရေး ဆောင်းပါးတစ်စောင် တောင်းနေကြောင်း၊ စာအိုးကဲ့သို့ စုရေးပေးရန်ဖြစ်ကြောင်း ပြော၏။ သို့သော် ဒီဆရာများမှာက "စာအိုး" တာဝန်ကို မအားမလပ် ထမ်းဆောင်နေရတော့ ရွှေဝတ်ရည်ကပေးသော တာဝန်ကို ထပ်ဆင့်ထမ်းဖို့ အချိန်မပေးနိုင်ဖြစ်နေကြပုံရသည်။ အားကြိုးမာန်တက်မရှိလှ။ သို့သော် ဆရာဝင်းစည်သူက တာဝန်ယူခဲ့ပြီးပုံလည်းရ၏။ သည်ကိစ္စပြောနေသည်က ၃၃ လမ်းအထက် ၈၃ လမ်းထောင့် နေပူလယ်ကောင်မှာ။

နောက်ဆုံး ဆရာဝင်းစည်သူက တစ်စုံတစ်ရာ ဆုံးဖြတ်လိုက်တော့သည်။ စာမူက မနက်ဖြန်ကိုပဲပေးတော့မည်တဲ့။ ဒါကြောင့် မြန်မြန်ဆုံးဖြတ်ရမည်။ ဒီလိုလုပ်။ တစ်ယောက်ယောက်ကို ဦးတည်ပြီး သူ့ဝတ္ထုတိုတွေကို ဝေဖန်၊ ဒီလိုလစဉ် ဆရာတစ်ယောက်စီတစ်ယောက်စီရဲ့ ဝတ္ထုတွေ ဝေဖန်ကြမည်တဲ့။ ကဲ ပြောနေကြာတယ်ဗျာ၊ ပထမဆုံးလမှာ ကိုသိုက်ထွန်းသက်ဝတ္ထုတွေ စဝေဖန်မယ်ဆိုတော့ ကိုသိုက်ထွန်းသက်ကလည်း သဘောတူသည်။ ကဲဒါဆိုပြတ်ပြီ။ ဘယ်သူတွေက ရေးမှာလဲဟု ကိုသိုက်ထွန်းသက်မေးတော့ ဆရာဝင်းစည်သူက "ဒီလိုလုပ်ဗျာ၊ ကိုသိုက်ဝတ္ထုတွေအပေါ် အမြင်ကို တစ်ယောက်စီရေးကြမယ်။ ပြီးတော့စုလိုက်မယ်။ တစ်ပုဒ်ဖြစ်ရော။ ဒီလိုလုပ်ဗျာ၊ ဟိုလူတွေနဲ့လည်း မတွေ့သေးဘူး။ (ကျွန်တော့်ဘက်လှည့်၍) ကိုသိုက်ဝတ္ထုတွေအပေါ် အမြင်ကို နှစ်မျက်နှာစာလောက်ခင်ဗျားလည်းရေးလိုက်ပါ။ နက်ဖြန်ခါ ရချင်တယ်ဗျာ။ ကျွန်တော်လည်း ရေးခဲ့မယ်။ ဟိုဆရာတွေလည်း ရေးခိုင်းမယ်။ ကဲ အချိန်မရှိဘူး လမ်းခွဲစို့" ဟု ဆိုကာ ဆရာဝင်းစည်သူက ၃၃ လမ်းအတိုင်း ဆင်းသွားသည်။

ဆိုပါစို့။ နောက်ရက်တွင် ကိုသိုက်ထွန်းသက် ဝတ္ထုတွေအပေါ် ကျွန်တော့်ဝေဖန်ချက်ကို ယူသွားတော့ ဆရာများမှာ စာအိုးနှင့် မအားမလပ်နေတော့ ဘယ်သူမှ ဘာမှမရေးရသေး။ ထိုအခါ ဆရာဝင်းစည်သူက ကျွန်တော့်ကော်ပီကို ကြည့်ကာ ဟာ ဒါဆိုပြီးနေပြီပဲ။ ကျွန်တော်တို့ မရေးတော့ပါဘူး။ ခင်ဗျားနဲ့တင် ပြည့်စုံသွားပြီပဲ။ ကျွန်တော် အခုပဲ ရွှေဝတ်ရည်သွားပေးလိုက်တော့မယ်။ နေဦး ကလောင်နာမည်စဉ်းစားကြရအောင်၊ ဒီလိုလုပ်ဗျာ "ရှားပန်း" ကြိုက်လားဟုဆိုကာ ကော်ပီကိုကိုင်ကာ ဆိုင်ကယ်ဖြင့် ဝူးခနဲ ထွက်သွားတော့၏။ ဤသို့ဖြင့် ကျွန်တော်လည်း ရွှေဝတ်ရည်မှာ "ရှားပန်း" နာမည်ဖြင့် ဝေဖန်ရေးတွေရေးဖြစ်တော့သည်။ ရန်ကုန်က မဟေသီမဂ္ဂဇင်းကြီးမှာ တာဝန်ယူထားရသဖြင့် မအားမလပ်ဖြစ်နေသောကြောင့် မန္တလေးရွှေဝတ်ရည်မှာ ကျွန်တော့်အတွက် နေရာကလေး တစ်ခုပေးခဲ့သော ဆရာဝင်းစည်သူကလည်း လစဉ်ကော်ပီပေးရမည့်ရက်ဆိုလျှင် လစဉ်ရေးဖြစ်အောင် တိုက်တွန်းသည်။ ကျွန်တော်တို့ကိုကြည့်ပြီး ကိုအော်ပီကျယ်က ကာတွန်းလေး တစ်ပုဒ်ဖြင့် ကလိသည်။ ထိုကာတွန်းက ရွှေဝတ်ရည်အမှတ်(၃)မှာပါ၏။

ရွှေဝတ်ရည်မှာ "ရှားပန်း" နှစ်ပုဒ် သုံးပုဒ်ရေးဆဲပင် ဆရာမောင်သစ်လွင်(လူထု)က ကျွန်တော့်ကို ခေါ်တွေ့သည်။ ကျွန်တော့် အရေးအသား စကားအသုံးအနှုန်းတချို့က ခွာတကြွကြွ၊ ချိုတဝင့်ဝင့်ဖြစ်နေတော့ သင်ကြားသည်။ တည့်မတ်ပေးသည်။ ဤသို့ဖြင့် ရွှေဝတ်ရည်မှာ ဆရာသိုက်ထွန်းသက်ဝတ္ထုတွေကို ပဟေဠိအဖြေညှိစရာပုစ္ဆာတွေဟု ပြောခဲ့သလို ဆရာကိုရိုးကွန့်ဝတ္ထုတွေ ဖတ်ရတာကိုလည်း အညာဆန်မီးသဘော်ကြီးနှင့် ခရီးသွားရသလို တင်စားခဲ့သလို၊ ဆရာကျော်စွာထက်၏ "တစ်ချိန်ကတော့ အကြောင်းအရာနဲ့ ပုံသဏ္ဌာန်မှာ အကြောင်းအရာသာ ပဓာနဆိုတဲ့ အယူအဆတွေ တော်တော်လွှမ်းမိုးခဲ့တယ်။ ကဗျာရေးရင် အတတ်ပညာချို့တဲ့တာ၊ မချို့တဲ့တာ အရေးမကြီးဘူး၊ အရေးကြီးတာက အဘိဓမ္မာ မချို့တဲ့ဖို့ဘဲ ဆိုတဲ့စကားလုံးတွေနဲ့ လှုတွင်ကျယ်လုပ်ခဲ့တဲ့ လက်ဝဲဝါဒီတွေက စာပေလောကမှာ တော်တော်နေရာရခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကြောင့်ပဲ ကျွန်တော်တို့စာပေဟာ တော်တော်ပျက်စီးခဲ့ရတယ်" ဟူသော ၁၉၈၉ ဒီဇင်ဘာလ ပေဖူးလွှာမဂ္ဂဇင်းပါ အင်တာဗျူးအပေါ် အစာမကြေ ပြန်လှန်ရေးသားခဲ့သည်။

ထို့ပြင် မန္တလေးက စာရေးဆရာမ (၄)ဦး ဝတ္ထုတိုတွေကိုလည်း အားမနာလျှာမကျိုး ပြောဆိုခဲ့ဖူးပါ၏။ ရွှေဝတ်ရည်အမှတ် (၄) မှာတော့ " သံမဏိပျိုးခင်းထဲက နှစ်သစ်ကြိုသီချင်းသံ" ဟူသော ခေါင်းစီးအောက်၌ " ဒီနေ့ အနုပညာပစ္စည်းတွေ ဖန်တီးနေကြတဲ့ ကျွန်တော်တို့တစ်တွေ ပရိသတ်ရဲ့ အာသီသကို ဘယ်လောက်ထိ ပြည့်အောင်ဖြည့်နိုင်ခဲ့ကြသလဲ၊ ဘယ်လောက်ထိ သူတို့ရဲ့ဝေဒနာကို ကိုယ်စားပြုနိုင်ပြီလဲ၊ သေချာတာတစ်ခုကတော့ ကျွန်တော်တို့ဟာ ဗီဇ၊ ပါရမီနဲ့ အစဉ်အလာကို တပြုပြုလုပ်ပြီး အနုပညာသက်သက်မှာပဲ တလှွဲဆံပင်ကောင်းနေကြတယ်။ စူးစမ်းလို၊ တွေးခေါ်လို၊ တွန်းထွက်လို၊ တည်ထောင်လိုတဲ့ ဇာတိစိတ်ကလေးတောင် အားမထုတ်လိုကြဘူး။ အခက်အခဲအမျိုးမျိုးကြားက မိမိအနုပညာပစ္စည်းကို ပစ်မှတ်ဆီထိမှန်အောင် ပစ်လွှတ်ဖို့ မကြိုးစားခင်ကဘဲ ဆင်ခြေတွေကို အိတ်ထောင်ထဲ အရန်သင့် ထည့်ထားကြတယ်။

နာမည်ကြီး ကျော်ကြားလိုခြင်း ဝေဒနာ၊ ပုံနှိပ်စာလုံးပါ အရေအတွက်၊ စင်မြင့်ထက်က ဂုဏ်ပြုလွှာ၊ လုံးချင်း၊ ပေါင်းချုပ်ရောဂါတွေက ကျွန်တော်တို့ကို စွဲကပ်နေတယ်။ ဒီလိုနဲ့ ပရိသတ်ဟာ 'သမိုင်းဘီး' နောက်က တစ်ဟုန်ထိုး အုတ်အော်သောင်းတင်းလိုက်ပါသွားချိန်မှာ ကျွန်တော်တို့တစ်တွေကတော့ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်းမှာပဲ တစ်ခါတစ်ခါ သီအိုရီတွေ အပြိုင်အဆိုင်ရွတ်တဲ့ ကြက်တူရွေးဖြစ်လိုက်၊ တစ်ခါတစ်ခါ ရောင်းကုန်ပစ္စည်းကို အင်္ဂလန်က ဘင်သံနဲ့ ကြော်ငြာနေတဲ့ မျက်လှည့်ဆရာဖြစ်လိုက်၊ တစ်ခါတစ်ခါ စာမျက်နှာပေါ်မှာ အပြန်အလှန် ဆဲရေးသတ်ပုတ်တဲ့ ငါးစိမ်းသည်ဖြစ်လိုက်၊ ဒီလိုနဲ့ မိမိအနုပညာပစ္စည်းကို ပရိသတ်ဝေဒနာနဲ့ချိန်ထိုးဖို့ သတိကင်းလွတ်ခဲ့ကြတယ်။ ဒီလိုနဲ့ ပရိသတ်ရင်ထဲ အတွေးအမြင်တစ်ရပ် ပေါ်ပေါက်လာအောင် လှုံ့ဆော်နိုင်စွမ်း ဆိတ်သုဉ်းလာတယ်။ ဆိုးဝါးနေတာက ကျွန်တော်တို့ဟာ ဖန်တီးလိုက်တဲ့ အနုပညာနဲ့ပတ်သက်ပြီး မိမိကိုယ်မိမိ ကြင်နာသနားနေကြခြင်းပါပဲ" ဟု ရေးသားလိုက်ပါသည်။ ထိုအခါ...

မနက် ၆ နာရီမထိုးမီကတည်းက သုန်သုန်မြူးသောတောင်လေသည် သီချင်းသံတချို့ကို ဆုပ်ပက်နေ၏။ တစ်ခါတစ်ရံ အနားကပ်လာသည်။ တစ်ခါတစ်ရံ ဝေ့ဝဲဝေးရီ...။



*စာမျက်နှာ ၁၇ သို့*

# မလှိုင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**မလှိုင် နိုဝင်ဘာ ၂၉**

မလှိုင်မြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ဒေသခံပြည်သူများ မီးဘေးလုံခြုံမှုရှိစေရေးနှင့် မီးလောင်ဆုံးရှုံးမှုတန်ဖိုး လျှော့နည်းကျဆင်းရေးအတွက် မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကြီးများအား မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို နိုဝင်ဘာလစတုတ္ထပတ်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်းက စက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းများအား မီးသတ် ဆေးဘူးအသုံးပြုနည်းကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

# ရန်ကုန်မြို့လယ်ကားလမ်းမများတွင် ဈေးရောင်းချခွင့်ကို နိုဝင်ဘာလကုန်အထိသာ ခွင့်ပြုမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဒီဇင်ဘာ ၁ ရက်မှစ၍ အများပြည်သူသွားလာ အသုံးပြုမှုများပြားသော နေ့ပိုင်းကာလများတွင် ရန်ကုန်မြို့တွင်း ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ သွားလာခွင့်မပြုဘဲည ၉ နာရီမှနောက် တစ်နေ့ နံနက် ၆ နာရီအတွင်းသာ သတ်မှတ်ပေးမည့် ခွင့်ပြုလမ်းကြောင်းများ အတိုင်းသာ သွားလာခွင့်ပြုမည့် အစီအစဉ်စတင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကုန်တင်ယာဉ်ကြီးများနှင့် ကုန်သေတ္တာတင်ယာဉ်ကြီးများ ညပိုင်းအချိန်သွားလာရာတွင် အဆင်ပြေမှုရှိစေရန် ညပိုင်းနှင့် နံနက်ပိုင်းအချိန်တွင် ယာဉ်ကြောပိတ်ဆို့မှုရှိတတ်သော သီရိမင်္ဂလာဈေးသစ်ရှေ့ ဘုရင့်နောင်လမ်းမကြီးနှင့် ကြည့်မြင်တိုင် စံပြဗဟိုငါးဈေးဝန်းကျင် ကမ်းနားလမ်းမကြီးတို့တွင် ယာဉ်ပိတ်ဆို့မှုမရှိစေရန် တရားမဝင်ရောင်းချလုပ်ငန်း လုပ်ကိုင်မှုများနှင့် ယာဉ်များ ပိတ်ဆို့ရပ်နားခြင်းကို သက်ဆိုင်ရာက လုံးဝ(လုံးဝ) ခွင့်မပြုတော့သဖြင့် ယင်းဈေးများသို့ ညပိုင်း၊ နံနက်ပိုင်းကုန် ပစ္စည်းဝယ်ယူသူများနှင့် ယင်းလမ်းကြောင်းတစ်လျှောက် ဖြတ်သန်းမောင်းနှင်နေသော ယာဉ်မောင်းများကပြောင်းလဲသွားသော ယင်းနေရာများရှေ့ကားလမ်းများတွင် ယာဉ်ကြောကျပ်တည်းမှု လျော့ကျသွားသည်ဟု ပြောကြားကြသည်။

ရန်ကုန်မြို့လယ်ကားလမ်းမပေါ်င်း ၁၁ လမ်းတွင် နိုဝင်ဘာလကုန်အထိသာ ဈေးရောင်းချခွင့်ရှိမည်ဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်မှစ၍ ၂၄ နာရီလုံး ယခင်ယင်းလမ်းမပေါ်င်း ၁၁ လမ်းတွင် ဈေးရောင်းချခွင့်မပြုဘဲ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖြင့် စောင့်ကြည့်မည်ဟုသိရပြီး ရန်ကုန်မြို့လယ် ကားလမ်းများတွင် ယာဉ်ကြောကျပ်တည်းမှု လျော့ကျလာနိုင်မည်ဖြစ်သည်။ လူမှုရေး၊ စီးပွားရေးအကြောင်းပြ၍ ကားလမ်းဘေးအစွန်ယာဉ်ကြောများတွင် ယာဉ်ငယ်မျိုးစုံ စီတန်းရပ်ထားခြင်းများအပေါ် ထိရောက်စွာ အရေးယူရန်ကိုလည်း တစ်ပြေးညီ ဆောင်ရွက်ပေးသင့်သည်ဟု မြို့လယ်နေသူများက ပြောကြားသည်။

အများပိုင် ခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းကုမ္ပဏီများဖြင့် လိုင်းကားများပြေးဆွဲခြင်း၊ ဗဟိုမှ မီးပွိုင့်များ ထိန်းချုပ်စောင့်ကြည့်သည့် အစီအစဉ်များ စတင်အကောင်အထည်မဖော်နိုင်သေးချိန်မှာပင် ၂၀၁၆ ဒီဇင်ဘာလအတွင်း အများပြည်သူခံစားနေရဆဲဖြစ်သော ရန်ကုန်မြို့တွင်း ကားလမ်းမများပေါ်မှ ယာဉ်ကြောကျပ်တည်းမှုများ လျော့ကျလာနိုင်ဖွယ်ရှိရာ ဖြစ်စဉ်အားလုံးတွင် တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် စည်းကမ်းလိုက်နာမှုတို့သည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည်ဟု လမ်းမတော်မြို့နယ်နေ လုပ်ငန်းရှင်ဦးလှဦးက ပြောသည်။ **ခင်ဆိုင်**



# နွေစပါးစိုက်ပျိုးရန် ထွန်စက်ငှားရမ်းမှု ဈေးနှုန်းတစ်ပြေးညီဖြစ်ရေး တောင်သူများဆန္ဒရှိ

**ရေတာရှည် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်း ဆည်ရေသောက်ဧရိယာအတွင်း နွေစပါးစိုက်ပျိုးနိုင်ရန် ရိုးပြတ်များ မီးရှို့ခြင်းနှင့် ထွန်စက်များ ငှားရမ်းကာ ထယ်ရေးပြင်ခြင်းတို့ စတင်လုပ်ဆောင်လျက်ရှိပြီး ထွန်စက်များငှားရမ်းအသုံးပြုရာတွင် ဈေးနှုန်းအမျိုးမျိုးဖြစ်နေသည့်အတွက် သတ်မှတ်ဈေးနှုန်းတစ်ခုတည်း ဖြစ်စေချင်ကြကြောင်း တောင်သူများထံမှ သိရသည်။

မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ တစ်ဧက ထယ်ထိုးရာတွင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အမှန်တကယ် ထွန်စက်ရရှိနိုင်မှုမှာ အခက်အခဲရှိနေကြောင်း တောင်သူအချို့က သုံးသပ်ပြောကြားသည်။

လက်ရှိ တောင်သူများအနေဖြင့် ကျွဲ/နွားများနှင့် လုပ်ကိုင်သူအရေအတွက်မှာ ယခင်ထက်စာလျှင် လွန်စွာနည်းပါးသွားခဲ့ပြီး လက်တွန်းထွန်စက်၊ ကိုယ်ပိုင် ထွန်စက်များ အရစ်ကျဝယ်ယူ၍ အငှားလိုက်မောင်းနှင်ထွန်ယက်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ထွန်စက်မှာ ငှားရမ်းအသုံးပြုရာ၌ ခြောက် ဗန်းထယ်ဆိုလျှင် တစ်ဧက ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ကျသင့်ပြီး ဒေသအလိုက် ဈေးနှုန်း ကွာခြားမှုများရှိကြောင်းသိရသည်။

"ထွန်စက်တွေက ဂေါ်တွေပါတော့ မြေညှိတာ၊ မြေပြင်တာဆိုရင် တစ်နာရီကို ငွေကျပ် ၂၅၀၀၀ ပေးရတယ်။ ၄၅ ကောင်အားဆိုရင် ငွေကျပ် ၃၅၀၀၀ ကျသင့်တယ်။ အငှားလိုက်တဲ့ ထွန်စက်တွေကတော့ များပါတယ်။ ဒါပေမယ့် ဈေးနှုန်းတစ်ခု သတ်မှတ်ပေးရင် တောင်သူတွေ ပိုပြီးအဆင်ပြေနိုင်မှာပါ" ဟု ဆွာမင်း လမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

မိုး စပါးစိုက်ပျိုးသည့် တောင်သူများ အနေဖြင့် ဖျက်ပိုးများ ကျရောက်၍ အထွက်နှုန်းလျော့ကျခြင်းအပြင် ဈေးနှုန်းကောင်းမွန်ခြင်းမရှိသည့်အတွက် အကျိုးအမြတ်နည်းပါးခဲ့ပြီး နွေစပါးစိုက်ပျိုးရာ၌ မိုးရာသီထက်အထွက်နှုန်း ပိုမိုကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းအရ နည်းပါးသည့်တိုင် အထွက်နှုန်းကြောင့် အရှုံးမရှိနိုင်ကြောင်း တောင်သူများကခန့်မှန်းလျက်ရှိသည်။

**ကိုလွင်(ဆွာ)**

*စာမျက်နှာ ၁၆ မှအဆက်*

"ရွာစွေမိုးဖြိုက်ဖြိုက်
ခါပေ ပျိုးစိုက်စိုက်
ရှစ်သန်းငယ်တစ်ခို
အုံ့မှိုင်းညို" သတဲ့လေ။

သီချင်းသံလေး နားစွင့်လိုသဖြင့် အလွမ်းပြေလှန်လှောကြည့်မိသော ရွှေဝတ်ရည်မဂ္ဂဇင်းဟောင်းလေးကို လက်ညှိုးနှင့် ခဏညှပ်ပိတ်မိ၏။ လေအငြိမ် သီချင်းသံလေး တိုးညင်း ဝေးကွာသွားပြန်တော့ စိတ်အလျဉ်ကလည်း အတိတ်ဆီ ပျံ့လွင့်သွားပြန်သည်။ အသံက တိုးညှင်း ... သဲ့သဲ့။

"အဲဒါ ဝေဖန်ရေးကဏ္ဍလေး ကိုရင့်ဆီက ပြန်ယူချင်လို့ လာပြောတယ်။ အဲဒီ နာမည်နဲ့ပဲ တစ်ယောက်က အစားထိုးရေးပေးမယ်တဲ့။ ကိုယ်ငြင်းလိုက်တယ်။ လက်မခံ ပါဘူး။ ကိုယ်ခံယူထားတဲ့ ကိုယ့်မဂ္ဂဇင်းက ချမှတ်တဲ့ မူဘောင်ပေါ် လစီနဲ့ ကိုက်ညီလို့ သုံးနေတာပဲ၊ ကိုရင့်မို့ သုံးတာမှ မဟုတ်ဘဲ"

ကျွန်တော်တို့သည် မြင်းဝန်ကျောင်းတိုက်ထဲမှ ဖြတ်ပြီး ဘုရားကြီးဈေး၏ ပျံ့ကျကုန်စိမ်းတန်းလေးကို တိုးဝှေ့နေကြသည်။ ဈေးဝယ်တချို့၏ ထန်းခေါက် တောင်းကြီးတွေကြောင့် ဆရာမောင်သစ်လွင် (လူထု)နှင့် ကျွန်တော် စကားစပြတ်ကာ လူချင်း ကွာချင်ကွာသွားတတ်၏။ ဦးကျော်မင်းက သည်ဈေးတန်းလေးထဲမှာ တို့စရာမြှုပ်စရာ အသီးအနှံ လတ်လတ်ဆတ်ဆတ်လေးတွေ ဝယ်ချင်ဝယ်တတ်သည်။ ပြီးတော့ ဘုရားကြီးအရှေ့ ၄၅ တာပေါက်အဝင်ဝက ဖျာပုံမုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးစားကြမည်။ အပြန် ဒဂုန်မန်းစတိုးဘေး လက်ဖက်ရည် ဆိုင်ခန်းအကျဉ်းလေးထဲ လက်ဖက်ရည်သောက်ကြမည်။ ဒီအစီအစဉ်က နေ့တိုင်း။

ဦးကျော်မင်း မအားလျှင် ရွှေဝတ်ရည်ဘေးဝင်းကြားလေးက အနောက်ဘက်လမ်းဆီ ဆင်းသွားပြီး ၈၅ လမ်း အနောက်ခြမ်းက ညီအစ်မနှစ်ယောက်၏ အသုပ်စုံဆိုင် လက်ဖက်ရည်ဆိုင်လေးဆီသို့လည်း ဦးတည်ကြပါ၏။ ထိုအခါ ဒီဇိုင်း ကိုစိုးဝင်းငြိမ်းလည်း လိုက်ပါလာသည်။

ကျွန်တော်သည် ရွှေဝတ်ရည်အမှတ် (၄) ထွက်ပြီးနောက် အမှတ် (၅) ထွက်ရန် ပြင်ဆင်နေဆဲပင် ဆရာမောင်သစ်လွင် (လူထု)နှင့် အစ်မကြီး ဒေါ်နုနုယဉ်တို့ အစီအစဉ်ဖြင့် ရွှေဝတ်ရည်မှာ အယ်ဒီတာအဖွဲ့ဝင်အဖြစ် လက်တွဲပါဝင်ခဲ့သည်။ ထိုအခါ နေ့လယ် ၁၂ နာရီကျော်လျှင် မင်းသားစုက ရွှေဝတ်ရည်ရုံးခန်းလေးထံ အမြဲရောက်ဖြစ်၏။ အသွားမှာ ညွန့်ပေါင်းဈေးတောင်ဘက်ခြမ်းက ကိုစိုးဝင်းငြိမ်း ဆိုင်ခန်းလေးဝင်ပြီးမှ ကိုစိုးဝင်းငြိမ်းနှင့် နှစ်ယောက်သား ရွှေဝတ်ရည်သို့ ခရီးဆက်ရခြင်းဖြစ်၏။ ရုံးခန်းလေးထဲ ဆရာမောင်သစ်လွင် (လူထု)ရယ်၊ ကျွန်တော်တို့ နှစ်ယောက်ရယ် မဂ္ဂဇင်းအသက် ရှည်ကျန်းမာရေးအတွက် စိတ်ကူးတွေထုတ်ကြ။ တစ်ခါတစ်ရံ ဆရာမောင်သင်းပန် ရောက်လာသည်။ ကိုငြိမ်း (မန္တလေး) ရောက်လာသည်။

ထိုစဉ်ကတော့ ပြေးဟယ်လွှားဟယ်နှင့် ရှန်းဟယ်ကန်ဟယ်နှင့်ပေမယ့် စိုးရိမ်ကြောင့်ကြ အသည်းဖိုသော်ငြား စာတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးနိုင်ခဲ့တာ သေချာသည်။

***("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***



**ပဲခူးတက္ကသိုလ်အနီး မြို့ရှောင်လမ်းထိပ်၌ ပြည်သူများ ဘဝလုံခြုံရေးအတွက် နိုဝင်ဘာ ၂၆ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး လှဦးနှင့်အဖွဲ့ မော်တော်ယာဉ်များအား ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်စဉ်**
သန့်စင် (ပဲခူး)

## မှုခင်းသတင်းတိုများ

### တောင်တွင်းကြီးမြို့တွင် ဆင်ဆာမဲ့ခွေများ ရောင်းချသူအားဖမ်းဆီး

တောင်တွင်းကြီးမြို့ ရွှေကြာအင်း (၂) ရပ်ကွက်ရှိ ဗီဒီယိုခွေအငှားဆိုင်တစ်ဆိုင်မှ ဆင်ဆာမဲ့ဗွီဒီယိုခွေများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆင်ဆာမဲ့ခွေများ ရောင်းချနေကြောင်းသတင်းအရ မကွေးခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သက်အောင်စိုးနှင့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၆ ရက်က တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အောင်နိုင်ထွန်း၊ (၄၅နှစ်)ပိုင်ဆိုင်သည့် လင်းဗီဒီယိုခွေအငှားဆိုင်အတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဆိုင်အတွင်းမှ တရားမဝင်ခွေများ ကူးယူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ မြန်မာဇာတ်လမ်းခွေ ၁၀၅၀ ၊ မြန်မာသီချင်းခွေ ၂၁၇၀ ၊ နိုင်ငံခြားဇာတ်လမ်းခွေ ၁၉၀၀ တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အောင်နိုင်ထွန်းအား တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### ခရီးသည်တင်ယာဉ်အရှိန်မထိန်းနိုင်၍ ယာဉ်တိုက်မှုဖြစ်

ရန်ကုန်မြို့ သမိုင်းလမ်းဆုံမီးပွိုင့်အနီး၌ နိုဝင်ဘာ ၂၅ ရက်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်၍ လမ်းဘေးရှိလူများအားတိုက်မှုဖြစ်ပွားခဲ့သည်။

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း မောင်းနှင်လာသော ယာဉ်လိုင်းအမှတ်(၈၁) ခရီးသည်တင်ယာဉ် ဟွန်ဒိုင်း 6K/--- ယာဉ်သည် နိုဝင်ဘာ ၂၅ ရက်နံနက် ၆ နာရီခွဲခန့်က သမိုင်းလမ်းဆုံမီးပွိုင့်အနီး အရိယာမဏ္ဍိုင်စာသင်တိုက်ကျောင်းရှေ့အရောက် ယာဘက်ပလက်ဖောင်းပေါ်ရှိ အများပြည်သူသုံးသောက်ရေအိုးစင်နှင့်အနီးရှိ ရပ်နေသော ကိုးနှစ်အရွယ်ကလေးတစ်ဦးအား တိုက်မိခဲ့ပြီး ဆက်လက်မောင်းနှင်ခြင်းကြောင့် ယာဘက်လမ်းစပ်အတိုင်း အရှေ့မှအနောက်သို့ လမ်းလျှောက်နေသည့် ဦးပဥ္စင်း တစ်ပါးကိုထပ်မံတိုက်မိကာ မောင်းနှင်သွားသည်ကို တာဝန်သိအငှားယာဉ်မောင်းတစ်ဦးကလိုက်၍ ယာဉ်အားရပ်တန့်ပေးရန်ကူညီပေးခဲ့ရကြောင်းဖြင့် အခင်းဖြစ်အနီးရှိ ကုန်စုံဆိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် မောင်စိုင်းအောင်မျိုးမင်း (ကိုးနှစ်)အား ပြင်ပလူနာအဖြစ်လည်းကောင်း၊ ဦးပဥ္စင်းဦးဝိစိတ္တအား အတွင်းလူနာအဖြစ်လည်းကောင်း အင်းစိန်ဆေးရုံ၌ တင်ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်မောင်းအောင်သူရ (၂၉နှစ်)အား ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

### ကားနှင့်ဆိုင်ကယ် ကန့်လန့်ဖြတ်တိုက်မိ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ ပုသိမ်-မုံရွာသွားကားလမ်းနှင့် ဆားလင်းကြီး-လယ်ဝေါက်သွားကားလမ်းဆုံတွင် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ကားနှင့်ဆိုင်ကယ် ကန့်လန့်ဖြတ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆားလင်းကြီးမြို့နယ် ဆင်ဖြူခြေကျေးရွာနေ ရှေ့မှ မနွယ်နွယ်လင်းမောင်းနှင်ပြီး ၎င်းနောက်မှ မမူမူစန်းလိုက်ပါလာသော ဆိုင်ကယ်နှင့်မြောက်မှတောင်သို့ မုံရွာ-ပုသိမ်ကားလမ်းအတိုင်း ယာဉ်မောင်း အောင်မင်းထိုက် (ခ) ကြက်ကလေး ဆည်မြောင်းဝင်း သလ္လာရပ်ကွက် မုံရွာမြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဦးဇော်ဦး ဆည်မြောင်းဦးစီးဌာန မုံရွာမြို့နေသူတို့ လိုက်ပါလာသော ယာဉ် တို့သည် လမ်းဆုံတွင် ကန့်လန့်ဖြတ်တိုက်မိသဖြင့် မနွယ်နွယ်လင်းမှာ ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားပြီး မမူမူစန်းမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိသဖြင့် ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံမှ မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မင်းထိုက်(ခ)ကြက်ကလေးအား ဆားလင်းကြီးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးငယ် (ဆားလင်းကြီး)**

### ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် အင်ကြင်းလမ်း တိုက်(၃၈) အခန်း(၁၀၁)၊ စီ ဘလောက်တွင်နေထိုင်သူ ဒေါ်မြတ်ဆုမာ (၄၀ နှစ်)၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ သဃ်န်းကျွန်းမြို့မရဲစခန်းမှ ရဲအုပ်ဝင်းလွင်ထွန်းနှင့်တာဝန်ရှိသူများက နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေစဉ် ၎င်းအား နေအိမ်ရှေ့အပေါက်ဝတွင် ဖမ်းဆီးရမိပြီး ဘိန်းဖြူဟု ယူဆရသော အဖြူ/ဝါကျားမှုန့် ၁၄၀ ဒသမ ၉ ဂရမ်ခန့်နှင့် စိတ်ကြွ ရူးသွပ်ဆေးပြား ၄၀ ဂရမ်တို့အားတွေ့ရှိရသဖြင့် လက်ဝယ်ထားရှိ သုံးစွဲဖြန့်ဖြူး ရောင်းချသူ မမြတ်ဆုမာနှင့် မဝေဝေနှင်း (သဃ်န်းကျွန်းရဲတပ်ဖွဲ့ကွင်းဆက်) တို့အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

## ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# စစ်တွေမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲနှင့် သက်ကြီးဂုဏ်ပြုကန်တော့ပွဲမှသည် ဘက်စုံပညာရိပ်မြုံဆီသို့

## သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-ဓညစော



ရာသီဆောင်းလမို့ မြောက်ပြန်လေအေးက ဆော်သွေးနေသည်။ ဆောင်းချမ်းမြမြရာသီကာလကို ဂရုမထားနိုင်ဘဲ ပွဲတော်အောင်မြင်ရေးအတွက် လှုပ်ရှားနေကြသော အထက(၁) စစ်တွေကျောင်းသား ကျောင်းသူဟောင်းများကို မြင်ရသည်မှာ ခါတိုင်းနှစ်များကထက် ပြုံးယောင်သန်းနေသည်။ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ မုဒိတာပွားမိပါ၏။ Gov- High School (or) State High School နှင့် အ.ထ.က(၁) စစ်တွေကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် သက်ကြီးကျောင်းသား ကျောင်းသူဟောင်းများအား ကန်တော့ပွဲကို နှစ်စဉ်အမျိုးသားနေ့တွင် ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် (၄၄) ကြိမ်မြောက် ရှိပြီဖြစ်သည်။ အခမ်းအနားကို ယခင်မူလကျောင်းတော်ကြီး၌ ဆင်ယင်ကျင်းပကြောင်း သိရသည်။

ရာစုနှစ်နှစ်ခုနီးပါး သက်တမ်းရှိပြီးဖြစ်သော ကျောင်းတော်ကြီးသည်ကား ရာသီစက်မောင်းဒဏ်ကို ကြံ့ကြံ့ခံကာ ရုပ်အားဖြင့် အိုမင်းရင့်ရော်နေသော်လည်း နှစ်ကာလများစွာ ဝေးကွာနေသော သားသမီးများနှင့် ပြန်ဆုံရသည်မို့ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်ကို မြင်တွေ့ရသည်။ နိုဝင်ဘာ ၂၄ ရက် နံနက် အခမ်းအနားပြုလုပ်ရာနေရာဆီသို့ ရောက်သွားရာ မြင်ရသူအားလုံးမှာ ခါတိုင်းနှစ်များနှင့်မတူ တစ်မူထူးခြား ပီတိယောင်သန်းမျက်နှာများ ပြည့်လျှမ်းဝေဆာ နေကြသည်။ သူတို့အားလုံး ရင်ထဲဝယ် မိခင်ကျောင်းတော်ကြီးနှင့် ပြန်ဆုံခွင့်ရရှိသော ဤနေ့မှသည် အနာဂတ်မျိုးဆက်များအတွက် ဘက်စုံပညာရိပ်မြုံကြီးတစ်ခုပေါ်ပေါက်လာသည်ကို မျှော်မှန်းနေကြောင်း သိရှိခွင့်ရရှိခဲ့သည်။

"ဆရာကြီးတို့အနေနဲ့ ဒီနှစ်ပြုလုပ်တဲ့ပွဲကို ခါတိုင်းနှစ်တွေထက်ပျော်ပါတယ်။ ဒီနှစ်မှာ အထူးခြားဆုံးအချက်တစ်ခုက ယခင်အထက(၁)ပေါ့၊ ဒီကျောင်းတော်ကြီးကို စစ်တွေတက္ကသိုလ်အဖြစ် သင်ကြားနေတာမှ မူလပိုင်ရှင်ဖြစ်တဲ့ အထက(၁)ကို ပြန်လွှဲပြောင်းပေးမယ် လို့သိရတယ်။ ညွှန်ကြားချက်စာတွေလည်း ရောက်ရှိနေပါပြီ။ သက်ဆိုင်ရာတာဝန်ရှိသူတွေက စနစ်တကျ လွှဲပြောင်းယူကြမှာပါ။ ဒါကြောင့် ပျော်တာပေါ့။ ဒီလိုလွှဲပြောင်းရယူနိုင်ဖို့အတွက် ဆရာကြီးကိုယ်တိုင်လည်း စာတမ်းတွေ ရေးပြီးတော့တခြားကျောင်းသားဟောင်းကြီးတွေ၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဆရာဆရာမတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တာပါ။ ဒီကျောင်းက သမိုင်းဝင်ကျောင်းဖြစ်တဲ့အတွက် ရခိုင်တစ်မျိုးသားလုံးက အလေးထားတာပေါ့"ဟု အထက(၁)တွင် ကျောင်းအုပ်ဆရာကြီးတာဝန်ထမ်း ဆောင်ခဲ့သူ ဦးစံလှကျော်(လ/ထပြည်နယ်ပညာရေးမှူး ငြိမ်း) က ဝမ်းပန်းတသာပြောသည်။

စစ်တွေအထက(၁)ကို အင်္ဂလိပ်အစိုးရလက်ထက် Akyab Government High School အဖြစ် ၁၈၃၈ ခုနှစ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး မြန်မာ့ပညာရေးသမိုင်း၏ ပထမဆုံးသော အစိုးရအထက်တန်းကျောင်းဖြစ်ကြောင်းသိရသည်။ ၁၉၇၆ ခုနှစ်တွင် စစ်တွေ ဥပစာကောလိပ်တည်ထောင်ရန်အတွက် အဆင့်မြင့်ပညာဦးစီးဌာနသို့လွှဲပြောင်းခဲ့ရသည်။

ထိုမှသည် စစ်တွေဒေသကောလိပ်၊ စစ်တွေကောလိပ်၊ စစ်တွေဒီဂရီ ကောလိပ်ဘဝများကို ဖြတ်သန်းကာ စစ်တွေတက္ကသိုလ်အဖြစ်ထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းတော်ကြီးဖြစ်သည်။ ဤကျောင်းသည် ကျောင်းဝင်းခြံ ကျယ်ဝန်းခြင်း၊ ကျောင်းဆောင်များရှိခြင်း၊ အားကစားကွင်း မျိုးစုံရှိခြင်း၊ မြို့လယ်တွင် ရှိနေခြင်းများကြောင့် တစ်ခေတ်တစ်ခါက ထူးချွန်ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက(၁)စစ်တွေ၏ကျောင်းသားဟောင်းကြီးတစ်ဦးဖြစ်ပြီး လက်ရှိစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်မှဦးကျော်အေးက"ဒီကျောင်းကြီးနဲ့ ယခုအခမ်းအနားပြုလုပ်နေတဲ့ သဇင်ခန်းမဟာ ကျွန်တော့်ဘဝရဲ့ရွှေဆောင်ပါ။ ဒီခန်းမကြီးဟာ ကျွန်တော့်ကိုလူတော်သူတော တိုးပေါက်အောင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီခန်းမမှာ စကားရည်လုပွဲတွေ၊ ကျပန်းစကားပြောပြိုင်ပွဲတွေ ပြုလုပ်ခဲ့တယ်။ အထက(၁)ဟာ ပြိုင်တိုင်းမှာ ဆုရခဲ့တယ်။ ကျွန်တော်ကတော့ပွဲတိုင်းကျော်ပေါ့နော်(ရယ်လျက်ပြော)၊ ဒါကြောင့်လည်း ဒီလိုဘဝမျိုးဖြစ်လာတာလို့ခံယူမိတယ်"ဟု ပြောသည်။ ယခုနှစ် (၄၄) ကြိမ်မြောက်ပွဲကို အစီအစဉ် ၂၃ ခုဖြင့် ပြုလုပ်ခဲ့ပြီး အသက် ၆၁ နှစ်မှ ၈၈ နှစ်ထိ ဆရာ ဆရာမ ၅၄ ဦးကို ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ဘက်စုံရိပ်မြုံဆီသို့**

စစ်တွေတက္ကသိုလ်ကြီးသည် စစ်တွေမြို့ မင်းဂံရပ်ကွက်အနီးပင်လယ်ကိုမေးတင်ကာ ခြံဝင်းကျယ်ကျယ်ဖြင့် ထီးထီးမားမားရှိသွားပြီဖြစ်သည်။ သို့ဖြစ်၍လည်း မူလအထက(၁)ကို ပြန်လည်ရရှိရန် သက်ဆိုင်ရာသို့တင်ပြခြင်း၊ လွှတ်တော်၌တင်ပြခြင်း၊ မီဒီယာများမှ ဖော်ပြခြင်းများကို ပြုလုပ်ခဲ့ရာ ယခုအခါ တရားဝင်ညွှန်ကြားစာဖြင့် လွှဲအပ်မည်ဖြစ်ကြောင်း၊ အကြောင်းကြားပြီးဖြစ်၍ ယခင်ခေတ်များကကဲ့သို့ ဘက်စုံပညာထူးချွန်သောသူများမွေးဖွားရာ ဘက်စုံရိပ်မြုံကြီးအဖြစ်ရောက်ရှိလာနိုင်ကြောင်း သိခွင့်ရရှိခဲ့သည်။

"ကျွန်မတို့ဒီကျောင်းကို ပြန်လွှဲပေးဖို့အတွက် တရားဝင်အကြောင်းကြားစာရောက်နေပါပြီ။ ဒီဇင်ဘာလအတွင်းမှာ လွှဲဖြစ် မယ်ထင်ပါတယ်။ ကျွန်မတို့ ဒီကျောင်းကိုရရှိခြင်းအားဖြင့် ရခိုင်ပြည်နယ်ရဲ့အခြေခံပညာရေးကဏ္ဍမှာ ဘက်စုံ ထူးချွန်တဲ့သူတွေ၊ အနာဂတ်နိုင်ငံတော်အတွက် သားကောင်း၊ သမီးကောင်းရတနာတွေ မွေးထုတ်ပေးနိုင်မှာပါ။ ရခိုင်ပြည်နယ်ရဲ့ စံပြကျောင်းတော်ကြီးဖြစ်လာလိမ့်မယ်လို့မျှော်လင့်ပါတယ်။ ဝမ်းလည်းသာပါတယ်" ဟု စသည်ဖြင့် အထက(၁)ကျောင်းသူဟောင်းတစ်ဦးဖြစ်ပြီး ယခုလက်ရှိ အထက(၁)ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်တင်တင်ဦးက ပြောသည်။

ကျောင်းတော်ကြီးသည် ဟောင်းနွမ်းနေပြီဖြစ်ရာ ရှေးမူလက်ရာမပျက် မွမ်းမံပြင်ဆင်ပြီး ဆောင်ရွက်နိုင်ပါက ရှေးဟောင်းကျောင်းတော်ကြီးရုပ်သွင်ဖြင့်အနာဂတ် မျိုးဆက်သစ်များအတွက် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်ပေါက်မှ ကုန်တင်ကုန်ချခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရိခေါဒါရ်  နိုဝင်ဘာ ၂၉**

ချင်းပြည်နယ် ကုန်တင်ကုန်ချ ကြီးကြပ်မှုကော်မတီ၏တရားဝင်ဖွဲ့စည်းထားသည့် ရိခေါဒါရ် မြို့နှင့် ဟိုင်မွာလ်ကုန်တင်ကုန်ချအဖွဲ့များက ကုန်တင်ကုန်ချခြင်း လုပ်ငန်းကို နိုဝင်ဘာလတတိယပတ်မှစ၍ လုပ်ငန်းတာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ကြသည်။

မြန်မာ-အိန္ဒိယ နယ်စပ် ကုန်သွယ်လမ်းတစ်ခုဖြစ်သည့် ရိခေါဒါရ်နယ်စပ် ဂိတ်ပေါက်ကိုဖြတ်ကျော်၍ ကုန်သွယ်မှု ပြုလုပ်ရာတွင် မြန်မာနိုင်ငံဘက်မှ တရုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ အထည်အလိပ်များ၊ စားသုံးကုန်ပစ္စည်းများ၊ ပြည်တွင်း ထုတ်ကုန်တချို့နှင့် ကွမ်းသီးများကို တင်ပို့ကြပြီး သွင်းကုန်ပစ္စည်းများအဖြစ် အိန္ဒိယနိုင်ငံဘက်မှ ဆံပင်၊ ဓာတ်မြေသြဇာများ တင်သွင်းကြသည်။

အဆိုပါကုန်ပစ္စည်းများကို ကုန်တင်ကုန်ချအဖွဲ့များ၏ စီမံကြီးကြပ်မှုဖြင့် ပြည်သူများက လုပ်ဆောင်ကြပြီး ကုန်ပစ္စည်းများကို နယ်စပ်ဂိတ်တံတားဖြတ်ကျော် ပို့ဆောင်ရာတွင် ချင်းကားဟု လူသိများသည့် လက်တွန်းလှည်းများဖြင့် ပို့ဆောင်ကြကြောင်း၊ ကုန်ထမ်းပြည်သူတစ်ဦးအနေဖြင့် တစ်နေ့ပျမ်းမျှဝင်ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ ခန့်ရရှိနိုင်ကြောင်း၊ ကုန်တင်ကုန်ချလုပ်သား တစ်ဦးအနေဖြင့် တစ်နေ့ပျမ်းမျှငွေကျပ် ၅၀၀၀ မှ ၆၀၀၀ ခန့် ရရှိနိုင်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**





**ပလက်ဝမြို့နယ် စည်ပင်သာယာရေးကော်မတီသည် မြို့သာယာလှပရေးအတွက် စည်ပင်သာယာဈေးဆိုင်များကို လူသွားလမ်းပလက်ဖောင်းများထိ အမိုး၊ အဖီများ ဆောက်လုပ်သည့် ဆိုင်ခန်းများအား ရှင်းလင်းခြင်း၊ လမ်းဝဲယာစည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ ရှင်းလင်းခြင်းနှင့် မြို့ပေါ်ဆိပ်ကမ်း လမ်းတစ်လျှောက် ကျူးကျော်နေအိမ်များနှင့် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကို မြို့ပေါ်ရပ်ကွက်(၃) ရပ်ကွက်မှ လူငယ်များ၊ မြို့နယ်မီးသတ်ဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီဝင်များ စုစုပေါင်း ၁၅၀ ဖြင့် ပူးပေါင်း၍ ရှင်းလင်း စဉ်**

(မြို့နယ် ပြန်/ဆက်)

# ဖယ်ခုံမြို့နယ်၌ ကာလ-လွယ်စန်းလမ်း တံတားဆောင်ရွက်မှုစစ်ဆေး

**ဖယ်ခုံ  နိုဝင်ဘာ ၂၉**

တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (မွမ်းမံ)လုပ်ငန်းများမှ ကာလ-လွယ်စန်းလမ်းရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား နိုဝင်ဘာ ၂၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဂေါ်ဖရီဝင်းနှင့် ရုံးအဖွဲ့များ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားသည် ခေါင်းအိကျေးရွာအုပ်စုရှိ ကာလရွာနှင့် လွယ်စန်းရွာတို့ကို ဆက်သွယ်ထားသော လမ်းပေါ်ရှိ အုတ်ခုံခံ သစ်သားတံတားဖြစ်ပြီး (၂၀ ပေ× ၁၄ ပေ)ကို ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးပါက အဆိုပါဒေသရှိပြည်သူများအနေဖြင့် ဒေသထွက်ကုန် စိုက်ပျိုးရေးသီးနှံများ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူလျင်မြန်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထွေး (ပြန်/ဆက်)**




## ၂၀၁၆ အတွက် အာဖရိကအကောင်းဆုံးဘောလုံးသမားဆု လက်စတာတောင်ပံကစားသမား မာရက်ဇ် ရေပန်းစားနေ

၂၀၁၆ ခုနှစ် အာဖရိက တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုအတွက် လက်စတာအသင်း တောင်ပံကစားသမား မာရက်ဇ်ရရှိရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။ အာဖရိကတစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုသည် မာရက်ဇ်နှင့်သာ ထိုက်တန်ကြောင်း ဖြိတိန်မှ အားကစားကလောင်ရှင်များအဖွဲ့ကလည်း ထုတ်ဖော် ပြောကြားသည်။

"မာရက်ဇ်က ထူးချွန်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက လက်စတာအသင်း ပရီမီယာလိဂ်ဖလားရယူနိုင်တဲ့ နေရာမှာလည်း လက်စတာအသင်းချန်ပီယံလိဂ်မှာ အုပ်စုအဆင့်က ရှုံးထွက်အဆင့်တက်ရောက်နိုင်ခဲ့တာဟာ သူ့ရဲ့စွမ်းဆောင်မှုလည်းပါဝင်ပါတယ်"ဟု ပြောကြားသည်။

၂၀၁၆ ခုနှစ်အတွက် အာဖရိက အကောင်းဆုံးဘောလုံးသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ငါးဦးရွေးချယ်ခဲ့ရာတွင် ဒေါ့မွန်မှ အူဘာမီယန်း၊ လက်စတာမှ မာရက်ဇ်နှင့် ဆလီဗန်နီ၊ လီဗာပူးမှ မာနေ၊ ရိုးမားမှ ဆာလာတို့ဖြစ်သည်။ ဒေါ့မွန်မှ အူဘာမီယန်းလည်း အကောင်းဆုံးဘောလုံးသမားဆုအတွက် ရေပန်းစားနေသော်လည်း မာရက်ဇ်သည်သာ ထိုက်တန်ကြောင်း သုံးသပ်မှုများ ထွက်ပေါ်လျက်ရှိသည်။

အာဖရိက တစ်နှစ်တာအကောင်းဆုံးဆုကို အာဖရိကနိုင်ငံပေါင်း ၅၄ နိုင်ငံမှ လက်ရွေးစင်နည်းပြများ၊ ဘောလုံးကျွမ်းကျင်သူများ ပါဝင်သောအဖွဲ့က မဲပေးရွေးချယ်ကြမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် ကျင်းပမည်ဖြစ်သည်။

## အေစီမီလန်ခံစစ်မှူးနှစ်ဦး ဘာစီလိုနာက ခေါ်ယူရန်စီစဉ်နေ

ဘာစီလိုနာအသင်းသည် နောက်တန်းခံစစ်ကြောင်းကို ပိုမိုတောင့်တင်းခိုင်မာစေရန်အတွက် အေစီမီလန်အသင်းမှ ကစားသမားနှစ်ဦးအားခေါ်ယူအားဖြည့်ရန် စီစဉ်နေကြောင်း သိရသည်။ ယင်းကစားသမားများမှာ အဘာချီနှင့် ဒီချီဂလီယိုတို့ဖြစ်ပြီး လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။



အေစီမီလန်အသင်းမှ နောက်ခံလူ အဘာချီသည် ပြိုင်ဘက်တိုက်စစ်မှူးများကို ဟန့်တားထိန်းချုပ်နိုင်သူဖြစ်ပြီး အမှားအယွင်းနည်းကာ ကစားရာတွင် တည်ငြိမ်မှုရှိသူတစ်ဦးဖြစ်ပြီး အေစီမီလန်တွင် ပွဲပေါင်း ၂၀၀ ခန့်အဓိကခံစစ်မှူးအဖြစ် ပါဝင်ကစားနေသူဖြစ်သည်။

နောက်တစ်ဦးဖြစ်သည့် ဒီချီဂလီယိုသည်လည်း ခံစစ်လုံအောင်ပိတ်ဆို့ပြတ်တောက်ကစားနိုင်သူဖြစ်ပြီး တိုက်စစ်အထိပါ လိုက်ပါဖြည့်ဆည်းပံ့ပိုးပေးနိုင်သူတစ်ဦးဖြစ်သည်။ ဒီချီဂလီယိုသည် လျင်မြန်ပြီး ဂိုးဧရိယာအတွင်း ဘောလုံးကို ဖျက်ထုတ်ရှင်းလင်းနိုင်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

အေစီမီလန်အသင်းအနေဖြင့် အဓိကအားထားနေရသည့် ခံစစ်သမားနှစ်ဦးအား ထုတ်ရောင်းရန်ဆန္ဒမရှိသော်လည်း ကစားသမားနှစ်ဦးစလုံးကမူ ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်လျက်ရှိသည်။ "ကျွန်တော့်အနေနဲ့ ဘာစီလိုနာအသင်းမှာ ကစားဖို့ဆိုတာ ကျွန်တော်ရဲ့ငယ်စဉ်ကတည်းက အိပ်မက်ဖြစ်ပါတယ်" ဟု အေစီမီလန်နောက်ခံကစားသမား အဘာချီက ထုတ်ဖော်ပြောကြားသည်။

# ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ အောင်ပွဲခံနိုင်ပါ့မလား

မိုးမြင့်လင်းလက်

စပိန်မြေမှာတော့ ဒီတစ်ပတ်ကြားရက်မှာ စပိန်ဘုရင့်ဖလား စတုတ္ထအဆင့် ပထမအကျော့ပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ စပိန်ဘုရင့်ဖလားကို မျှော်မှန်းနေတဲ့ အသင်းတွေဖြစ်တဲ့ ဘာစီလိုနာ၊ ဗီလာရီးရဲ၊ အက်သလက်တီကိုတို့ရဲ့ ခြေစွမ်းက ချန်ပီယံအဆင့်နဲ့ လိုက်လျောညီထွေ ရှိ မရှိစောင့်ကြည့်ရတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် ပြိုင်ဘက်တွေက အသင်းငယ်တွေဖြစ်တာမို့ ဖိဖိစီးစီးကစားရင် အခြေအနေကောင်းနဲ့ ကြုံတွေ့ရဖို့ များနေတာတော့ အမှန်ပါပဲ။




### ဟာကျူးလက်စ်နှင့် ဘာစီလိုနာ

အသင်းငယ်ဖြစ်တဲ့ ဟာကျူးလက်စ်ဟာ ဘာစီလိုနာကို ဂိုးပြတ်မရှုံးဖို့ဘဲ အာရုံစိုက်ရမှာဖြစ်ပြီး တစ်မှတ်ရရှိဖို့တောင် မလွယ်ပါဘူး။ ဘာစီလိုနာဟာ ၂၀၁၁ ခုနှစ်က ဟာကျူးလက်စ်နဲ့ ဆုံတွေ့ခဲ့ဖူးပြီး အဲဒီပွဲမှာ သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ ဟာကျူးလက်စ်ဟာ အိမ်ကွင်းဖြစ်တာမို့ ခြေစွမ်းကောင်းပြသပြီး ဘာစီလိုနာတို့ပဲ ရယူသွားပါလိမ့်မယ်။ အိမ်ရှင်တို့ မျှော်လင့်ချက်ထားလို့မရတဲ့ အခြေအနေဖြစ်ပေမယ့် အရန်လူတွေချည်းထုတ်သုံးလာဖို့ရှိတဲ့ ဘာစီလိုနာကြောင့် တစ်မှတ်လည်း ရသွားနိုင်ပါတယ်။

### ဂူကျူလိုနှင့် အက်သလက်တီကို

စပိန်ဘုရင့်ဖလား စတုတ္ထအဆင့်ကိုရောက်ရှိဖို့ ဂူကျူလိုတို့ ခက်ခက်ခဲခဲဖြတ်ကျော်လာခဲ့ရတာဖြစ်ပါတယ်။ ဂူကျူလိုတို့ရဲ့ လက်ရှိခြေစွမ်းကတော့ နိုင်ပွဲပျောက်ဆုံးနေတာမို့ အက်သလက်တီကိုတို့အတွက် ဖိအားကင်းကင်းနဲ့ကစားပြီး နိုင်ပွဲရယူသွားဖို့ များနေပါတယ်။ အက်သလက်တီကိုတို့ကတော့ ရီးရဲမက်ဒရစ်အသင်းကို သုံးဂိုးပြတ်ရှုံးခဲ့တဲ့ စိတ်ခံစားမှုကို ဒီပွဲရလဒ်နဲ့ ကစားမှာဖြစ်တာမို့ ဂူကျူလိုတို့အတွက် သရေရလဒ်တောင် မျှော်လင့်လို့ မရနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

### တိုရီနိုနှင့် ဗီလာရီးရဲ

တိုရီနိုတို့က စပိန်ပြည်တွင်း ဆီဂန်ဒါဘီတန်းမှာတော့ တန်းစီဇယားဒုတိယနေရာမှာ ရပ်တည်နိုင်နေတဲ့ အသင်းဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်က တိုရီနိုနဲ့ ဗီလာရီးရဲတို့ တွေ့ဆုံခဲ့တဲ့ပွဲမှာ ဗီလာရီးရဲက သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ လက်ရှိခြေစွမ်းကိုကြည့်ရင် တိုရီနိုတို့က နိုင်ပွဲ၊ သရေပွဲတွေ ဆက်နေပြီး ရှုံးပွဲမရှိကစားထားတာမို့ ဗီလာရီးရဲတို့ အလေးထားကစားမှ ရပါလိမ့်မယ်။ တိုက်စစ်ဖွင့်ကစားမယ့် ဗီလာရီးရဲရဲ့စွမ်းဆောင်မှုအောက်မှာ တိုရီနိုအတွက် မျှော်လင့်ချက်ထားလို့မရတဲ့ အဖြစ်နဲ့ကြုံတွေ့ရပါလိမ့်မယ်။

### ဖော်မန်တီရာနှင့် ဆီဗီလာ

စပိန်ဘုရင့်ဖလားပွဲတွေဆိုရင် ခြေစွမ်းပြနိုင်တဲ့ ဆီဗီလာတို့က အဝေးကွင်းဆိုပေမယ့် အသင်းငယ်ဖော်မန်တီရာကို အနိုင်ကစားပါလိမ့်မယ်။ ဆီဗီလာတို့က စပိန်ဘုရင့်ဖလားသမိုင်းမှာ အောင်မြင်မှုရရှိနေတဲ့ အသင်းဖြစ်ပြီး လက်ရှိခြေစွမ်းအရလည်း ဆီဗီလာတို့ သေသေချာချာပြင်ဆင်ကစားမှာဖြစ်တာမို့ ဒီပွဲမှာ အိမ်ရှင်တို့ မလွယ်ပါဘူး။ ဆီဗီလာတိုက်စစ်မှူးတွေက ဒီပွဲမှာ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

### ဗယ်လာဒိုးလစ်နှင့် ဆိုစီဒက်

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဗယ်လာဒိုးလစ်တို့ ဒီပွဲမှာအားထည့်လာဖို့ရှိနေပေမယ့် ဆိုစီဒက်ရဲ့ ကစားအားကို လျှော့တွက်လို့မရပါဘူး။ ၂၀၁၄ ခုနှစ်က ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ ဆိုစီဒက်က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပါတယ်။ အခုတလော နိုင်ပွဲဆက်နေတဲ့ ဆိုစီဒက်တို့ကိုပဲ ယုံကြည်မှုပေးပါလိမ့်မယ်။

### ရေဆင်းနှင့် ဘီလ်ဘာအို

စပိန်ဘုရင့်ဖလားပွဲစဉ်တွေဆိုရင် ဘီလ်ဘာအိုတို့ ရှုံးပွဲများပြီး ရေဆင်းက အသာစီးရတာများပါတယ်။ ဘီလ်ဘာအိုတို့က စိတ်ဓာတ်ကောင်းမွန်ပြီး ကြိုးစားအားထုတ်မှုလည်း ကောင်းပါတယ်။ ရေဆင်းအတွက်က အိမ်ကွင်းမှာ ကစားရမှာဖြစ်တာမို့ ဘီလ်ဘာအိုတို့ကတော့ ခက်ခဲမယ့်ပွဲဖြစ်သွားနိုင်ပါတယ်။ ဘီလ်ဘာအိုတို့က ဒီပွဲမှာ အောင်ပွဲရအောင် ကြိုးစားမှာဖြစ်ပေမယ့် ရေဆင်းရဲ့ အိမ်ကွင်းမှာ ကစားပုံမာကျောမှုက ဘီလ်ဘာအိုကို ခက်ခဲစေမယ့် ဖြစ်ရပ်မျိုးကြုံတွေ့နိုင်ပါတယ်။ ဒီပွဲမှာ ကြိုးစားအားထုတ်မှုက အပြိုင်ဖြစ်နေတာမို့ အမှတ်ခွဲဝေရယူသွားနိုင်ပါတယ်။ ။

## ရစ်ဘာရီနှင့် ဘိုင်ယန်မြူးနစ် တစ်နှစ်သက်တမ်းတိုး

ကောင်းမြတ်သူ - စုစည်းသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်နှင့် တောင်ပံကစားသမား ရစ်ဘာရီအား သက်တမ်းတိုးတစ်နှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ရာ ရစ်ဘာရီအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၁၈ ခုနှစ်အထိ ဆက်လက်ရှိနေတော့မည်ဖြစ်သည်။

ရစ်ဘာရီသည် အသက်အရွယ်ရရှိပြီဖြစ်သော်လည်း အသင်းအောင်မြင်မှုရရှိရေးအတွက် အထောက်အကူပေးနိုင်ဆဲဖြစ်ပြီး စွမ်းဆောင်မှုကောင်းမွန်ဆဲဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ပြောသည်။ ရစ်ဘာရီကလည်း မိမိသည် အင်အားပြည့်ကစားနိုင်နေဆဲဖြစ်ပြီး ဘိုင်ယန်မြူးနစ်အတွက် ဂိုးများဆက်လက်သွင်းပေးရန် ဆန္ဒပြင်းပြနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ရစ်ဘာရီသည် ၂၀၀၇ ခုနှစ်က မာဆေးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ဘွန်ဒက်စ်လီဂါ ချန်ပီယံဆု ခြောက်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ဆွတ်ခူးရရှိရန် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ရစ်ဘာရီသည် ဘိုင်ယန်မြူးနစ်ကစားသမားများနှင့် အံဝင်ခွင်ကျကစားနိုင်သူဖြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။



ပြင်သစ်ကွင်းလယ်ကစားသမား ဖရန့်ရစ်ဘာရီသည် တိုက်စစ်အားသန်သော ကစားသမားတစ်ဦးဖြစ်ပြီး တိုက်စစ်၊ ခံစစ်ကိုဟန်ချက်ညီစွာ လိုက်ပါဖြည့်ဆည်းပေးနိုင်သည့်အပြင် ဂိုးရရှိအောင်သွင်းယူနိုင်သူဖြစ်ရာ ဘိုင်ယန်မြူးနစ်၌ ရှိနေသင့်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြ အန်ဆယ်လော့တီက ပြောသည်။

# ဝယ်လျှောင်ဒိုင်ကြီးများကြောင့် ရော်ဘာဈေးများ ဆက်လက်မြင့်တက်နေ

**မော်လမြိုင် နိုဝင်ဘာ ၂၉**
ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် တရုတ်နိုင်ငံသို့တင်ပို့သည့် အချို့ကုန်စည်များ ဈေးကွက်ဝယ်လိုအားလျော့ကျနေပြီး တွက်ခြေမကိုက်သော်လည်း မွန်ပြည်နယ်ထွက် ရော်ဘာဈေးကွက်မှာမူ ဝယ်လျှောင်ဒိုင်ကြီးများကြောင့် ဈေးနှုန်းအတက်ဘက်သို့သာ ရောက်နေကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ပိတ်ဈေးတစ်ပေါင်လျှင် ကျပ် ၃၅၀ အထိ ဈေးနှုန်းကျဆင်းခဲ့သော ရော်ဘာဈေးကွက်သည် ယခုနှစ်တွင် ဝယ်လျှောင်ဒိုင်ကြီးများကြောင့် အောက်တိုဘာ ၃၁ ရက်က ရော်ဘာတစ်ပေါင်လျှင် ကျပ် ၇၆၀ ရှိခဲ့ရာမှ နိုဝင်ဘာ ၂၆ ရက်တွင် တစ်ပေါင်လျှင် ၉၄၅ ကျပ်အထိရောက်ရှိနေခဲ့သည်။

“ရော်ဘာဈေးမကောင်းတာ ၂၀၁၃ ကတည်းကပါ။ ဈေးကျလို့ လုပ်သားစရိတ် တွက်ခြေမကိုက်ဘဲ အိတ်စိုက် အရှုံးပေါ်လာခဲ့တာ ကြာပါပြီ။ အစေးခြစ်ကျွမ်းကျင်လုပ်သားကလည်း ငှားမရချိန်မှာ ခြံပိုင်ရှင်တွေ ကိုယ့်ခြံကိုယ်ဆင်း အစေးခြစ်ခဲ့ရတဲ့နှစ်တွေလည်း ရှိခဲ့ပါတယ်”ဟု ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးအေးအောင်က ယခင်နှစ်များက ရော်ဘာဈေးကွက်အခြေအနေကို ရှင်းပြသည်။

ယခုနှစ်တွင် အတက်ဘက်သို့သာ ဦးတည်နေသော ရော်ဘာဈေးကွက်ကြောင့် ရော်ဘာခြံရှင်များ၏ မျှော်လင့်ချက်အိပ်မက်များ တဖြည်းဖြည်းရုပ်လုံးပေါ်လာလျက်ရှိသည်။ “ကျွန်တော်ကတော့ တစ်ပေါင် ကျပ် ၁၀၀၀ ရတာနဲ့ ရောင်းမယ်ဗျာ”ဟု ရော်ဘာခြံပိုင်ရှင်တစ်ဦးဖြစ်သူ ကိုတေဇာက ပြောသည်။

စက်မှုကုန်ကြမ်းတစ်မျိုးဖြစ်သော ရော်ဘာကို တရုတ်နိုင်ငံက အဓိကဝယ်ယူခြင်းဖြစ်ပြီး မွန်ပြည်နယ်တွင် စုစုပေါင်း ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးရှိကာ ထုတ်လုပ်မှုရော်ဘာကုန်ကြမ်းတန်ချိန် တစ်သိန်းခွဲဝန်းကျင်ရှိသည်။ မွန်ပြည်နယ်ထွက် ရော်ဘာအားလုံးနီးပါးမှာ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။
**ခိုင်သက်အိမ်**



အစေးထုတ်ပြီးလှန်းထားသော ရော်ဘာပြား ကုန်ကြမ်းများ

# မြောင်းမြတွင် ဆန်စပါးကုန်စည်ဒိုင်ဖွင့်၊ စိုက်ပျိုးထုတ်လုပ်သူများအကျိုး ရှေးရှုဆောင်ရွက်မည်

**မြောင်းမြ နိုဝင်ဘာ ၂၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြောင်းမြဆန်စပါးကုန်စည်ဒိုင် ဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူးရုံးဝန်းအတွင်း ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်တို့က ကုန်စည်ဒိုင်ရုံးခန်းနှင့် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားကာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကိုလည်းကောင်း၊ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း မြောင်းမြခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MDCCI) ဥက္ကဋ္ဌ ဦးရွှေထွန်းက အသင်းဖွဲ့စည်းထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်းတို့ကိုလည်းကောင်း မြောင်းမြဆန်စပါးကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးကိုကိုနိုင်က အသင်းဖွဲ့စည်းထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြောင်းမြ ဆန်စပါးကုန်စည်ဒိုင်သည် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ စပါးဈေးမှန်မှန်ကန်ကန်ဖြင့် ရောင်းဝယ်ဖောက်ကား နိုင်စေရန်၊ ဈေးနှုန်းများ မှန်မှန်ကန်ကန်ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဆန်စပါးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးကိုကိုနိုင်က ပြောကြားသည်။
**အောင်မင်း (မြောင်းမြ)**

# မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းကျဆင်းရေး လှည့်လည်အသိပညာပေးဟောပြော



**စလင်း နိုဝင်ဘာ ၂၉**
မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မှုခင်းကျဆင်းရေးအတွက် မြို့နေပြည်သူများအား ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မြို့တွင်းလူစည်ကားရာနေရာဖြစ်သော စည်ပင်သာယာဈေးအရှေ့ဘက် လမ်းဘေးတွင် နိုဝင်ဘာ ၂၇ ရက်က မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မှုခင်းအသိပညာပေးဟောပြောရာတွင် မော်တော်ယာဉ်ပေါ်တွင်ပါသော ဖျော်ဖြေရေးအဖွဲ့များက တေးသီချင်းများဖြင့်သီဆိုဖျော်ဖြေကြပြီး စလင်းရဲတပ်ဖွဲ့မှ စခန်းမှူးဒုရဲမှူးဝင်းနိုင်က မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ရဲလုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် မှုခင်းပညာပေးမော်တော်ယာဉ်ပေါ်တွင် ပြသထားသော ပညာပေး သရုပ်ဖော်ပုံများကို ပြည်သူများအား တက်ရောက်လေ့လာကြည့်ရှုစေခဲ့ရာ ပြည်သူအများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**

# နတ်မောက်မြို့၌ လူငယ်တွေ့ဆုံပွဲကျင်းပ

**နတ်မောက် နိုဝင်ဘာ ၂၉**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက် ဓမ္မာရုံ၌ လူငယ်တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး နတ်မောက်မြို့ရှိ စိတ်ဓာတ်ဖြူစင်ကရုဏာရှင်အသင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူငယ်ကွန်ရက်မှ လူငယ်များ၊ နတ်မောက်မြို့ လူငယ်ကွန်ရက်မှ လူငယ်များ၊ နတ်မောက်မြို့နယ်အတွင်း ကျေးရွာများရှိလူငယ်များနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် နတ်မောက်မြို့စိတ်ဓာတ်ဖြူစင်ကရုဏာရှင် လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးဉာဏ်ရှိန်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးညိုကြီးနှင့် တိုင်းဒေသကြီး လူငယ်ကွန်ရက် အမှုဆောင် ဦးသက်ပိုင်ဦးတို့က မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏တာဝန်နှင့် အခွင့် အရေးများကို ရှင်းလင်းပြောကြားခဲ့သည်။
**လှဝင်း(နတ်မောက်)**



နိုဝင်ဘာ ၂၇ ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကထောက်ပံ့ချီးမြှင့်သည့် အသက် ၇၅ နှစ်ပြည့် စစ်မှုထမ်းဟောင်း၊ မသန်စွမ်း စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများ ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်ရုံး၌ ကျင်းပရာ လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့် (ငြိမ်း)က ကျောင်းသားတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်
မီးမီး(လှိုင်)

## လမ်းအဆင့်မြှင့်တင်မှု စံချိန်စံညွှန်းပြည့်မီပြီး အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေး

**စေတုတ္တရာ နိုဝင်ဘာ ၂၉**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စလင်း-စေတုတ္တရာလမ်းနှင့် ပဒါန်း-ငဖဲ- စေတုတ္တရာ - လောင်းရှည်-ဆောလမ်းများ အဆင့်မြှင့်တင်မှု လုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များက နိုဝင်ဘာ ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများ သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ စလင်း-စေတုတ္တရာ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းကို မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ပဒါန်း-ငဖဲ- စေတုတ္တရာ-လောင်းရှည်-ဆောလမ်းများအပိုင်းကို လမ်းအထူးအဖွဲ့(၁၁)က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

# မျက်စိရောဂါဝေဒနာရှင်များအား ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှ အခမဲ့ကုသပေး

**တပ်ကုန်း နိုဝင်ဘာ ၂၉**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ချယ်ရီမေတ္တာဖောင်ဒေးရှင်းအဖွဲ့က နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကင်မွန်းတန်းကျေးရွာအုပ်စု ခြံကြီးကျေးရွာဘုန်းတော်ကြီးကျောင်းတွင် အခြေပြု၍ (အခမဲ့) စမ်းသပ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျက်စိစမ်းသပ်ဆရာဝန် ဒေါက်တာသန်းစိုးနှင့် အဖွဲ့ဝင်များ၊ ခွဲစိတ်ဆရာဝန် ပါမောက္ခ ဒေါက်တာကိုကိုတင်နှင့်အဖွဲ့တို့က စမ်းသပ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူ ၂၅၀၀ ခန့်ကို စမ်းသပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ စမ်းသပ်ပြီးသူများမှ ခွဲစိတ်ရန်လိုအပ်သော မျက်စိဝေဒနာရှင်များအား ဆီးချို၊ HIV /AIDS ရောဂါများ ရှိ/မရှိစစ်ဆေးကာ တပ်ကုန်းခုတင် ၁၀၀ ဆေးရုံတွင် နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ဆက်လက်၍ ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**တင်စိုးလွင်(တပ်ကုန်း)**



# မိတ္ထီလာမြို့နယ်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး



**မိတ္ထီလာ နိုဝင်ဘာ ၂၉**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် ဝန်ကြီးများ၏ ဇနီးများ ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့ နိုဝင်ဘာ ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နယ်လှည့်ဆေးကုသရေးအဖွဲ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ယုယုမေနှင့် ဝန်ကြီးများ၏ဇနီးများ ဦးဆောင်ပြီး မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင် ဦးဆောင်သော ကလေးအထူးကု၊ နား/နှာခေါင်း၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ အရေပြား သမားတော်ကြီးများ၊ ဆရာဝန်ကြီးများ ပါဝင်ကာ မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမ၌ ကွင်းဆင်းဆေးကုသပေးခဲ့ရာ မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက် ၁၄ ခုနှင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၈ အုပ်စု ရှိ ကျေးရွာ ၃၇၉ ရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသမှု လာရောက်ခံယူသော ဝေဒနာရှင်များအား ဆရာဝန်ကြီးများက ဆေးကုသပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ကလည်း လာရောက်ဆေးကုသသော ဒေသခံပြည်သူများအား ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ တီဘီရောဂါအကြောင်း၊ ဆောင်းရာသီတွင်ဖြစ်တတ်သည့် တုပ်ကွေးရောဂါအကြောင်း၊ ခံတွင်းကင်ဆာအကြောင်း၊ အာရုံကြောရောဂါများအကြောင်းတို့ကို ဟောပြောခဲ့သည်။

မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ဆေးဝါးကုသပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ပြီး လာရောက်ပြသ ကုသမှုခံယူသည့် ဒေသခံပြည်သူများမှ ထပ်မံကုသရန် လိုအပ်သူများအား မိတ္ထီလာ ပြည်သူ့ဆေးရုံကြီးသို့လွှဲပြောင်း၍ ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြန်မာရိုးရာခြင်း ဝိုင်းခြင်းအလှခတ်နည်း အခမဲ့သင်ကြားပေးလျက်ရှိ

**မြစ်ကြီးနား နိုဝင်ဘာ ၂၉**
မြစ်ကြီးနားမြို့ရှိ ခတ်တာမြိုင် မြန်မာရိုးရာအားကစားများ မျိုးဆက်သစ်ပြန့်ပွားရေးအဖွဲ့က ဖွင့်လှစ်သော မြန်မာ့ရိုးရာခြင်းလုံးအလှခတ် ဝိုင်းခြင်းခတ်နည်း အခမဲ့သင်တန်းကို မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက် မီးရထားဝန်း နယ်မြေ(၁)ရှိ ခတ်တာမြိုင်ခြင်းကလပ်၌ နိုဝင်ဘာ ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



ခြင်းအလှခတ်နည်း သင်တန်းဖွင့်ပွဲတွင် မြစ်ကြီးနားမြို့ပေါ်ရှိ ကချင်ပြည်နယ်လက်ရွေးစင်ဟောင်းအသင်းနှင့် ကလပ်ရှစ်ခုမှ ခြင်းလုံးပညာရှင်များက ခြင်းလုံးအလှခတ် သရုပ်ပြကစားပြခဲ့သည်။ မြန်မာတို့၏ရိုးရာအားကစားနည်း အမွေအနှစ်များ ပပျောက်မသွားစေရန်၊ လူငယ်များ အားကစားကိုအာရုံစိုက်လာစေပြီး အားကစားပညာ လက်ဆင့်ကမ်းကာ မြန်မာ့အားကစားတိုးတက်လာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခြင်းအလှခတ်နည်းသင်တန်းသို့ အသက်အရွယ်မရွေး ခြင်းအလှခတ်ကစားလိုသူတိုင်း လာရောက်သင်ကြားနိုင်ပြီး ခတ်တာမြိုင် မြန်မာရိုးရာ အားကစား မျိုးဆက်သစ်ပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုး၊ နည်းပြချုပ် ဦးဌေးဝင်းနှင့် အဖွဲ့ဝင် ရှစ်ဦးတို့ဖြင့် နေ့စဉ်ညနေ ၄ နာရီမှစတင်ကာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## သတင်းတိုများ

### ဆောမြို့တွင် အားကစားအသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ အားကစားမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကိုက အားကစားလေ့ကျင့်ခန်းပြုလုပ်ခြင်း ခေါင်းစဉ်ဖြင့် ကျန်းမာကြံ့ခိုင်စေသော စားသောက်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကိုယ်ပိုင်အချိန်အချို့ထားရှိခြင်း၊ ကျန်းမာရေးအတွက် ပုံမှန်စစ်ဆေးမှုခံယူခြင်း၊ အရက်နှင့်ဆေးလိပ်လျှော့ခြင်း စသည့်အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောခဲ့သည်။
(၁၀၁)

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လက်စွေ့ကျေးရွာအုပ်စု မြင်းသေကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်မှုအခြေအနေများကို ကြည့်ရှုကာ စီမံကိန်းငွေစာရင်းပုံစံများ မှန်ကန်မှုရှိစေရန်လည်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# လှိုင်သာယာ ပင်လုံဈေးအတွင်း ချိုင်းစာရွက်များ ရောင်းချလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၉**
ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လောင်းကစားမှုပပျောက်၍ လူမှုဘဝများ တည်ငြိမ်အေးချမ်းမှုရှိစေရန် လောင်းကစားဝိုင်းများနှင့် ဒုစရိုက်မှုများ ကင်းစင်ပပျောက်ရေးကို ဆောင်ရွက်လျက်ရှိသော်လည်း ယခုလကုန်ပိုင်းတွင် လှိုင်သာယာမြို့နယ်ပင်လုံဈေးအတွင်း နှစ်လုံး၊ သုံးလုံး ချိုင်းစာရွက်များကို ရောင်းချလျက်ရှိကြောင်း သိရသည်။

"လှိုင်သာယာမှာ လောင်းကစားမှုပပျောက်သွားရင် လုယက်မှုလည်း နည်းသွားနိုင်တယ်။ ဈေးဝယ်လာတဲ့ အိမ်ရှင်မတွေလည်း မီးဖိုချောင်ပစ္စည်းကို ပြည့်ပြည့်စုံစုံ ဝယ်နိုင်မယ့်အပြင် မိသားစုလူမှုပြဿနာဖြစ်ပွားမှုလည်း နည်းသွားလိမ့်မယ်။ အခုဟာက ရပ်ကွက်ထဲမှာတင်မဟုတ်ဘူး။ ဈေးထဲမှာလည်း ခဲျထိုးဖို့ ချိုင်းစာရွက်ဝယ်ဖို့က အဆင်သင့်ရှိနေတော့ တရားဥပဒေစိုးမိုးရေး လုပ်ဆောင်နေတဲ့ လူကြီးတွေရဲ့ပုံရိပ်ကိုလည်း ထိခိုက်စေတယ်"ဟု ပင်လုံဈေးအနီးရှိ အမှတ် (၁၄) ရပ်ကွက်မှ ရပ်မိရပ်ဖ တစ်ဦးက ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ ဒုစရိုက်မှုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေချိန်တွင် လှိုင်သာယာမြို့နယ်၌ ရပ်ကွက်၊ကျေးရွာများသာမက ဈေးများအတွင်း၌ ပင်ခဲျထီလောင်းကစားခြင်းများ အရှိန်ရလာသည့်အတွက် မိသားစုများ၏လူမှုဘဝကို ထိခိုက်ပျက်စီးစေသည့်ခဲျထီလောင်းကစားခြင်းကို တားဆီးထိန်းသိမ်းခြင်းဖြင့် မှုခင်းကျဆင်းရေးကိုလည်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။ **(၁၆၄)**

# စားသောက်ရန်မသင့်သည့် အစားအစာများ ရောင်းချခြင်းမရှိရန် ကွင်းဆင်းစစ်ဆေး

**ပေါက် နိုဝင်ဘာ ၂၉**
အရည်အသွေးမြင့်မားသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးခြင်းဖြင့် စားသုံးသူတို့အတွက် လုံခြုံစိတ်ချမှုရရှိစေရန်ရည်ရွယ်ပြီး မကွေးတိုင်းဒေသကြီး ပေါက်မြို့ မြို့မဈေးအတွင်း ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)မှ စားသုံးရန်မသင့်ဟု ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရန် စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့ နိုဝင်ဘာ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးကာ ဆိုင်ရှင်များအား အသိပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်မြို့ မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများနှင့် ပုံကျဈေးသည်များအား စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ ပေါက်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ အကြီးတန်းစာရေး ဦးကျော်စိုးက ဥပဒေအရ ခွင့်ပြုခြင်းမရှိသည့် ဆိုးဆေးပါ အစားအစာများ၊ တာရှည်ခံ ဓာတုဆေးဝါးများဖြင့် ထုတ်လုပ်ထားသော အစားအစာများ၊ သက်တမ်းလွန်သော အစားအစာများ ရောင်းချခြင်းမပြုရန်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး(ပ) ဒေါ်လိန်းထုံးအွယ်က သံချေးတက်စည်သွပ်ဘူးများနှင့် မှိုတက်နေသည့် အစားအသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန် စသည့်ကျန်းမာရေးဆိုင်ရာသိကောင်းစရာများအကြောင်းကို ဆိုင်ရှင်များအား ပညာပေးရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။
**ဉာဏ်တိုး(ပေါက်)**

# ပြည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ပြည် နိုဝင်ဘာ ၂၉**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တွင်းပြည်းကျေးရွာအုပ်စု တွင်းပြည်းကျေးရွာ တောင်သူဦးဇော်မင်းပိုင် ဆင်းသွယ်လတ် မျိုးမိုးစပါး နိုဝင်ဘာ ၂၆ ရက်က ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို ညွှန်ကြားရေးမှူး ဦးမျိုးဦး (ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး တိုက်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ကြီး)၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသိန်းစိုးမင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာနမှူးနှင့် ဝန်ထမ်းများ၊ တွင်းပြည်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြပြီး အဆိုပါစံကွက် ၁ ဒသမ ၁၀ ဧကမှ တစ်ဧကအထွက်နှုန်း ၇၀ ဒသမ ၀၇ တင်းထွက်ရှိကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**






DENKO

ဖွင့်လှစ်ပြီးဆိုင်ပေါင်း ၂၉ ဆိုင်

**ရန်ကုန်တိုင်း**
ဗဟန်း
အင်းစိန်
အောင်ဆန်း
လှည်းကူး
ကုန်းတလပေါင်

**ရှမ်းပြည်နယ်**
အောင်ပန်း
ကျောက်မဲ

**မွန်ပြည်နယ်**
မော်လမြိုင်
ကျိုက်ထို

**မကွေးတိုင်း**
ချောက်

**ပဲခူးတိုင်း**
ဖြူး (အမြန်လမ်း၁၁၅မိုင်)
ဘုရားကြီး

**နေပြည်တော်**
လယ်ဝေး
တပ်ကုန်း

**စစ်ကိုင်းတိုင်း**
ရွှေဘို
စစ်ကိုင်း
(အုန်းတောလမ်းခွဲအနီး)

**ကချင်ပြည်နယ်**
ဗန်းမော်
(သာစည်ရပ် /
လေဆိပ်လမ်းခွဲအနီး)

**မန္တလေးတိုင်း**
မတ္တရာ
မန္တလေး
(ရွှေကျင်ကျောင်းတိုက်ရှေ့)
မိတ္ထီလာ
ဝမ်းတွင်း
ညောင်ဦး
မန္တလေး(ကားကြီးဝင်း)
မန္တလေး
(ဂုဏလမ်း / ခင်စောမှုကွေ့)
မန္တလေး
(ကျောက်စိမ်းဘုရားအနီး)
တံတားဦး (ပန်းယျ)
မန္တလေး(သိပ္ပံလမ်း)
မန္တလေး
(ကမ်းနားလမ်းနှင့်
ကန်တော်ကြီးလမ်းထောင့်)
စဥ့်ကိုင်




* Denko Trading Company မှ စက်သုံးဆီများကို လက်လီ၊ လက္ကားရောင်းချရာတွင် Denko အမည်တစ်ခုတည်းဖြင့်သာ အမြဲရောင်းချပါသည်။

DENKO ဆီဆိုင်မှ အရည်အသွေးမြင့် ဓါတ်ဆီ၊ ဒီဇယ်များကို
ခေတ်မီစက်သစ်များဖြင့် ဆီအချိန်အတွယ်ပြည့်မီစွာ
နိုင်ငံတဝှမ်း ဝန်ဆောင်မှုပေးနေပါသည်။

ဆီလက္ကားဝယ်ယူနိုင်သည့် မြို့များ
ရန်ကုန်၊ ပြည်၊ စလေ၊ မင်းဘူး ဖုန်း - ၀၉ ၂၆၄၂၃၀၇၉၅၊ ၀၉ ၄၄၂၁၆၄၄၀၃
မန္တလေး၊ ပခုက္ကူ၊ မုံရွာ၊ ကသာ၊ ဗန်းမော် ဖုန်း - ၀၉ ၄၄၀၀၆၈၅၈၂၊ ၀၉ ၂၀၁၁၄၄၉

-Denkomyanmar/ www.denkomyanmar.com

## တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါနေရာများ၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ စတင်ဝယ်ယူပါမည်-

(က) **ကချင်ပြည်နယ်**
- (၁) မြစ်ကြီးနား
- (၂) ဝိုင်းမော်
- (၃) လှည်းကူး
- (၄) တိုက်ကြီး
- (၅) ထန်းတပင်
- (၆) ရွှေဘို
- (၇) ရေဦး
- (၈) ခင်ဦး
- (၉) ဒီပဲယင်း

(ခ) **မွန်ပြည်နယ်**
- (၁) မော်လမြိုင်
- (၂) သထုံ
- (၃) ပေါင်
- (၄) မုဒုံ
- (၅) သံဖြူဇရပ်
- (၆) ချောင်းဆုံ
- (၇) ကျိုက်မရော
- (၈) ရေး
- (၉) ဘီးလင်း
- (၁၀) ကျိုက်ထို

(ဂ) **ရန်ကုန်တိုင်းဒေသကြီး**
- (၁) သန်လျင်
- (၂) ခရမ်း
- (၃) ကသာ
- (၄) တန့်ဆည်
- (၅) ကလေး

(ဃ) **ရခိုင်ပြည်နယ်**
- (၁) စစ်တွေ
- (၂) ကျောက်တော်
- (၃) မြောက်ဦး
- (၄) မင်းပြား
- (၅) ရသေ့တောင်
- (၆) ကျောက်ဖြူ
- (၇) တောင်ကုတ်

(င) **စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ကန့်ဘလူ
- (၂) ဝန်းသို

(စ) **မကွေးတိုင်းဒေသကြီး**
- (၁) ဂန့်ဂေါ

(ဆ) **ပဲခူးတိုင်းဒေသကြီး(အရှေ့)**
- (၁) အုတ်တွင်း
- (၂) ဖြူး
- (၃) ကျောက်တံခါး
- (၄) ညောင်လေးပင်
- (၅) ဒိုက်ဦး
- (၆) သနပ်ပင်
- (၇) ရေတာရှည်
- (၈) တောင်ငူ

၂။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလစသည့် အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါ နေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့ များတွင် စုံစမ်းနိုင်ပါသည်။

၃။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော် လည်းကောင်း၊ စပါးတင်း (၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေ သည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မကွေးတက္ကသိုလ်-မကွေးမြို့
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မကွေးတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ၂၀၁၆ ခုနှစ် မေလ တွင် ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ မဟာသုတေသန(ဘွဲ့)၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ လတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေပညာ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် မကွေးတက္ကသိုလ်၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ) |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - ၁-၁၂-၂၀၁၆ ရက်မှ ၃၀-၁၂-၂၀၁၆ ရက်အထိ |

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။

၂။ လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသော (၂"×၁½")ဓာတ်ပုံ (၃)ပုံ ပူးတွဲ၍လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ စနစ် တကျဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို မကွေးတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရပါမည်။

၄။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ စသည်များကို တိကျစွာဖော်ပြ၍ **"ပါမောက္ခချုပ် မကွေးတက္ကသိုလ်"** သို့ လိပ်မူ၍ လျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ဥပဒေပညာအထူးပြုနှင့် ဘူမိဗေဒအထူးပြုဘာသာရပ်များဖြင့် (ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူ များသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ နှစ်မျိုးလုံး ပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ (ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။

၆။ **တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။**

၇။ အသေးစိတ်အချက်အလက်များကို မကွေးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ဖုန်းအမှတ် ၀၆၃-၂၃၁၉၃ တွင် စုံစမ်းနိုင်ပါသည်။

**(လှလှအေးမြင့်)**
**မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**မကွေးတက္ကသိုလ်**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၉၀၂၅ Kaung Htat L/T(Kit-01) P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခွန်တောင် ၁၃/ကခန(နိုင်)၀၅၉၀၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၂၁၉၁၉ Honda Wave 110 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးကျော်လင်းစိုး ၁၀/မလမ(နိုင်) ၁၉၃၇၂၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ဃ/၅၄၂၇၃ Honda Wave 125 i ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှရီ ၁၀/ခဆန(နိုင်)၀၀၄၆၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်
# ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် (၁) FDA အသိအမှတ်ပြုဆေးဝါးများ၊ (၂) ဓာတ်ခွဲခန်းသုံးဆေးရည်နှင့် (၃) ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၅-၁၂-၂၀၁၆ ရက် နံနက် ၉:၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၂-၂၀၁၆ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေး ဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရမည့်ဖုန်း-** ၀၁-၂၃၀၆၄၀၀၊ ၀၁-၂၃၀၆၄၀၃

**လိပ်စာ-** စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန
## ပဲခူးမြို့
## ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနအတွက်
## သံချောင်းလုံးရှယ်စုံနှင့် ဘိလပ်မြေအား
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော သံချောင်းလုံးရှယ်စုံနှင့် ဘိလပ်မြေအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများသည် တင်ဒါလျှောက်လွှာတင်သွင်း နိုင်ပါကြောင်း ကြေညာပါအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၄-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆:၀၀ နာရီ |
| **တင်ဒါရွေးချယ်မည့်ရက်/အချိန်** | - | ၁၅-၁၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ |
| **တင်ဒါရွေးချယ်မည့်နေရာ** | - | လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးမြို့တွင် ၅-၁၂-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)**
**လမ်းဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၂၂၂၁၅၂၃**

---

## CLAIMS DAY NOTICE
## M.V HOEGH CHENNAI VOY:NO(29)

Consignees of cargo carried by M.V HOEGH CHENNAI VOY:NO(29) are here by notified that the vessel will arrive on about 1-12-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလို ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မဟူရာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့နေ ဦးအောင်သန်း ၃/ဘအန(နိုင်)၁၁၅၁၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သန်း ၃/ဘအန(နိုင်)၁၁၅၁၅၉ နှင့် ဒေါ်ညိုညိုစန်း ၇/ပမန(နိုင်)၁၀၀၄၆၆ တို့သည် အိမ်ထောင်ကြီးချင်း လက်ထပ် ထိမ်းမြားခဲ့သည်မှာ ၂၀၀၇ ခုနှစ်မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သန်း၏ဇနီးဖြစ်သူ ဒေါ်ညိုညိုစန်းသည် လွန်ခဲ့သော ၂၁-၁၁-၂၀၁၆ရက်က ဦးအောင်သန်းပိုင် ရွှေ ၁၀ ကျပ်သားနှင့် ငွေသား ခြောက်သိန်းကျော်ကို ယူဆောင်ပြီး ၄င်း၏ဆန္ဒအတိုင်း နေအိမ်ပေါ်မှ ဆင်းသွားပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်းနှင့် သက်ဆိုင်မှုမရှိတော့ ပါကြောင်းနှင့် ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညိုညိုစန်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးအောင်သန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာနွယ်ဖုန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၀၄၂)**
**မဟူရာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ထမ်းအိမ်ရာမွမ်းမံပြင်ဆင်ခြင်း (အမိုး၊ ကြမ်းခင်းနှင့်ဆေးသုတ်) | (၅၀)လုံး |
| (ခ) | အမျိုးသမီးဆောင်မွမ်းမံပြင်ဆင်ခြင်း | (၃)လုံး |
| (ဂ) | မျိုးစေ့အခြောက်ခံစက်ရုံအဆောက်အအုံအဆင့်မြှင့်တင်ခြင်း | (၁)ခု |
| (ဃ) | သုတေသနရုံးပြင်ဆင်ခြင်းလုပ်ငန်း | (၁)ခု |
| (င) | အပင်တစ်သျှူးမွေးမြူရေးဓာတ်ခွဲခန်းအဆင့်မြှင့်တိုးချဲ့ခြင်း | (၁)ခု |
| (စ) | သုံးထောင့်အဆောက်အအုံအား ရုံးခန်းပြုလုပ်ခြင်း | (၁)ခု |

၂။ အိတ်ဖွင့်တင်ဒါ ပုံစံနှင့်စည်းကမ်းချက်များကို ၁-၁၂-၂၀၁၆ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၁၄-၁၂-၂၀၁၆ ရက် ၁၆:၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် အ/၆၆၁၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၄၃၄၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၆၀၂

| | | |
|---|---|---|
| ဦးကျော်ဆွေဝင်း (၄င်း၏အခွင့်ရကိုယ်စားလှယ် မစန်းစန်းဦး) | နှင့် | ၁။ ဦးတင်ရအေး<br>၂။ ဦးလှမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

ဦးတင်ရအေး သင်္ဘောတန်း၊ အကွက်(၅)၊ သီရိမာလာအရှေ့ရပ်၊ အောင်မြေသာစံမြို့နယ် ဦးလှမြင့် အကွက်(၄၃၉)၊ မဟာအောင်မြေအနောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခင်လိပ်စာ)၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျော်ဆွေဝင်း (၄င်း၏ အခွင့်ရကိုယ်စားလှယ် မစန်း စန်းဦး)က ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုကြောင်း လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက် များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၈ခုနှစ် နတ်တော်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သိစေ ရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြင်သာရပ်ကွက်၊ ကွင်းအမှတ်(၁၆၄၇)၊ အလယ်ရပ်/မြင်သာ(F)၊ ဦးပိုင်အမှတ် Fs(၁၄)၊ Fs(၁၅-က)နေ ဦးတင်ထွေး (ဘ) ဦးပဲညှာ ၈/မကန(နိုင်)၀၅၃၃၉၆ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြား ချက်အရ-

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြင်သာရပ်၊ ကွင်းအမှတ် ၁၆၄၇၊ အလယ်ရပ်/မြင်သာ(F)၊ ဦးပိုင်အမှတ် Fs(၁၄)၊ Fs(၁၅-က)၊ ဧရိယာ ၀ ဒသမ ၀၈၂၅ ဧက၊ အကျယ်အအဝန်းရှိ မူလဂရန်အမည်ပေါက် မြေကွက်နှင့် တစ်ဆက်တည်းရှိသော အရှေ့အနောက် ပေ(၆၀)×တောင်မြောက် ပေ(၃၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အအုံများ အပါအဝင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးတင်ထွေး တစ်ဦး တည်းအမည်ပေါက် လက်ဝယ်ထား သုံးစွဲပိုင်ဆိုင် နေထိုင်လုပ်ကိုင်သော အဆောက်အအုံမြေကွက် ဖြစ်ပါသည်။

အထက်ပါ ဦးတင်ထွေး တစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထား နေထိုင်သုံးစွဲလုပ်ကိုင်လျက်ရှိသော အဆောက်အအုံ/မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်စပ်လျဉ်း၍ ဦးတင်ထွေး သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ စွန့်လွှတ်လှူဒါန်း ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ် ခဲ့ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ပြီး အထက်ဖော်ပြပါ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ ဦးတင်ထွေးတစ်ဦးတည်းသာ အမည်ပေါက်ပိုင်ဆိုင် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းထိုက်ဦး**
**အထက်တန်းရှေ့နေ (စဉ်-၃၈၉၃၄)**
**အမှတ် ၄၈/ခ၊ မြသီတာလမ်း၊ သိင်္ဂါရပ်ကွက်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၄၄၀၃၉၆၉၃၆**

# နေပြည်တော် ပျဉ်းမနား အထက (၂) (၁၉၅၅ မှ ၂၀၁၅)ထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

# ဖိတ်ကြားလွှာ

နေပြည်တော် ပျဉ်းမနား အထက(၂) ၁၉၅၅ မှ ၂၀၁၅ ထိ ကျောင်းသား ကျောင်းသူဟောင်းများမှ သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၉-၁၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အထက(၂) စိုးမြင့်မိုရ်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်း/သစ်များ အလှူငွေထည့်ဝင်သည်ဖြစ်စေ၊ မထည့်ဝင်သည်ဖြစ်စေ မည်သူမဆို အင်တိုက်အားတိုက် မပျက်မကွက်တက်ရောက်ပူဇော်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**(ကျောင်းသား/သူများအတွက် ဖိတ်စာဖြင့် သီးသန့်ဖိတ်ကြားခြင်းမပြုပါ။)**

**ပူဇော်ပွဲအထိမ်းအမှတ်အဖြစ် အထက (၂) ကျောင်းသား/သူလေးများ၏**

(၁) အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုစွမ်းရည်ပြိုင်ပွဲ၊ (၂) စာစီစာကုံးပြိုင်ပွဲ၊ (၃) ကျပန်စကားပြောပြိုင်ပွဲတို့ကို (၁၀/၁၁/၂၅-၁၂-၂၀၁၆) ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲတိုင်း ပထမဆု (ရွှေစင် ၅ မူးသားဆုတံဆိပ်)၊ ဒုတိယဆု ငွေကျပ် (၃ သိန်း)၊ တတိယဆုငွေကျပ် ၂ သိန်း၊ နှစ်သိမ့်ဆု(၂)ဆု (ငွေကျပ် ၁သိန်း)စီကို မြတ်ဆရာပူဇော်ပွဲကော်မတီမှ ချီးမြှင့်ပေးပါမည်။

ကျောင်းသားဟောင်းကြီး ဦးစိုးတင့်(စိုးလျှပ်စစ်မိသားစု)မှ အလှူငွေထည့်ဝင်သူ ကျောင်းသား ကျောင်းသူများအား မော်တော်ဆိုင်ကယ် (၅)စီး ကံစမ်းမဲဖောက်ပါမည်။

အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးစောမြင့်ကို ဖုန်း-၀၉-၄၂၀၇၆၅၀၇၈၊ ဦးကြည်ဝေ ဖုန်း-၀၉-၅၁၃၂၅၂၆၊ ဒေါ်လွင်လွင်ဝေ ဖုန်း-၀၉-၄၃၀၃၅၂၂၆၊ ဒေါ်ဇင်မာဦး ဖုန်း-၀၉-၄၃၀၁၇၂၈၄၊ ကိုသားကြီး (ကိုသားကြီးဆိုင်ကယ်ပစ္စည်းအရောင်းဆိုင်)ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက (၂)၊ နေပြည်တော်၊ ပျဉ်းမနားမြို့**

---

## မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ (၁၄)ကြိမ်မြောက် သက်ကြီး ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများအား

## ပူဇော်ကန်တော့ပွဲ

ရန်ကုန်မြို့တွင် နေထိုင်ကြသော အသက်(၇၅)နှစ်ပြည့်ပြီးသော သက်ကြီးဆရာဝန်ကြီး၊ ဆရာဝန်မကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်(စနေနေ့)တွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်အဖွဲ့မှ ဦးဆောင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အသက် (၇၅)နှစ်ပြည့်ပြီးသော ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ၁၀-၁၂-၂၀၁၆ ရက် နောက်ဆုံးထား၍ (၁)အမည်၊ (၂)မွေးသက္ကရာဇ်၊ (၃) ဆမအမှတ်၊ (၄)ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်ကိုပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ယခင်နှစ်များက ကန်တော့ခံ ဆရာဝန်ကြီး/ဆရာဝန်မကြီးများအနေဖြင့် ထပ်မံစာရင်းပေးပို့ရန်မလိုပါ။ သို့သော် လိပ်စာအပြောင်းအလဲရှိပါက အကြောင်းကြားပေးပါရန်)

| | |
|---|---|
| ဒေါက်တာခင်မာအေး (ဥက္ကဋ္ဌ၊ အမျိုးသမီးဆရာဝန်အဖွဲ့) | ဖုန်း-၀၉-၇၉၁၇၁၄၃၂၀ |
| ဒေါက်တာဆွေဆွေလှိုင် (အတွင်းရေးမှူး၊ အမျိုးသမီးဆရာဝန်အဖွဲ့) | ဖုန်း-၀၉-၄၂၅၀၁၅၈၈၀ |
| ဒေါက်တာယုယုလွင် (ဘဏ္ဍာရေးမှူး၊ အမျိုးသမီးဆရာဝန်အဖွဲ့) | ဖုန်း-၀၉-၅၁၃၇၅၇၀ |
| မြန်မာနိုင်ငံဆရာဝန်အသင်းရုံး | ဖုန်း-၀၁-၃၈၀၈၉၉ |
| ရုံးအဖွဲ့မှူး (ဦးသောင်းညွန့်) | ဖုန်း-၀၉-၇၃၉၀၂၄၅၈ |
| အုပ်ချုပ်ရေးမှူး (ဦးအောင်မြင့်) | ဖုန်း-၀၉-၄၉၂၇၅၂၃၄ |

**အမျိုးသမီးဆရာဝန်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)**

---

## မြစ်ဖျားသံလွင် ကုမ္ပဏီလီမိတက်

**Mobile Distribution** အတွက် ဝန်ထမ်းအမြန်အလိုရှိသည်

1. Sales Representative ကျား/မ (၁၀) ဦး
   - IT/Mobile/FMCG ရောင်းဖူးသည့် အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
2. Sales Supervisor ကျား/မ (၃) ဦး
   - IT/Mobile/FMCG ရောင်းဖူးသည့် အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
3. Area Sales Manager ကျား/မ (၃) ဦး
   - IT/Mobile/FMCG ရောင်းဖူးသည့် အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
4. Mobile IT ကျား (၂) ဦး
   - IT/Mobile Soft Wear & Head Wear လုပ်ငန်းပိုင်းဆိုင်ရာ နားလည်ကျွမ်းကျင်ရမည်။ တရုတ်စကား ပြောနိုင်သူကို ဦးစားပေးမည်။
5. Assistance Maketing Manager မ (၁) ဦး
   IT/Mobile/FMCG Maketing အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
6. Marketing Executive ကျား/မ (၂) ဦး
   IT/Mobile/FMCG Maketing အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
7. Maketing Staff မ (၁) ဦး

လားရှိုးရုံးနှင့် ဧရာဝတီရုံးခွဲအတွက်

1. Sales Representative ကျား/မ (၁၀) ဦး
   - IT/Mobile/FMCG ရောင်းဖူးသည့် အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
2. Area Sales Manager ကျား/မ (၁) ဦး
   - IT/Mobile/FMCG ရောင်းဖူးသည့် အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
3. Sale Drive ကျား (၃) ဦး

အမှတ် (၆)၊ ဇီဇဝါလမ်း၊ တော်ဝင်အိမ်ရာဝင်း၊(မဟာမြိုင်ဆိုက်ရှေ့ မှတ်တိုင်ဆင်းရန်)၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉ ၂၅၄၃၁ ၂၄၇၄။

---

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မြို့မ (၄)ရက်ကွက်၊ အကွက်အမှတ် (၁၉.ဂ/မူလပြည်သာယာ)၊ ဦးပိုင်အမှတ် (၇၅)၊ မြေကွက်အမှတ် (၇၅)၊ ဧရိယာ ၀ဒသမ ၀၈၀ ဧကရှိ မြေကွက်သည် ဒေါ်ခင်သန္တာအောင်၊ ဦးအောင်ကျော်သူ၊ ဦးဇော်ထက်အောင်အမည်ဖြင့် ခရိုင်ရုံးအမှုတွဲ အမှတ် ၁၀၀/၂၀၁၁-၂၀၁၂အရ ၂၄-၂-၂၀၁၂ ရက်မှစ၍ ဒေါ်ဥမ္မာညိုအမည်မှ ဒေါ်ခင်သန္တာအောင် ပါ(၃)ဦးအမည်သို့ (၃၀)နှစ်ဂရန်အားအမည်ပြောင်းရရှိထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါမြေကွက်အား ဦးဌေးမြင့်-ဒေါ်အလင်း (ခ) ဒေါ်ဝင်းဝင်းခိုင်မှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာရာ လျှောက်ထားမြေသည် ဒေါ်ခင်သန္တာအောင်၊ ဦးအောင်ကျော်သူ၊ ဦးဇော်ထက်အောင်တို့၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဇော်ရဲမင်း ၉/မထလ(နိုင်)၀၀၀၀၁၃ နှင့် ဦးဌေးမြင့်-ဒေါ်အလင်း (ခ) ဒေါ်ဝင်းဝင်းခိုင်တို့မှ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် ဦးစီးဌာနမှူးရုံးတွင်မှတ်ပုံတင်ကာ မြေကွက်အား အပြီးအပိုင်ဝယ်ယူလိုက်ကြောင်း စာချုပ်စာတမ်းများအား တင်ပြကာ ဦးဌေးမြင့်- ဒေါ်အလင်း (ခ) ဒေါ်ဝင်းဝင်းခိုင်မှ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံသောစာရွက်စာတမ်းများနှင့် အတူကြော်ငြာစာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် AH LEIN ဒေါ်အလင်း (ခ) ဒေါ်ဝင်းဝင်းခိုင် ၁၃/တကန(နိုင်)၀၀၀၀၉၈ သည် နာမည်နှစ်မျိုးလုံးမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့နယ်**

---

## ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်းများ ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သူ/သားများ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၄-၁၂-၂၀၁၆ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီမှစ၍ ညောင်ဦးမုန့်ဟင်းခါးဖြင့် ဧည့်ခံ၍ ၁၀း၃၀ နာရီတွင် အစည်းအဝေးအစီအစဉ်များ စတင်ပါမည်။
**ကျင်းပမည့်နေရာ** - ရန်ကုန်မြို့တော်စည်ပင်သာယာရေးမွှာရုံ၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ရန်ကုန်မြို့

အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ/သားများနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဂုဏ်ထူးရ အသင်းသူ/သားများ၏ သားသမီးများ အောက်ပါပုဂ္ဂိုလ်များထံ ၁၅-၁၂-၂၀၁၆ ရက် နောက်ဆုံးထား ဆက်သွယ်သတင်းပို့ကြရန် ဖြစ်ပါသည်။

| | |
|---|---|
| ဦးသိန်းအောင် (နာယက) | ဖုန်း-၀၉-၅၁၆၀၂၈၆ |
| ဦးမြင့်လွင် (ဥက္ကဋ္ဌ) | ဖုန်း-၀၉-၅၁၃၀၈၄၃ |
| ဦးယုတင် (ဒု-ဥက္ကဋ္ဌ) | ဖုန်း-၀၉-၅၀၂၈၀၄၅ |
| ဦးကျော်ဝင်း (အတွင်းရေးမှူး) | ဖုန်း-၀၉-၄၂၁၀၄၆၂၉၉ |
| ဒေါ်ဆွေဆွေ (ဘဏ္ဍာရေးမှူး) | ဖုန်း-၀၉-၇၃၀၂၄၄၃၉ |
| ဦးသောင်းညွန့် (နာယက) | ဖုန်း-၀၁-၅၅၂၄၈၉ |
| ဒေါက်တာ ခင်မောင်သန်း (ဒု-ဥက္ကဋ္ဌ) | ဖုန်း-၀၉-၇၃၂၄၀၅၃၁ |
| ဦးကြည်စိုး (ဒု-ဥက္ကဋ္ဌ) | ဖုန်း-၀၉-၅၁၀၆၇၀၆ |
| ဦးရဲဝင်းနိုင် (တွဲဖက်အတွင်းရေးမှူး) | ဖုန်း-၀၉-၄၂၀၇၃၆၈၈၆ |

**အမှုဆောင်အဖွဲ့**

---

## နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

**ယခင် ဝိုင်အမ်ဘီအေ အ. လ. က (၄) ဗဟန်း၊ အ. ထ. က(၃) ဗဟန်း၊**

၁၉၆၁- ၂၀၁၆ ပညာသင်နှစ်ကျောင်းသူ၊ ကျောင်းသားဟောင်းများက အသက် ၆၀ နှင့်အထက် ဆရာ၊ ဆရာမများ ပူဇော်ကန်တော့ပွဲ မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်တိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၈-၁-၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - အ. က. က (၃) ဗဟန်း

**လှူဒါန်းလိုသူများဆက်သွယ်ရန်**

| | |
|---|---|
| ဆရာကြီးဦးမြင့်အောင် (အ. ထ. က-၃) | (၀၉ ၄၂၀၀၄၂၆၄၀) |
| ဆရာမဒေါ်ခင်လှမြင့် | (၀၉ ၇၃၀၄၇၂၇၅) |
| ဆရာမဒေါ်လှခင် | (၀၉ ၄၂၀၁၇၇၅၉၉) |
| ဦးကိုကြီး (ဆင်မင်းဆပ်ပြာ) | (၀၉ ၅၀၉၃၂၃၉) |
| ဦးမြင့်စိုး (တော်ဝင်မြင့်မြတ်သူကုမ္ပဏီ) | (၀၉ ၅၁၀၁၄၇၂) |
| ဦးလှထွေး (ရှိုမို) | (၀၉ ၅၁၆၂၉၁၉) |
| မသင်းသင်းလွင် | (၀၉ ၂၅၀၄၂၆၅၉၉) |

---

## ထိမ်းမြားမင်္ဂလာ လက်ထပ်ပြီးစီးခြင်း

အမေရိကန်ပြည်ထောင်စု၊ မယ်ရီလန်းပြည်နယ်နေ (ဦးသောင်းတင်)-ဒေါ်ခင်ဝင်းတို့၏ သားထွေး

**မောင်ညီညီထွေး @ Wilson Tun (U.S.A)**

**နှင့်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ ၉၁ လမ်းနေ ဦးမောင်မောင်ဌေး-ဒေါ်လွင်လွင်မြင့်တို့၏သမီးကြီး

**မရွှေရည်မွန် (U.S.A)**

တို့သည် ဇွန် ၈၊ ၂၀၁၆ ရက်တွင် အမေရိကန်ပြည်ထောင်စု၌ တရားဝင်ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်းနှင့် အောက်တိုဘာ ၁၅၊ ၂၀၁၆ ရက်တွင် မင်္ဂလာရာမကျောင်းတိုက် (မယ်ရီလန်းပြည်နယ်၊ အမေရိကန်ပြည်ထောင်စု)၌ မင်္ဂလာဦးဆွမ်းကျွေး ပြုလုပ်ပြီးစီးပါကြောင်း။

**မောင်ညီညီထွေး-မရွှေရည်မွန်**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၉၂၄၅၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/5806 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

---

## မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း တတိယအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ "တတိယအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး"ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများအားလုံး စုံညီစွာတက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၀-၁၂-၂၀၁၆ ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ
**ကျင်းပမည့်နေရာ** - UMFCCI ပထမထပ်၊ မင်္ဂလာခန်းမ၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
**မှတ်ချက်။** ။ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ အသင်းရုံးနှင့် ဆက်သွယ်တက်ရောက်ကြပါရန်။

**ဖုန်း-၀၁-၂၃၁၄၈၂၉၊ ၀၁-၂၃၀၀၂၅၃၊ ၀၉-၄၉၂၈၇၁၈၄**

---

## ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်နှင့် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၆၆)ကြိမ်မြောက် နှစ်ပတ်လည်နှင့် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ရန်ကုန်မြို့နေ အသက် (၇၅)နှစ်နှင့်အထက် ဝါးခယ်မ မြို့နယ်သူ/သား ကန်တော့ခံ ဘိုးဘွားများ၊ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား/သူများ၊ နိုင်ငံတော်က ချီးမြှင့်သည့်ဘွဲ့ထူး၊ ဂုဏ်ထူးဆုတံဆိပ်ရပုဂ္ဂိုလ်များနှင့် သခင်သိန်းဖေ ပညာသင်ဆုရ ကျောင်းသား/သူများသည် အခမ်းအနားတက်ရောက်ရန် အသင်းတိုက်တည်ရှိရာ အမှတ် (၁၂)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်သို့ ၁၈-၁၂-၂၀၁၆ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သခင်သိန်းဖေ ပညာသင်ဆုလျှောက်ထားလိုသူများသည် ၃၁-၁၂-၂၀၁၆ ရက် နောက်ဆုံးထား လျှောက်ထားကြပါရန် အကြောင်းကြားအပ်ပါသည်။

ဝါးခယ်မမြို့နယ် ထွက်ကုန်နှင့်စားစရာများကို ဝါးခယ်မမြို့မှ ထုတ်လုပ်ရောင်းချသူများကိုယ်တိုင် လာရောက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက အသင်း-ဥက္ကဋ္ဌ-ဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၁၉၂၊ အတွင်းရေးမှူး-ဦးမြင့်သန်း ဖုန်း-၀၉-၇၉၆၂၀၁၀၇၅၊ ဘဏ္ဍာရေးမှူး-ဒေါက်တာအေးအေးမြင့် ဖုန်း-၀၉-၅၀၀၆၈၅၂ နှင့် အသင်းတိုက် ဖုန်း-၀၁-၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ကျင်းပမည့်အချိန်** - နံနက် ၇း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ
**ကျင်းပမည့်ရက်** - ၂၅-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်နေရာ** - ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)၊ ဧရာဝတီတိုင်းဒေသကြီးမွှာရုံ

**အမှုဆောင်အဖွဲ့**

---

## ကန့်ကွက်လွှာကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၄)၊ အကွက်အမှတ် (၁၁/ခ လွယ်ကန်မိန်း)၊ ဦးပိုင် အမှတ် ၄၉၊ ဧရိယာ ၀ ဒသမ ၁၁၀၊ အမှုတွဲအမှတ် ၈၅-၅/၂၀၁၄-၂၀၁၅ (အေ)ဖြင့် ဒေါ်ကျောက်ကော်မှ အမည်ပေါက်ပိုင်ဆိုင်၍ လားရှိုးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၅၂I/၂၀၁၆ ဖြင့် အိမ်မြေကွက်အား အရောင်းအဝယ်စာချုပ်၍ ပိုင်ဆိုင်ကြောင်းကို မှတ်ပုံတင်ပြီး ဒေါ်မေဇင်ဦးအမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက ရက် ၂၀ အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်မေဇင်ဦး ၁၃/လရန(နိုင်)၀၀၀၉၂၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၄၈၅၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းညွန့်အောင် ၉/ပဘန(နိုင်)၁၁၇၆၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၃၉၀၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွန်း ၉/တကန(နိုင်)၁၀၄၇၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၉၆၂၇၈ ဟွန်ဒါ ဝေ့ဖ် 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးလဲ့ဝင်း ၁၀/ကမရ(နိုင်)၀၆၆၃၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

ODYSSEY
ပြည်တွင်း ပြည်ပလေယာဉ်လက်မှတ် အိမ်အရောက်ပို့ဝန်ဆောင်မှု
01 373199,240545,09 73187799
အရောင်းခွဲကိုယ်စားလှယ် ယူနိုင်သည်

ဇွန်ကရစ် အုတ်ရိုက်စက်
ဓာတ်မီးမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း၊ရှာ(၂)တောင်ဒဂုံ။

ဒီးလေး
အိမ်ပြောင်း/အိမ်ရွှေ့
မြို့တွင်း/နယ်ဝေး
09 425308777,09 960154777

လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးအထူးလုပ်ကိုင်ရန် နေရာအလွန်ကောင်းသော နှစ်(၉၀)ဂရန်ကြီးကျပြီး မြေကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးလုပ်ကိုင်ရန်ကောင်းမွန်သော နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO) စက်သုံးဆီအရောင်းဆိုင်ရှေ့တွင်တည်ရှိသော နေရာအလွန်ကောင်း၊ နှစ်(၉၀)ဂရန်ကြီးကျပြီး မြေဧရိယာအကျယ် (၅)ဧကခန့်ရှိသည့် မြေကွက်ကြီး ရောင်းမည်။
ဆက်သွယ်ရန် - (၁၆) လမ်းနှင့် ခတ္တာလမ်းထောင့်၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၈၃၀၀၄၄၂၊ ၀၉-၉၆၁၂၈၀၃၉၀၊ ၀၉-၂၆၃၀၄၆၅၁၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၄၅၈၀၂၃၆၁၀

THE BEST TRADING COMPANY LIMITED
ကြော်ငြာလုပ်ငန်းသုံးစက်များ နှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ချိရေး
Printer & Cutter ကြော်ငြာနှင့်ဆိုင်းဘုတ်လုပ်ငန်းသုံး
Exhibition စက်နှင့် ဆက်စပ်ပစ္စည်း မိတ်ဆက်ပြသပွဲ
4-12-2016 to 5-12-2016
9:00 a.m to 5:00 p.m
10 FREE
THE BEST Trading Co., Ltd. | ဟ (၁)/၁၅-၁၆-၁၇-၁၈၊ ၇၄လမ်းနှင့်ကျွန်စခ်းသားလမ်းထောင့် (ကျွဲဆည်ကန်)။
09-784567111 , 09-794567111 , 09-964567555 , 09-784567555

# မန္တလေးမြို့၊ သာသနာ့ရောင်ခြည်သက်န်းပရိက္ခရာဆိုင်ပိုင်ရှင် (ဦးမြတ်ကျော်-ဒေါ်ခင်စန်း တို့၏သား) ဦးထွန်းထွန်း(ခ)ဦးထိန်လင်း၊ ၄င်း၏ဇနီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၅၁၊ ၇ လွှာ(စီ)နေ (ဦးထွန်းအေး-ဒေါ်မြကြင် တို့၏သမီး) ဒေါ်လှလှအေး(ခ)ယွန်းသဥ္ဇာနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အိမ်တော်ရာရပ်ကွက်၊ (၂၆×၂၇)လမ်းကြား၊ (၈၈×၈၉)လမ်းကြား၊ အကွက် ၂၄၁၊ အိမ်အမှတ် ၄၉ နေ ဒေါ်မြစန္ဒာ(ခ)စန္ဒာ (ဘ-ဦးသိန်းဆောင်) ၉/မနတ(နိုင်)၀၇၉၅၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ မန္တလေးမြို့နေ သာသနာ့ရောင်ခြည်သက်န်းပရိက္ခရာဆိုင်ပိုင်ရှင် ဦးမြတ်ကျော်-ဒေါ်ခင်စန်းတို့၏သား ဦးထွန်းထွန်း(ခ)ဦးထိန်လင်း ၄င်း၏ဇနီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၅၁၊ ၇ လွှာ(စီ)နေ ဦးထွန်းအေး-ဒေါ်မြကြင် တို့၏သမီး ဒေါ်လှလှအေး(ခ)ယွန်းသဥ္ဇာနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်မြစန္ဒာ(ခ)စန္ဒာက ဦးထွန်းထွန်းအပေါ် မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၄/၂၀၁၆ တွင် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုစွဲဆိုခဲ့ရာ ခရိုင်တရားရုံးတော်က ၁၆-၉-၂၀၁၆ရက်တွင် ပထမ မယားကြီး ရှိလျက်နှင့် ဒုတိယမယားယူခြင်းသည် အိမ်ထောင်ရေးပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ရုံးတော်က ဦးထွန်းထွန်းအပေါ် တရားဝင်ကွာရှင်းခွင့် ဒီကရီကို ၁၆-၉-၂၀၁၆ရက်က ချမှတ်ခဲ့ပါသည်။

ကျွန်မ ဒေါ်မြစန္ဒာ(ခ)စန္ဒာနှင့် ဦးထွန်းထွန်းတို့သည် လွန်ခဲ့သည့် ၁၉၈၇ခုနှစ်အတွင်းက တရားဝင်ထိမ်းမြားလက်ထပ်ပေါင်းသင်းခဲ့ရာ သမီး-မအိမိုမိုဖြူ (၂၈ နှစ်)နှင့် သား-မောင်ကောင်းထက်စံ (၁၉ နှစ်)တို့အား မွေးဖွားခဲ့ပြီး ၄င်းတို့သည်ပင်လျှင် အိမ်ထောင်အသီးသီးကျ၍ သားသမီးများပင်ရရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် ဦးထွန်းထွန်းသည် ကျွန်မ ဒေါ်မြစန္ဒာ(ခ)စန္ဒာနှင့် ပေါင်းသင်းစဉ်ကတည်းက အိမ်ထောင်ရေး အကြိမ်ကြိမ်ဖောက်ပြန်ခဲ့ခြင်းမျိုးရှိခဲ့ပြီး တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ခြင်းမျိုးမရှိခဲ့သော်လည်း ယခုနောက်ဆုံး၌ ကျွန်မအား အသိပေးခြင်းလည်းမရှိ၊ သဘောတူညီချက်ရယူခဲ့ခြင်းလည်းမရှိဘဲ ဦးထွန်းထွန်းသည် မလှလှအေး(ခ)ယွန်းသဥ္ဇာနှင့် ၂၀၁၄ခုနှစ်အတွင်းက ပြင်ဦးလွင်ခရိုင်တရားရုံးတွင် တရားဝင်လက်ထပ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်မ ဒေါ်မြစန္ဒာ(ခ)စန္ဒာက မန္တလေးခရိုင်တရားရုံးတွင် ဦးထွန်းထွန်းအပေါ် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ခြင်းဖြစ်ပြီး ယင်းအမှုတွင် ကျွန်မ ဒေါ်မြစန္ဒာ(ခ)စန္ဒာက ဦးထွန်းထွန်းအပေါ် အနိုင်ဒီကရီရရှိခဲ့ခြင်းဖြစ်ပါကြောင်း အများသိရှိရန် ကြေညာအပ်ပါသည်။

**မှတ်ချက်** ။ ။ ဤကြေညာချက်နှင့်ပတ်သက်၍ ကျွန်မ ဒေါ်မြစန္ဒာ(ခ)စန္ဒာ ဖုန်း-၀၉-၂၀၃၈၇၆၆၊ ၀၉-၉၆၂၀၃၈၇၆၆ ထံ စုံစမ်းမေးမြန်းနိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်ဗိုလ်မင်း**
**LL.B, LL.M, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၀၈)**
**ဖုန်း-၀၉-၂၀၂၁၄၁၂၊ ၀၉-၇၉၂၀၂၁၄၁၂**

**ဦးမြင့်အောင်**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၄၅)**
**အမှတ် ၈၊ ၆၈လမ်းနှင့် ၃၂လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၁၉၁၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/4770 Toyota PROBOX NCP 51ယာဉ်လက်ဝယ်ရှိသူ ROYAL TOE FAMILY Trading မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## အမည်မှန်

တန့်ယန်းမြို့နယ်၊ မိုင်းကောင်၊ အထက၊ ပဉ္စမတန်း(က)မှ မရွှေရည်၏အမည်မှန်မှာ မဆွေရီဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကျာမော် ဖြစ်ပါသည်။

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5374 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၅၂၅၅၀ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၉/မရမ(နိုင်)၀၈၃၉၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၅၇၂၁ Honda C90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၁၃/လရန(နိုင်)၀၃၀၆၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်အမှတ်(၁၂၂)၊ ၄၆×၄၇၊ နှင်းဆီ×မြတ်လေးကြားရှိ တတကစိုးထွန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးနိုင်အောင်မြင့် ၁၂/ဥကတ(နိုင်)၀၀၂၂၈၆ မှ မြေချထားမိန့်မူရင်း၊ မြေဖိုး၊ လမ်းဖိုးငွေသွင်း ပြေစာမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁၀)၊ ဦးပိုင်အမှတ်(၆၁)၊ ၆၀A×၆၁လမ်း၊ ဗထူးလမ်း×အောင်ဆန်းလမ်းကြားရှိ ဒုတကကျော်ထွန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အေးအေးသိန်း ၁၃/နခန(နိုင်)၀၃၇၄၃၅ မှ မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရက်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၃) အကွက်အမှတ်(၅၀၊ ပန်အုပ်)၊ ဦးပိုင်အမှတ် ၁၁၂၊ ဧရိယာ ၀ဒသမ ၀၇၆၈ဧကရှိ ဒေါ်ငွေငွေမြင့်(ပါ-၆)ဦး အမည်ပေါက် အမှုတွဲအမှတ် ၇၇၅-၅/၉၈(A)အား ဦးလှထွန်း၊ ဦးလှမင်း၊ ဦးလှညွန့်၊ ဒေါ်ချိုချိုဦးတို့မှာ အသီးသီးကွယ်လွန်သွားကြပြီးဖြစ်၍ ဇနီးများဖြစ်သူ ဒေါ်သန်းရင်၊ ဒေါ်မြအေးတို့၏ အမည်ဖြည့်စွက်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၍ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဒေါ်ငွေငွေမြင့် ၁၃/လရန(နိုင်)၀၂၄၉၃၉
၂။ ဒေါ်သန်းရင် ၁၃/လရန(နိုင်)၀၂၃၈၉၁
၃။ ဒေါ်ခင်မမ ၁၃/လရန(နိုင်)၀၁၈၄၉၁
၄။ ဒေါ်မြအေး ၁၃/လရန(နိုင်)၀၁၈၂၄၄

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၇၁၉၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် ၉/မမန(နိုင်)၀၂၁၅၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၉၆၈၃၆ Honda Click 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးရဲမွန်သန့် ၉/ခမစ(နိုင်)၀၄၃၉၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ နယ်မြေ(၁၉)၊ ကွင်းအမှတ်(မန်အိုင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၃၆၀)၊ မြေချိန်ဧရိယာ ၀ဒသမ ၁၉၀ဧကရှိ မြေကွက်ကို ဦးခင်မောင်ထွေး အမည်ပေါက်ပိုင်ဆိုင်လျက်ရှိရာ ယင်းမြေကွက်အား ၂၈-၂-၂၀၁၆ရက် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ ကျွန်တော် ဦးမင်းထိုက်မှ တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းမြေကွက်အား အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်လိုပါက ရက် ၂၀ အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာလိုက်သည်။
**ဦးမင်းထိုက် ၁၃/လရန(နိုင်)၁၂၄၃၃၀**

## သွာနုတ္တသားသမီးများအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ဘုရားဖြူရပ်ကွက်၊နယ်မြေ(၂)၊ ရေထွက်ဦးလမ်း၊ အမှတ် ၂/၄၀၁ နေ (ဦးထွက်ဖီး)-ကျွန်မ ဒေါ်နန်းတပ်တွင် သားသမီး ခုနစ်ဦးရှိသည့်အနက် သားသမီးများဖြစ်ကြသော ဦးခွန်မောင်ဆန်း ၁၃/တကန(နိုင်)၀၇၄၅၁၉၊ ဒေါ်နန်းရွှဲ ၁၃/တကန(နိုင်)၁၇၇၆၉၉၊ ဦးခွန်ထွန်းညို ၁၃/တကန(နိုင်)၁၇၂၃၄၆ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခွန်မောင်ဆန်း၊ ဒေါ်နန်းရွှဲ၊ ဦးခွန်ထွန်းညိုတို့သည် ဖခင် ဦးထွက်ဖီး ကွယ်လွန်ပြီးနောက်တွင် မိခင်ဖြစ်သူ ကျွန်မ ဒေါ်နန်းတပ်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကျွန်မအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါပြုလုပ်ပြီး ကျွန်မအား မိခင်တစ်ယောက်လိုမဆက်ဆံဘဲ မချေမငံခွန်းတုံ့ပြန်ပြောဆိုပြုမှုသည့်အပြင် နိုင်လိုမင်းထက်ပြုလုပ်မှုများ အကြိမ်ကြိမ်အခါအခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့ကြေညာပါသည့်ရက်မှစ၍ ၄င်းတို့အား သွာနုတ္တသားသမီးများအဖြစ် သတ်မှတ်ကာ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်း ၄င်းတို့နှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်နန်းတပ် ၁၃/တကန(နိုင်)၀၇၄၅၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၆၈၉၇၉ KENBO M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၇/တငန(နိုင်)၁၄၁၀၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၁၅၀၁ Honda C 90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဌေးဝင်း ၅/မရန(နိုင်)၀၃၁၅၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၂၃၅၆၇ ဂျာလင်း M/C ယာဉ်လက်ဝယ်ရှိသူ ဦးရွှေပြေ့ ၅/အရတ(နိုင်)၀၆၀၈၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

## အမည်ပြောင်း

ဦးစိုးအောင်၏ သားနှင့် သမီးဖြစ်ကြသော မုံရွာမြို့ အမက(၄) တတိယတန်း(ခ)မှ မောင်ညီညီဇော်အား မောင်စိုင်းဝသန်ဟုလည်းကောင်း၊ မဇင်ဇင်ဇော်အား မဇွန်ဝသန်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။
**မောင်စိုင်းဝသန်၊ မဇွန်ဝသန်**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ အေးသာယာရပ်နေ မခိုင်မာထွန်း (ဘ) ဦးသန်းထွန်း ၅/မရန(နိုင်)၁၄၆၆၄၂ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။
**ဖုန်း-၀၉-၉၆၂၁၃၂၉၇၁**

## မိဘအမည်မှန်

တန့်ယန်းမြို့နယ်၊ မိုင်းကောင်၊ အထက အဌမတန်းမှ နန်းဆိုင်ဟွမ်၏ မိဘအမည်မှန်မှာ ဦးဆန်ထွန်း ၁၃/တယန(နိုင်)၀၄၃၉၄၇ နှင့် ဒေါ်နန်းခမ်းအိမ် ၁၃/တယန(နိုင်)၀၁၃၀၆၇ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၁၁/ဓ၊ ဗျူဟာလမ်းရပ်)၊ ဧရိယာ ၀ဒသမ ၂၀၂ဧကရှိ မြေကွက်အား ဦးခင်မောင်ဦး အမည်ပေါက်ပိုင်ဆိုင်ပြီး သမီး ဒေါ်မာလာဦးသို့ ဂရန်အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ရက်ပေါင်း ၁၄ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ဒေါ်မာလာဦး ၁၃/လရန(နိုင်)၀၀၀၁၀၄**

## အများသိစေရန်

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၉)၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)၊ ဦးပိုင်အမှတ်(၃၉)၊ မြေချိန်ဧရိယာ ၀ဒသမ ၄၃၇ဧကရှိ ဒေါ်မာကိုင်မှ အမည်မြေအား ဦးသိန်းညွန့် ၁၃/လရန(နိုင်)၀၂၅၆၄၆ အား ၃၉/A၊ ဧရိယာ ၀ဒသမ ၀၄၅၈ဧက လွှဲပြောင်းရောင်းချပြီးဖြစ်၍ ဦးသိန်းညွန့်မှ မြေငှားဂရန် ဦးပိုင်ခွဲ အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုသူရှိက ရက် ၂၀ အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးသိန်းညွန့် ၁၃/လရန(နိုင်)၀၂၅၆၄၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်သန်း အသက်(၇၉)နှစ်
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊မလှိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)(ငြိမ်း)**
**အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသပါတီကော်မတီ**
**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(ငြိမ်း)**

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊လမ်း(၂၀)၊ ၈၀-၈၁လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ အမှတ် ၃၆နေ (ဦးထွန်းလင်း-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးဘစံ-ဒေါ်ခင်အေး)တို့၏သားသမက်၊ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ဦးဝိစာရအိမ်ရာ၊တိုက် ၁၄၊ အခန်း ၁၃နေ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ မြစ်ငယ်မြို့နေ ဒေါ်နုနုရီ၏အစ်ကိုကြီး၊ ဦးအောင်ညွန့်လွင်(ကျော်သာဆောက်လုပ်ရေးကုမ္ပဏီ၊ မန္တလေးရုံး)၊ဒေါက်တာနီနီသန်း(ပါမောက္ခ၊ဓာတုဗေဒဌာန၊ရန်ကုန်တက္ကသိုလ်)၊ဒေါက်တာနှင်းနှင်းသန်း(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်သန်း(ဌာနမှူး၊ ပြင်ပလူနာဌာန၊ အမှတ်-၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀)-ဒေါက်တာမေမြင့်ဦး(COUNTRY HEAD, SANOFI CO., LTD. MYANMAR)၊ ဒေါက်တာနေဝင်းသန်း(ကထိက၊ အသည်းနှင့်သည်းခြေလမ်းကြောင်းခွဲစိတ်ကုဌာန၊ အထူးကုဆေးရုံကြီး၊ ခုတင်-၅၀၀)-ဒေါ်စိုးစိုးအောင်(MD,MYANMAR CALCIUM INDUSTRY CO.,LTD.)၊ ဒေါ်မိုးမိုးသန်း [KISCO (T) LTD]-ဦးအောင်မင်းသန့်(MD, KKG Co.,LTD.)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မမေသက်နှင်း၊ မောင်ရဲအာကာ၊ မသုသုသန်းအောင်၊ မမိုးယုယုသန်းအောင်၊ မောင်မင်းသန့်လင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၂-၂၀၁၆ရက်တွင် အထက်ပါ ဦးဝိစာရအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်သန်း
**အသက်(၇၉)နှစ်**

ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန၊ ပါမောက္ခ ဒေါက်တာနီနီသန်းနှင့် ဒဂုံတက္ကသိုလ်၊ ဓာတုဗေဒဌာန၊ ပါမောက္ခ ဒေါက်တာနှင်းနှင်းသန်းတို့၏ဖခင် ဦးခင်မောင်သန်း အသက်(၇၉)နှစ်သည် ၂၉-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာချိုချိုဝင်း၊ ပါမောက္ခ(ဌာနမှူး)**
**ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်**
**နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း-ဒေါ်စေးစေးတို့၏မိခင်ဖြစ်သူ ဒေါ်ခင်မြဝေသည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**မြန်မာ့သစ်လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြဝေ (DINKY) [ကလောမြို့]
**အသက်(၇၈)နှစ်**

ဗိုလ်မှူးထွန်းမြင့် (တပ်မတော်-လေ၊ ငြိမ်း)၊ (ဒဂုံ/သာကေတမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးဇော်မင်း-ဒေါ်စေးစေးတို့၏မိခင်ဖြစ်သူ ဒေါ်ခင်မြဝေ (DINKY) ကလောမြို့သည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊**
**ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြဝေ
**အသက်(၇၈)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း၏မိခင်ဖြစ်သူ ဒေါ်ခင်မြဝေသည် ၂၉-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သစ်တောဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြဝေ
**အသက်(၇၈)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း၏မိခင်ဖြစ်သူ ဒေါ်ခင်မြဝေသည် ၂၉-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြဝေ
**အသက်(၇၈)နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ်(၂၄)မှ ဒုဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) (ဒု-ညွှန်ချုပ်၊ သစ်တောဦးစီးဌာန)-ဒေါ်စေးစေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်မြဝေ အသက်(၇၈)သည် ၂၉-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းဆင်းသူငယ်ချင်းများ**
**D.S.A(၂၄) Intake**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန် ဒါယိကာမကြီး
## ဒေါ်စောကြည်(ခတ္တိယ) အသက်(၉၇)နှစ်
**လှတင့်တယ်(၁၀၈) ဘီရုံ၊ သိမ်ကြီးဈေး**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၉၂နေ (ဦးဘိုးနွယ်-ဒေါ်ဖွား)တို့၏သမီး၊ (ဦးကျော်ညွန့်)၏ဇနီး၊ ဦးအာလောက(အောင်ဓမ္မရိပ်သာ)၊ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်တိုးတိုး၊ဦးသောင်းဆွေ-ဒေါ်ခင်စန်းကြည်၊ ဦးဇော်ထူး-ဒေါ်သူဇာနွယ်၊(ဦးအောင်ကျော်မြင့်)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်စောကြည်သည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၆း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Mr. Daya Ram
**ပါမောက္ခ၊ဌာနမှူး(ငြိမ်း)၊ အင်္ဂလိပ်စာဌာန**
**နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်**
**အသက်(၈၀)**

UK, Wigan မြို့နေ Daw Cecilia James ၏ခင်ပွန်း၊ Ashok D. Ram, Arvind D.Ram - Nanda Min, Radhika D.Ram - Paul Gill တို့၏ ချစ်လှစွာသောဖခင်၊ Jason Gill ၏အဘိုးသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁း၁၀နာရီတွင် UK,Wigan နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၆ရက် UK နိုင်ငံ စံတော်ချိန် ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြဝေ (DINKY)
**(ကလောမြို့)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက် ၃၁၊ အခန်း ၄၊ ဦးဝိစာရအိမ်ရာနေ (ဦးမာတင်-ဒေါ်သီလ)တို့၏သမီး၊ ဗိုလ်မှူးထွန်းမြင့်(တပ်မတော်-လေ၊ ငြိမ်း၊ ဒဂုံ၊ သာကေတမြို့နယ်၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊(ဦးထွန်းဇော်)-ဒေါ်နုနုရီ၊ ဒုဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန]-ဒေါ်စေးစေး၊ ဒေါ်ဥမ္မာထွန်းမြင့်(အထက-၂၊ လသာ)၊ ဒေါ်ခင်သီတာထွန်းမြင့်[(a) Grace (MLA)]တို့၏မိခင်၊ မောင်ခိုင်မိုး၊ မမြတ်ဆုဝေတို့၏အဘွားသည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ကြည်
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မနော်ဟရီလမ်း၊ အမှတ် ၃၂နေ(ဦးဘကလေး-ဒေါ်ဒေါ်တင့်)တို့၏သမီး၊ ဖယ်ယာဝယ်သာ(ဦးဘအေး)၏တူမ၊(ဦးမြအောင်)(B.A, B.L DMA)၏ဇနီး၊ (ဦးသောင်းတင်-ဒေါ်အမာ)၊(ဦးထွန်းရင်-ဒေါ်ခင်ရီ)တို့၏ညီမ၊ (ဒေါ်တင်ပို)၊ ဦးသန်းထွန်း-(ဒေါ်အမာကြည်)၊ ဒေါက်တာအောင်ကျော်ထွဋ်-ဒေါ်လှလှ၊ (ဦးမျိုးမြင့်)-ဒေါ်လှဝင်းကြည်တို့၏အစ်မသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁း၄၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု

## ဒေါ်ကြည်ကြည်သန်း
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ သဇင်မင်းအိမ်ရာ၊ တိုက်-ဒီ၊ အခန်း ၁၀၂နေ(ဦးသန်းညွန့်)-ဒေါ်မြင့်တို့၏သမီး၊ ဦးမြင့်အောင်-ဒေါ်ဖြူဖြူရှိန်တို့၏ညီမ၊ ဦးတင်အောင်လင်း-ဒေါ်မြင့်မြင့်ခင်၊ Capt.မိုးဟိန်း (Senior Marine Superintendent) Norstar Ship Management Singapore-ဒေါ်ခင်အေးကြွယ်၊ဦးသိန်းထွန်း(ဒုညွှန်ကြားရေးမှူး၊ ဗဟိုဘဏ်)-ဒေါ်နီနီထွေးတို့၏အစ်မ၊ မအိသဉ္ဇာသဲဆုလင်း(AYA Bank)၊ မအိမြတ်ချယ်လင်း(ဆေးဝါးတက္ကသိုလ်)၊ မောင်ခန့်ကျော် (Final Part I,UM-2)၊ မခင်ဟေမာန်ဟိန်း (Year-3 DMB Singapore Polytechnic)၊ မဆုမြတ်မိုးဟိန်း (Secondary-4, Singapore)တို့၏ကြီးကြီးသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့)ည ၈း၂၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းစိန် (မြိတ်မြို့)
**စား/ထွေ(ငြိမ်း)**
**အသက်(၈၄)နှစ်**

မြိတ်မြို့နေ (ဦးဘိုးလွန်-ဒေါ်စိန်)တို့၏သား၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ်ကျေးရွာနေ (ဦးကျင်စိန်-ဒေါ်လှမြိုင်)တို့၏သားသမက်၊(ဒေါ်သန်းအေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းနိုင်)၊ လန်ဒန်မြို့နေ ဦးလှစိုး-ဒေါ်မြတ်မြတ်အေး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း(တောင်)ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ် ၁၃၊ လေးလွှာ(B)နေ ဦးစိုးဝင်းထွန်း-ဒေါ်စန္ဒာအေးတို့၏ဖခင်၊ ကိုချစ်မြတ်နိုးအောင်-မချိုနွယ်ဝင်း၊ မဆွေဇင်စိုး၊ မောင်မင်းသန့်ထွန်း၊ မစံပယ်ဖြူ@ Sarch Soe တို့၏အဘိုး၊ မချိုထက်မြတ်အောင်၏ဘိုးဘိုးကြီးသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၂၅နာရီတွင် အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ချမ်းသာလမ်း နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းအောင်
**(C.D.C 22950)**
**(VICTORIA SHIPPING)**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၃၄/၃၆နေ (ဦးချန်တင် - ဒေါ်ခင်အေး)တို့၏သား၊ (ဒေါ်စုစုတင်)၏မောင်၊ ဦးသိန်းထွန်း-ဒေါ်စုစုကြည်၊ ဒေါ်စုစုချို၊ ဒေါ်စုစုအေးတို့၏အစ်ကို၊ ဒေါက်တာရဲရင့်ထွဏ်း၏ဘကြီးသည်၂၉-၁၁-၂၀၁၆ရက်မွန်းလွဲ ၂း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၁-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဆရာမ ချယ်ရီ(ခ) Nu Thian Cin Hung အစား ဆရာမ ချယ်ရီ(ခ) Nu Thian Kyin Hung ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရဟန်းဒါယကာကြီး
## ဦးခင်မောင်
**အသက်(၉၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နွယ်တန်းကျေးရွာနေ (ဦးထွန်းအေး-ဒေါ်ကြာစေ့)တို့၏သား၊ (ဒေါ်ညွန့်တင်)၏ခင်ပွန်း၊ ဒေါ်ကြင်ငွေ၊ ဦးမင်းဒင်၊ ဦးတင်ညိုတို့၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မသီရိကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၏ခမည်းတော်၊ ဦးသန်းမြ-ဒေါ်ခင်နွယ်ဦး၊ဒေါ်မြင့်သိန်း၊ (ဦးတင်ချစ်)-ဒေါ်သိန်းမြင့်၊ ဦးသန်းအေး-ဒေါ်ဝင်းလှ၊ ဦးဝင်းမောင်-ဒေါ်တင်ငွေ၊ (ဦးမြဝင်း)-ဒေါ်တင်မွေး၊ ဦးမောင်နိုင်-ဒေါ်မြင့်မြင့်မော်တို့၏ဖခင်၊ မြေး ၂၀၊ မြစ် ၂၃ယောက်တို့၏အဘိုးသည် ၂၈-၁၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သဒ္ဓမ္မသီရိကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် သဒ္ဓမ္မသီရိကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းတင် (အုပ္ပိ)
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ် (၁)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့်အနော်ရထာလမ်းထောင့်၊အမှတ် တ-၇၄/၇-၈နေ (ဦးကုလား-ဒေါ်ရှု)တို့၏သမီး၊ (ဒေါ်ကျင်မြ)၊ (ဦးစံဒွေး-ဒေါ်သန်းရီ)တို့၏ညီမ၊ ဒေါ်အေးမို၏အစ်မ၊ (ဦးသာဒွေး-ဒေါ်ခင်သန်းနွဲ့)၊ ဦးဝင်းနိုင်-ဒေါ်တင်စိန်၊ (ဦးအေးနိုင်)-ဒေါ်သန်းသန်းနွယ်၊ ဦးအေးလွင်-ဒေါ်လွင်မာစိုး၊ (ဦးဝင်းဖေအောင်)-ဒေါ်ခင်မာဦးတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား၊ ဦးတင်မောင်၏ချစ်လှစွာသောဇနီးသည် ၂၈-၁၁-၂၀၁၆ရက်(တနင်္လာနေ့) ည ၇း၁၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဒဂုံမြို့သစ်အရှေ့ပိုင်း နေအိမ်မှကားများ မွန်းလွဲ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးသန်းစိန် (မြိတ်)
**သက်ကြီးကန်တော့ခံ**
**အသင်းဝင်အမှတ်(၁၀၅၅)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ် ၁၃၊ ၄/ဘီနေ (ဒေါ်သန်းအေး)၏ခင်ပွန်းသည် ၂၈-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အသင်းမှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်သန်းသန်းနွဲ့
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ ကြောင်မျက်ရှင်လမ်း၊ အမှတ် ၅နေ(ဦးမောင်ငြိမ်း-ဒေါ်ငြိမ်းတင်)တို့၏သမီး၊ (ဒေါ်အေးသန်းမြင့်)၊ (ဦးအောင်မြင့်)-ဒေါ်တင်ရီတို့၏ညီမ၊ ဦးသိန်းရွှေ - ဒေါ်စန်းစန်းညွန့်တို့၏ အစ်မ၊ ဦးအောင်နိုင်-ဒေါ်အေးအေးဝင်း၊ ဦးလှဌေး-ဒေါ်မိုးသူအောင်၊ ဦးအောင်ခိုင်-ဒေါ်နီနီအောင်၊ဒေါ်နီနီအောင်၊ဦးအောင်ခိုင်ထွန်း - ဒေါ်နီနီမာတို့၏ အဒေါ်၊ ဦးကျော်ဝဏ္ဏ-ဒေါ်ထိုက်ထိုက်ငြိမ်းအေး၊ ဦးဇာနည်ထက်အောင် - ဒေါ်ပိုက်ပိုက်ငြိမ်းအေး၊ မနန္ဒာအေးတို့၏ကြီးကြီး၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညာဇောတ
**ပဓာနနာယကဆရာတော်**
**ဓမ္မာစရိယ(ပါဠိပါရဂူ)**
**မှော်ရုံကျောင်းတိုက်**
**သရက်ကုန်းရပ်၊ သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်**
**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ဆီမီးခုံမြို့၊ စားကြူးကျေးရွာနေ ခမည်းတော် ဦးဘိုးစိန်-မယ်တော် ဒေါ်တင်ကြွယ်တို့၏သား ဦးကြည်အေးသည် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) ၂၆-၁၁-၂၀၁၆ရက်(စနေနေ့)ည ၈း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် နတ်တော်လဆန်း ၄ရက်) ၃-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မှော်ရုံကျောင်းတိုက်မှ မုပွန်ရပ်ကွက် အိုးရုံသုသာန်သို့ အန္တိမဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတပည့်သာဝကများ

## ဦးမောင်သာလှ
**(ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာ)**
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ အလောင်းဘုရားလမ်း၊ အမှတ် ၁၉၇နေ (ဦးဖသထော်-ဒေါ်မြပန်း)တို့၏သား၊ ဦးဦးစောသာ-ဒေါ်ခိုင်လှစိန်၊ ဦးမောင်ဖြူ-ဒေါ်သိန်းကြိုင်၊ ဦးဖြူသာဦး(ခ)ဦးသာဦး-ဒေါ်နှင်းအေးစိန်တို့၏မိခင်၊ (ဒေါ်အညို)၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဝင်း(ဒုတိယရဲမှူး၊ ငြိမ်း) အသက်(၉၀)
**ထားဝယ်မြို့**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်၊ အောင်သုခလမ်း၊ အမှတ် ၁၄၇နေ (ဦးဖစု-ဒေါ်အိုရင်)တို့၏သား၊ (ဒေါ်တင်မြ၊ မူအုပ်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ဝါဝါနိုင်၊ ဦးခင်အောင်ဝင်း-ဒေါ်စန်းမြင့်ရှိန် (ကိုဝင်း ဗီဒီယို/ဓာတ်ပုံ)၊ (ဒုရဲအုပ်ဝင်းနိုင်)၊ ဦးဝင်းလှိုင်-ဒေါ်သင်းသင်းထိုက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၈-၁၁-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မောင်ကြူ
**တရားလွှတ်တော်ရှေ့နေကြီး (နိုတြီပဗ္ဗလစ်)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၂၂၃/၂၂၅နေ (ဦးချမ်းရွှေ-ဒေါ်အေးခင်)တို့၏သား၊ ဒေါ်ခင်ခင်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးပညာသာမိ၊ ကျိုက်ဖောဓိအရှေ့ကျောင်း၊ ဦးတင်မောင်ဟန်-ဒေါ်မြင့်မြင့်အောင်၊ ဒေါက်တာခင်မေသန်း၊ ဦးစိုးဝင်း-ပါမောက္ခဒေါက်တာခင်မေသင်း(သားဖွားမီးယပ်)၊ ဦးနိုင်ဇာမြင့်၊ ဒေါက်တာခင်မေလင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ဝေယံမင်းဟန်-မဆုမြတ်ဆွေ(USA)၊ မောင်စည်သူအောင်-မခိုင်မိုမိုသဲ၊ မခိုင်ချိုချိုသဲ၊ မောင်ဖွဲ့သူရိန်ကျော်၊ မသင်းယမုံဝင်း၊ မောင်စွမ်းထက်နိုင်၊ မောင်ထက်မြတ်နိုင်တို့၏အဘိုးသည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကြီးမြင့်(ခ)တန်ကီဘင်း
**ပဲခူးမြို့၊ ကွမ်းရင်စီဘုရားကျောင်းရာသက်ပန်**
**(ဂုဏ်ထူးဆောင်နာယကကြီး)**
**မဟာကံထူးရှင်အမွေးတိုင်၊ ပါဝါဆပ်ပြာလုပ်ငန်း**
**ကျားပျံမိသားစုဖခင်ကြီး (ဘုရင့်နောင်)**
**အသက်(၈၅)နှစ်**

ပဲခူးမြို့နေ (ဦးချိန်စန်း-ဒေါ်သန်း)တို့၏သား၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ် ၁၈နှင့် ရန်ကုန်မြို့၊လသာမြို့နယ်၊လမ်း ၂၀၊ အမှတ် ၄၀နေ ဒေါ်ခင်ကြူး၏ချစ်လှစွာသောခင်ပွန်း၊ ဘုရင့်နောင်ပွဲရုံတန်းနေ ဦးစိန်း(U Seinn Co.,Ltd.)တို့၏အစ်ကို၊ ဦးစန်းမောင်၊ ဒေါ်စန်းစန်း-ဦးအုန်းလှိုင်၊ ဦးစန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းအေး-ဦးသိန်းဝင်း(ရွှေပန်းသီး ဂျုံစက်)၊ ဦးစန်းအောင်-ဒေါ်ခင်မြတ်လွင်၊ ဒေါ်စန်းရီ-ဦးမြင့်လှိုင်၊ ဦးစန်းထွေး-ဒေါ်ခင်စန်းလွင်၊ ဒေါ်စန်းစန်းအိ-ဦးကံညွန့်၊ ဒေါ်ခင်ချိုအေးတို့၏ဖခင်၊ မြေး ၂၅ယောက်၊ မြစ်နှစ်ယောက်၊ တူ၊ တူမ ၁၇ယောက်တို့၏အဘိုးသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၉း၄၀နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ကိုကို(ခ)ဦးတင်ကိုဝင်း (သန်လျင်)
**ဇာတ်မင်းသားကြီး**
**(မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး)**
**အသက်(၄၉)နှစ်**

သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ကျောင်းလမ်းနေ (ဦးအောင်သန်း)-ဒေါ်ခင်နွဲ့တို့၏သား၊ ဦးဝင်းသိန်း-ဒေါ်သန်းသန်းဦးတို့၏ညီမောင်၊ ဦးတင်ချိုဝင်း(ခ)ဦးချိုကြီး-(ဒေါ်လှဲ့လှဲ့ဦး)တို့၏အစ်ကိုသည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# စာရင်းအင်းများ တိကျမှန်ကန်မှုမရှိလျှင် မူဝါဒချမှတ်မှုနှင့် စီမံကိန်းရေးဆွဲမှုများ မှားယွင်းနိုင် လက်တွေ့အခြေအနေမှန်များနှင့် ကင်းကွာမှုမရှိစေရန် အထူးဂရုပြုကြရမည်ဖြစ်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီအစည်းအဝေး(၃/၂၀၁၆)တွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၉**

အခြေခံစဉ်းစားရမည့် စာရင်းအင်းများ တိကျမှန်ကန်မှုမရှိလျှင် မူဝါဒချမှတ်မှုနှင့် စီမံကိန်းရေးဆွဲမှုများ မှားယွင်းနိုင်ပါကြောင်း၊ အခြေအနေမှန်များကို အခြေပြုသည့် ကိန်းဂဏန်းမှန်များ ရရှိရန် လိုအပ်ကြောင်း၊ စာရင်းအင်းများသည် လက်တွေ့အခြေအနေမှန်များနှင့် ကင်းကွာမှုမရှိစေရန် အထူးဂရုပြုကြရမည်ဖြစ်ကြောင်း စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပသည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအစည်းအဝေး(၃/၂၀၁၆)တွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ခေတ်စနစ်နှင့်ကိုက်ညီသည့် မြန်မာနိုင်ငံစာရင်းအင်းဥပဒေသစ်ကို မူကြမ်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့တင်ပြနိုင်

*စာမျက်နှာ ၅ ကော်လံ ၁* ❁

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၉

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာ၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းရသည်။ (မိုး/ဇလ)

## ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် အောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်လျက်ရှိ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် နှစ်ပေါင်းများစွာဝေးကွာနေသော ဆီမီးဖိုင်နယ်အဆင့်သို့ ၁၂ နှစ်အကြာတွင် ပြန်လည်တက်ရောက်နိုင်ခဲ့ပြီး ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ရမည့် ဆီမီးဖိုင်နယ်တွင် အောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် မြန်မာနှင့် ထိုင်းအသင်းတို့၏ ဆီမီးဖိုင်နယ် ပထမအကျော့ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍



၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲတွင် တစ်ခဲနက်လာရောက်အားပေးနေသည့် မြန်မာဘောလုံးပရိသတ်များ

